# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၅ | ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့စီစဉ် ဆောင်ရွက်ထားပါသည်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စုတွင် ယခင်ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ ၆.၃၃၆ ဧကအနက်မှ စိုက်ပျိုးရေးကိုဒေါင်ဆောက်လုပ်ရန်အတွက် ၁၉၇၈-၁၉၇၉ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနက ရယူခဲ့သော မြေဧရိယာ ၂.၁၉၉ ဧကအား ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ်ဧရိယာ ရေကန်ပြင်တွင် ရေချိုငါးစီးပွားဖြစ်မွေးမြူရေးနှင့် သဘာဝငါးမွေးမြူရေး သုတေသနစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၉ | စေတုတ္တရာမြို့နယ်၊ စလင်း-စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုးများနှင့် တယ်လီဖုန်း Connection Box များမှာ လဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများ နှစ်နှင့်ချီ၍ ကြာမြင့်စွာ ဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၀ | ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်)၏ ရေလယ်တိုင်များကြောင့် တံတား၏အထက်နှင့် အောက်ဘက်တို့တွင် သောင်များဖြစ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှ ကာကွယ်ရန် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းကို မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |

၁၁ သံဖြူဇရပ်မြို့ အမှတ်(၃) သုခကာရီရိပ်သာ၏ မျက်နှာစာတွင် ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲတံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း ၃၃

၁၂ ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဘောတံတား(Jetty)အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အထက် (၄၈ x ၂၀ x ၆.၅) ပေ တလင်းပေါင်းကူးတံတားအား အသေးစားနှစ်စင်း သို့မဟုတ် ကြားခံ (Jetty) သံမဏိဆိပ်ခံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၈

၁၃ ပြည်တွင်းသို့ မော်တော်ကားများတင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သော နှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့အား လမ်းဘေးတွင်ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခ တို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနဲ့မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၂

၁၄ အန္တရာယ်ရှိ ကုန်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီအရောင်းဆိုင်များ ဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လိုအပ်သောသင်တန်းများကို သင့်လျော်သော ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဦးစီးဌာနက သင်တန်းများပေးရန်နှင့် အသိအမှတ်ပြုလက်မှတ် ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၄၈

၁၅ မက်မန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မက်မန်း) တွင် (၁၀၀x ၃၀) ပေနှစ်ထပ် စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၅၄

၁၆ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာဆရာမများကို အခြားသော အ.ထ.က ကျောင်းများကဲ့သို့ ခွဲဝေ(၁၂)ဦးနှင့်အညီ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၅၆

၁၇ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ နားယုန့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) အား လာမည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၅၉

| | | |
|---|---|---|
| ၁၈ | ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဒေသသင်ရိုးရေးဆွဲနိုင်ရန် တိကျသည့်မူဝါဒ ချမှတ်ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများပါဝင်ဆွေးနွေးခွင့် ရရှိနိုင်သည့် ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် အချိန်မီ စာအုပ်ရိုက်နှိပ်နိုင်ရန်အတွက် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆၂ |
| ၁၉ | ဘုတ်ပြင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဥပဓိရုပ်မကောင်းတော့သည့် နဝရက်(ခန်းမ) အဆောက်အဦနေရာတွင် (၁၅၀x ၃၀x ၂၂) ပေ အရွယ်အစားရှိ စံကိုက်(၂)ထပ် ပင်မကျောင်း ဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆၇ |
| ၂၀ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကိုတင်သွင်းခြင်း | ၇၀ |
| ၂၁ | မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၇၁ |
| ၂၂ | ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့် အခြေခံပညာမူလတန်းသင် ဆရာဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်း များ၏လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား/သူများကို ဦးစားပေး ခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၈၂ |
| ၂၃ | ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၁၀၇ |
| ၂၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၁၀ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၁၅)ရက်မြောက်နေ့ အစီအစဉ်

## [ ၅–၆–၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ တန့်အယ် ကျေးရွာအုပ်စုရှိ လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးလုပ်ကိုင် နိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံ ဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်း ကျေးရွာအုပ်စုတွင် ယခင်ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ (၆.၃၃၆) ဧက အနက်မှ စိုက်ပျိုးရေးဂိုဒေါင် ဆောက်လုပ်ရန်အတွက် ၁၉၇၈– ၁၉၇၉ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနက ရယူခဲ့သော မြေဧရိယာ (၂.၁၉၉) ဧကအား ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ် ဧရိယာ ရေကန်ပြင်တွင် ရေချိုငါး စီးပွားဖြစ် မွေးမြူရန်နှင့် သဘာဝ ငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်၊ စလင်း–စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုး များနှင့် တယ်လီဖုန်း Connection box များမှာ လဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများ နှစ်နှင့်ချီ၍ ကြာမြင့်စွာ ဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ် ဧရာဝတီ တံတား (ထီးချိုင့်) ၏ ရေလယ်တိုင်များကြောင့် တံတား၏အထက်နှင့် အောက်ဘက်တို့တွင် သောင်များဖြစ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှ ကာကွယ်ရန် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းကို မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့ အမှတ်(၃) သုခကာရီ ရိပ်သာ၏ မျက်နှာစာတွင် ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲ တံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံ တံတားနှင့် ဘောတံတား(Jetty)အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အထက် (၄၈× ၂၀× ၆.၅) ပေ တလင်းပေါင်းကူးတံတားအား အသေးစား (၂) စင်း သို့မဟုတ် ကြားခံ (Jetty) သံမဏိဆိပ်ခံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **ပြည်တွင်းသို့ မော်တော်ကားများ တင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သော နှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့အား လမ်းဘေးတွင် ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခတို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနှင့် မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **အန္တရာယ်ရှိ ကုန်ပစ္စည်း များအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီ အရောင်းဆိုင်များ ဆီဘောက်ဆာ ယာဉ်များတွင်**

**လုပ်ကိုင် ဆောင်ရွက်နေသူများအား လိုအပ်သော သင်တန်းများကို သင့်လျော်သော ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန် နှင့် အသိအမှတ်ပြု လက်မှတ်ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(မက်မန်း)တွင် (၁၀၀× ၃၀) ပေ နှစ်ထပ် စာသင်ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင် အခြေခံ ပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများ ကို အခြားသော အ.ထ.က ကျောင်းများကဲ့သို့ ခွဲဝေ (၁၂)ဦးနှင့်အညီ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန် ကျေးရွာအုပ်စု၊ နားယုန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား လာမည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဒေသသင်ရိုး ရေးဆွဲနိုင်ရန် တိကျသည့် မူဝါဒချမှတ် ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများ ပါဝင်ဆွေးနွေးခွင့် ရရှိနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် အချိန်မီ စာအုပ်ရိုက်နှိပ် နိုင်ရန်အတွက် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **ဘုတ်ပြင်းမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ဥပဓိရုပ် မကောင်းတော့သည့် နဝရတ်(ခန်းမ) အဆောက်အဦနေရာတွင် (၁၅၀× ၃၀× ၂၂)ပေ အရွယ်အစားရှိ စံကိုက်(၂)ထပ် ပင်မကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်က တင်သွင်းသည့် **"အခြေခံပညာ မူလတန်းသင် ဆရာ၊ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသား ဒေသ ကျေးရွာ ကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊ သူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၊

(ခ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(ဃ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

( င ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၊

( စ ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ရှိသည့်အနက် ၃၇၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်

၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၂ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၃) မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်၊

(၄) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၅) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး(ခ)ဦးစိုင်းဝင်းအေး ခွင့် ၃ ရက်၊

(၆) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၇) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၈) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊

(၉) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၀) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၁၁) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၂ ရက်၊

(၁၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၁၃) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၂ ရက်၊

(၁၄) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၂ ရက်၊

(၁၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၆) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၂ ရက်၊

(၁၈) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၂ ရက်၊

(၁၉) မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် ခွင့် ၁ ရက်၊

(၂၀) မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး ခွင့် ၃ ရက်၊

(၂၁) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၃ ရက်၊

(၂၂) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၃ ရက်၊

(၂၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၃ ရက်၊

(၂၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၃ ရက်၊

(၂၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊

(၂၆) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၃ ရက်၊

(၂၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၂၉) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၃၀) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၃၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊

(၃၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၃ ရက်၊

(၃၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊

(၃၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်နှင့်

(၃၅) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြိုတင်ပြည့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လှိုင်လင်မြို့နယ်၊ တန့်အယ်ကျေးရွာအုပ်စုရှိ လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးလုပ်ကိုင်နိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင့် ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စု ကုန်းကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့က ရောက်ရှိခဲ့ပြီး ဒေသခံ မဲဆန္ဒရှင်မိဘပြည်သူများအား လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးတိုင်ပင်ခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်ခင်ဗျား။ မဲဆန္ဒနယ်ရှင်မိဘပြည်သူများ ဆွေးနွေးတင်ပြသည်မှာ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စု၊ တန့်အယ်ကျေးရွာနှင့် ကုန်းကျောင်းရွာပတ်ဝန်းကျင်တွင် ဆန်စပါးကို အဓိက စိုက်ပျိုးသည့် လယ်ယာမြေဧက စုစုပေါင်း ၁၀၀၀ ကျော်ရှိပြီး စိုက်ပျိုးရေရရှိနိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းမှ တောင်သူလယ်သမားများစုပေါင်း၍ ဒေသထွက်တောသစ်များဖြင့် လက်လုပ်ဆည်များ ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်နှစ်ခုပြုလုပ်၍ ရေသွယ်မြောင်းများ ဖောက်လုပ်ပြီး နှစ်စဉ် မိုးစပါးစိုက်ပျိုးခဲ့ပါကြောင်း တင်ပြပါတယ်။

မိုးတွင်းကာလ တောင်ကျချောင်းရေများ စီးဝင်မှုကြောင့် နမ့်ပွန်ချောင်းရေမြင့်တက်ပြီး လက်လုပ်ဆည်များမှာ နှစ်စဉ်ပြိုကျပျက်စီးခဲ့ရပြီး လယ်ယာမြေဧက ၁၀၀၀ ကျော်မှာ စပါးအပြည့်အဝ စိုက်ပျိုးရန် အခက်အခဲများကြုံတွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးနိုင်ပါရန် မဲဆန္ဒရှင်တောင်သူလယ်သမားများက တင်ပြလာခဲ့ပါတယ်။ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စု တန့်အယ်ကျေးရွာအနီးတွင်တည်ရှိသည့် ဖိုင်လုံဆည်၏ အကျိုးပြုလယ်ယာမြေဧကမှာ ၃၀၀ ကျော်ရှိပြီး ကုန်းကျောင်းရွာအနီးရှိ ကုန်းကျောင်းဆည်၏အကျိုးပြုလယ်ယာမြေဧကမှာ ၇၀၀ ကျော်ရှိကြောင်း တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံမိဘပြည်သူ တောင်သူလယ်သမားများ မိုးစပါးအပြည့်အဝ စိုက်ပျိုးနိုင်ရန် ရည်ရွယ်လျက် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စုရှိ လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးလုပ်ကိုင်နိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါမည်နည်း အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စုမှာရှိတဲ့ လယ်ယာမြေတွေ အပြည့်အဝစိုက်ပျိုးလုပ်ကိုင်နိုင်ဖို့ ရေစီးရေလာကောင်းမွန်တဲ့ နမ့်ပွန်ချောင်းပေါ်မှာ ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည် တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ လွိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စု နမ့်ပွန်ချောင်းပေါ်မှာရှိတဲ့ ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်တို့ဟာ ဒေသနေတောင်သူတွေ ကိုယ်ထူကိုယ်ထအစီအစဉ်နှင့် ဆောင်ရွက်ထားတဲ့ လက်လုပ်ဆည်များဖြစ်ပါတယ်။

မိုးရာသီကာလ ရေကြီးချိန်မှာ နမ့်ပွန်ချောင်းရေစီးတိုက်စားမှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတွေဖြစ်ပေါ်လျက်ရှိတဲ့အတွက် နှစ်စဉ် ပြန်လည်ပြုပြင်ဆောင်ရွက်နေရပြီး စိုက်ပျိုးရေအခက်အခဲလည်းတွေ့ကြုံနေရတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် တန့်အယ်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ တောင်သူလယ်သမားများ စိုက်ပျိုးရေရရှိဖို့အတွက် ဖိုင်လုံဆည်နှင့် လက်လုပ်ဆည်တို့ကို သစ်ရိုက်ကျောက်ဖြည့်ဆည်များအဖြစ် တည်ဆောက်ပေးဖို့နှင့် ရေသွယ်မြောင်းများ ပြုပြင်ပြန်လည်တူးဖော်ပေးဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ ကုန်းကျောင်းဘုန်းတော်ကြီးကျောင်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ရှိသူများအနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။ ဖိုင်လုံဆည်ကို အလျားပေ ၁၀၀၊ အမြင့် ၉ ပေမှာရှိတဲ့ သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် တည်ဆောက်ရမှာဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ

တွက်ချက်မှုများတွင် ကျပ်သန်း ၆၀ ခန့်ကုန်ကျမှာဖြစ်ပါတယ်။ တစ်ဧက ၃၀၀ ကျော်ကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်မယ့်အခြေအနေဖြစ်ပါတယ်။

အလားတူပဲ ကုန်းကျောင်းလက်လုပ်ဆည်ကို အလျား ၁၄၅ ပေ၊ အမြင့် ၁၀ ပေရှိတဲ့ သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် တည်ဆောက်ရန်ဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျငွေအနေနဲ့ ကျပ် ၇၅ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ အဲဒီ သစ်ရိုက်ကျောက်ဖြည့်ဆည်အနေနဲ့ လယ်ဧက ၇၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ခိုင်လုံတဲ့ ကုန်းကျောင်းလက်လုပ်ဆည်တွေကို သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ဖို့ လွိုင်လင်မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စား လှယ်များ၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းရေးဆွဲပြီး တင်ပြလာမှုအပေါ်မှာ မူတည်လို့ ရန်ပုံငွေခွဲဝေ ရရှိမှုကိုပါ အခြေတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်အရ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။

**ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားပါသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ နွားမွေးမြူရေးနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ခိုင်းနွား၊ နို့စားနွား၊ အသားစားနွား မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ထားရှိမှုကို မေးမြန်း ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးလက်နေတောင်သူတွေဟာ နွားမွေးမြူရေးနဲ့မစိမ်းကြပါဘူး။ အခုက နွားဈေးကွက်တွေလည်းရှိနေပြီဖြစ်တဲ့အတွက် နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စေတနာ အရ မေးမြန်းရခြင်းဖြစ်ပါတယ်။

ခိုင်းနွားတွေဟာ လယ်ယာလုပ်ငန်းခွင်မှာ စက်မှုလယ်ယာကို အပြည့်အဝမပြောင်းသေးနိုင်တဲ့ အတွက် သုံးစွဲနေရခြင်းဖြစ်ပါတယ်။ ဒီနွားတွေကတော့ ပုံစံမြင်လိုက်ကတည်းက အသားတွေအများကြီး

နဲ့မို့ အသားစားနွားတွေမှန်းသိသာပါတယ်။ ဒါတွေကတော့ နို့စားနွားပါ။ နွားတစ်ကောင်ကို နို့ရှစ်ပိဿာ၊ ၁၀ ပိဿာ၊ ၁၂ ပိဿာ စသည်ဖြင့် အနည်းဆုံးထွက်ကြပါတယ်။ ဒီလို အသားတွေ၊ နို့တွေ ရမှ ကျွန်တော်တို့ကလေးတွေရဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုတွေ၊ ခန္ဓာကိုယ်ထွားကျိုင်းမှုတွေရှိမှာဖြစ်သလို School Milk Program ဆိုတဲ့ နို့တိုက်ကျွေးရေးစီမံကိန်းမှာလည်း နွားနို့တွေရဖို့လိုပါတယ်။ အားမရ စရာကောင်းတာတဲ့အချက်က ကလေးတွေကို နိုင်ငံခြားကတင်သွင်းတဲ့ နို့ဘူးတွေကိုတိုက်နေရတဲ့အခါ မှာတော့ မွေးမြူရေးလုပ်ငန်းအတွက် အားမလိုအားမရဖြစ်ရပါတယ်။ အဲဒီတော့ ဒေသနွားမျိုးတွေ ကိုလည်း ထိန်းသိမ်းဖို့လိုပါတယ်။ အထူးသဖြင့် နွားအထီးတွေဆုံးရှုံးမှုမရှိရအောင် အရေးကြီးပါတယ်။ နွားအထီးတွေ တခြားနိုင်ငံရောက်သွားရင် ဒီနွားအထီးဟာ သူတို့နိုင်ငံမျိုးရင်းပါဆိုပြီး မူပိုင်လုပ်လို့ ရှိရင် ကျွန်တော်တို့မှာ အများကြီးနစ်နာဆုံးရှုံးမှုရှိနိုင်တဲ့အတွက် မူပိုင်ပြုလုပ်ဖို့ဆောင်ရွက်ထားဖို့ လိုပါတယ်။

ဒါက မြန်မာနိုင်ငံမှာရှိတဲ့ အင်မတန်မှချောတဲ့ တိုင်းရင်းမျိုးနွားသိုးတွေပါ။ အဲဒီတော့ နွား မွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သဘာဝသားစပ်ခြင်းလုပ်ငန်းတွေကိုလည်း စနစ်တကျဆောင်ရွက် ရမှာဖြစ်ပါတယ်။ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေမှာလည်း အထူးသဖြင့် Liquid Nitrogen ရရှိမှု က အခက်အခဲဖြစ်တဲ့အတွက် ဒါတွေကိုပိုမိုဆောင်ရွက်ပေးဖို့အတွက် လိုပါတယ်။ ဒါတွေကို စနစ်တကျ စီမံဆောင်ရွက်ပေးမယ်။ ကျွဲ၊ နွားတွေကို အမှတ်အသားပြုလုပ်ပြီးတော့ Microchip ဆိုတဲ့ Ear Tag တွေတပ်ပေးထားလို့ရှိရင် နွားတွေရဲ့သယ်ယူပို့ဆောင်မှုလုပ်ငန်းတွေရော၊ ကျွဲ/နွားအာမခံလုပ်ငန်းတွေအတွက်ပါ အဆင်ပြေနိုင် ပါတယ်။

အဲဒီတော့ နွားမွေးမြူရေးဖွံ့ဖြိုးဖို့ဆိုရင် ကိုယ်တိုင်မွေးတာတွေရှိမယ်။ မွေးဖက်ပေးတာတွေ ရှိမယ်။ မွေးဖက်ပေးတဲ့နေရာမှာလည်း ကာလတို၊ ကာလရှည်စသည်ဖြင့် စနစ်တကျစီစဉ်ဆောင်ရွက် နိုင်အောင် SOP လို့ခေါ်တဲ့ Standard Operating Procedure အရ ရေးဆွဲဆောင်ရွက်ဖို့ လိုပါတယ်။ နောက် နွားတွေကိုဖြစ်လေ့ဖြစ်ထရှိတဲ့ရောဂါမဖြစ်ပွားရအောင် ကာကွယ်ဆေးထိုးပေးရ ပါမယ်။ ဒေါင့်တန်းရောဂါ၊ လည်ချောင်းကွဲရောဂါ၊ BQ(Black Quarter)ဆိုတဲ့ ပေါင်ပုတ်လက်ပုတ် ရောဂါ၊ ခွာနာလျှာနာရောဂါကာကွယ်ဆေးတွေလည်း ထိုးပေးဖို့လိုပါတယ်။

နောက် စားကျက်နဲ့အခြားနည်းသုံးစွဲခွင့်တွေလည်း ရရှိဖို့လိုပါတယ်။ စားကျက်ရှိမှ နွားမွေးလို့ ရမှာဖြစ်ပါတယ်။ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ရမှ နွားမွေးလို့ရမှာဖြစ်ပါတယ်။ စပါးစိုက်လို့

မြတ်မယ့်ပမာဏနဲ့ မြက်စိုက်ပြီးတော့ မွေးမြူရေးလုပ်လို့ အမြတ်အစွန်းရတဲ့ပမာဏက ပိုများနေရင် ဒီကိစ္စတွေကိုလည်း အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်အောင် တွန်းအားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်မွေးတဲ့နွားနဲ့ မွေးဖက်ပေးတဲ့နွားတွေပါ။ ကျွဲ/နွားတွေ ဈေးကွက်ရှိလို့တင်ပို့တဲ့ နေရာမှာလည်း မှောင်ခိုလမ်းကြောင်းတွေရှိနေပါသေးတယ်။ ပြည်တွင်းမှာလွတ်လပ်စွာ သယ်ပို့ဖို့ အတွက် အခွင့်အရေးဆောင်ရွက်ပေးဖို့လိုသလို ပြည်ပထွက်ပေါက်တွေမှာလည်း အခုခရမ်းရောင်နဲ့ ပြထားတာက Legally ထွက်တဲ့ဟာတွေပါ။ ခုနစ်ခုလောက်ပဲရှိပါတယ်။ အနီရောင်နဲ့ပြထားတာက Illegally ထွက်ပေါက်တွေပါ။ ၁၇ ခုလောက်ရှိပါတယ်။ ဒါကြောင့် ဒီဟာတွေကိုလည်း ထိန်းချုပ်ပေးဖို့ လိုပါတယ်။ အဲဒါကြောင့်မို့လို့ နွားမွေးမြူရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်မှ ကျေးလက်နေတောင်သူ တွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်တဲ့အတွက် နွားမွေးမြူရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်မှု ရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးလက်နေ ပြည်သူတို့ရဲ့ကိုယ်စား ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မွေးမြူရေးကဏ္ဍမှာ ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ကောင်းမွန်တဲ့ရည်ရွယ်ချက်နဲ့ မေးမြန်းလိုက်တဲ့မေးခွန်းအပေါ် ဝန်ကြီးဌာနအနေနဲ့လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူခြင်းကို FAO နဲ့ Lift Fund အကူအညီနဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကနေ စတင်ဆောင်ရွက်တဲ့အခါမှာ ၂၀၁၈ ခုနှစ် မေလ အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သန်းခေါင်စာရင်းအရ ကျွဲ/နွား အကောင်ရေဟာ အားလုံး ၁၁၅၀၀၀၀၀ ခန့်ရှိတယ်လို့ စာရင်းများရရှိပါတယ်။ အဲဒီစာရင်းထဲကနေပြီး ကျွဲအကောင်ရေဟာ တစ်သန်းရှစ်သိန်းဖြစ်ပါတယ်။ ကျန် ကိုးသန်းခုနစ်သိန်းခန့်ဟာ ခိုင်းနွားနဲ့

နို့စားနွားများဖြစ်ကြပါတယ်။ ပြည်တွင်းမှာရှိတဲ့ ကျွဲ/နွားတွေအနက် စားသုံးမှု/သေဆုံးမှုစတဲ့ ခန့်မှန်းတွက်ချက်မှုတွေကို စိစစ်လိုက်တဲ့အခါမှာ နှစ်စဉ် ကျွဲ/နွားအကောင်ရေ ခုနစ်သိန်းခန့်ပိုလျှံမှုရှိနိုင်မယ့် အခြေအနေဖြစ်ကြောင်းလည်း စိစစ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအတွင်း ကျွဲ/နွားတွေ တရားမဝင်မှောင်ခိုစီးပွားဖြစ် နယ်စပ်တွေကနေထွက်ရှိမသွားရအောင်နဲ့ တရားဝင်တင်ပို့မှုကနေပြီးတော့ နိုင်ငံတော်အတွက်ဝင်ငွေဖြည့်ဆည်းပေးနိုင်ဖို့ကို ရည်ရွယ်ပြီးတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇)နဲ့အညီ စီမံဆောင်ရွက်ခဲ့တဲ့အခါမှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ ပြည်ပကိုတင်ပို့မယ့်နွားများအတွက် Ear Tag တွေတပ်ဆင်ပြီး စစ်ဆေးမှုများဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကနေ ၂၀၁၉ ခုနှစ် ဧပြီလအထိ တစ်နှစ်ခွဲခန့်နီးပါးမှာ ပြည်ပကို ကျွဲ/နွားအကောင်ရေ ငါးသိန်းကျော်လောက်နီးပါး တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ခိုင်းနွား၊ နို့စားနွားနဲ့ အသားစားနွားမွေးမြူရေးဇုန် ၂၈ ဇုန်တည်ဆောက်မှုနဲ့လည်းပဲ မွေးမြူထုတ်လုပ်ပြန်လည်ဖွဲ့စည်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ ပြည်တွင်းကျွဲ/နွားတွေမပြုန်းတီးစေဖို့အတွက် ငါးနှစ်စီမံကိန်းနဲ့သဘာဝသားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစားအစာနှင့် စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းတို့ကို ဌာနအနေနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ပူးပေါင်းပြီး ဒေသအလိုက်မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်း ကျွဲ/နွားအကောင်ရေလျော့ပါးမှုမဖြစ်စေဖို့အတွက် အရွယ်ရောက်တဲ့ကျွဲ/နွားအမတွေကို ပုံမှန်သားတင်/သားစပ်ပေးနိုင်ရေးကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိမှာ သားတင်/သားစပ်နိုင်တဲ့နွားမအကောင်ရေ ၁၄ သိန်းခန့်ရှိရာမှာ ၉၅ ရာခိုင်နှုန်းဟာ နွားသိုးတွေနဲ့သဘာဝသားတင်/သားစပ်ပြီး ကျန် ၅ ရာခိုင်နှုန်းကို မိမိတို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မေထုန်မဲ့နည်းနဲ့သားစပ်ပေးလျက်ရှိပါတယ်။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလကနေ ဖေဖော်ဝါရီလအထိ ခိုင်းနွားမျိုးရေခဲချောင်း ၁၉၇၇၅ ချောင်း၊ နို့စားနွားမျိုးရည်ခဲချောင်း ၁၆၂၀၀ ခန့်နဲ့ အသားတိုးနွားမျိုးရည်ခဲချောင်း ၁၃၀၀၀ ခန့်ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ခိုင်းနွားနဲ့နို့စားနွားမျိုးရည်ခဲချောင်းဖြန့်ဖြူးမှုဟာ ၃၆၀၀၀ ဖြစ်တဲ့အတွက် တစ်နှစ်လျှင်

ပျမ်းမျှ နွားမကောင်ရေ ၇၀၀၀ ခန့်ကို မေထုန်မဲ့နည်းနဲ့ သားစပ်နိုင်ခဲ့ပါတယ်။ နှစ်ကုန်မှာ နွားမကောင်ရေ ၈၅၀၀၀ ခန့်ကို သားစပ်လုပ်ငန်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မေထုန်မဲ့သားစပ်နွားမကောင်ရေ ၁၄၀၀၀၀ ခန့်ထိ တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်တဲ့အတွက် လိုအပ်တဲ့သွင်းအားစုမျိုးနွားသိုးတွေ၊ လုပ်ငန်းခွင်သုံးပစ္စည်းဖြစ်တဲ့ Nitrogen အရည်၊ Nitrogen အရည်ထည့်အိုး၊ သားစပ်ကိရိယာတွေကို ဝယ်ယူဖြည့်တင်းဆောင်ရွက်လျက်ရှိပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အသားတိုးနွား မွေးမြူထုတ်လုပ်ရေးတိုးမြှင့်နိုင်ဖို့ ပြည်ပကလည်း ဘရာမင်မျိုးနွားသိုးနဲ့ မျိုးရည်ခဲချောင်း ၂၀၀၀၀ ကို အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်တင်းနိုင်ရန် စီမံဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာကာလအတွင်း မျိုးမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းတွေအတွက် စုစုပေါင်းငွေကျပ်သန်းပေါင်း ၂၇၂ သန်းကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၄၀ ခန့် ကျခံသုံးစွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်းပဲ မေထုန်မဲ့သားစပ်ကျွမ်းကျင်သူတွေမွေးထုတ်ပေးနိုင်ဖို့ ဌာနရဲ့မျိုးမြှင့်တင်ရေးသင်တန်းကျောင်းတွေမှာ လစဉ်သင်တန်းများလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြီးကြပ်ရေးအဖွဲ့ဖြစ်တဲ့ National Dairy Development Board-NDDB ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ နို့စားနွားမွေးမြူဖွံ့ဖြိုးမှုနဲ့ နို့ထွက်ပစ္စည်းထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ဖို့ တည်ငြိမ်တဲ့ နို့ဈေးကွက်ပေါ်ပေါက်လာစေရေး၊ နို့တိုက်ကျွေးရေး Program ရေရှည်တည်တံ့အောင်မြင်စွာဆောင်ရွက်သွားနိုင်ရေး၊ စားသုံးသူတွေအတွက် အရည်အသွေးကောင်းဘေးကင်းထုတ်ကုန်များ ရရှိစေရေးနှင့် ဓာတ်ခွဲစစ်ဆေးရေးဆိုင်ရာ နည်းပညာအရည်အသွေးပြည့်ဝစေရေးနှင့် ကောင်းမွန်တဲ့ထုတ်လုပ်မှုစံချိန်စံညွှန်းလမ်းညွှန်ချက်များ ဖြစ်ပေါ်ရေးအတွက်ကိုလည်းပဲ စီမံဆောင်ရွက်လျက်ကြောင်းတင်ပြအပ်ပါတယ်။

ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ မိမိရဲ့ပြည်တွင်းအနေအထားအပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ပေါင်းပြီး

နည်းပညာအထောက်အကူပြုသင်တန်းတွေ၊ မေထုန်မဲ့သားစပ်လုပ်ငန်းများနဲ့ မြစိမ်းရောင်အသား ကဏ္ဍ ကျေးရွာတွေထူထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့်နို့စားနွားဖြန့်ဖြူးရေးလုပ်ငန်းစဉ်များလည်း ပါဝင်ပါတယ်။ နို့စားနွားမွေးမြူဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်ထောက်ပံ့ငွေမှ စုစုပေါင်းကျပ်သန်း ၁၀၁၀ သန်းနဲ့ နို့စားနွား အကောင်ရေ ၁၀၀၀ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ မြို့နယ် ၁၀ မြို့နယ်ကို တစ်မြို့နယ်ကျပ်သန်း ၃၀ နဲ့ မျိုးကောင်းမျိုးသန့်နို့စားနွားဖြန့်ဖြူးခြင်းကို ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲ/နွားတွေအတွက် စားကျက်မြေဟာ အရေးပါတဲ့အလျောက် ဌာနပိုင်မြက်မျိုးများ စံပြစိုက်ကွက်များစိုက်ပျိုးပြီး ဖြန့်ဝေပေးလျက်ရှိပါတယ်။ ပြည်ပစီမံကိန်းများ အကူအညီနဲ့လည်းပဲ စားကျက်မြေမြက်မျိုးစေ့တွေကိုလည်းပဲ တင်သွင်းဖြန့်ဖြူးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ ကနေလည်းပဲ စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းအစီအမံများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ နေပါကြောင်း တင်ပြရင်း ခိုင်းနွား၊ အသားစားနွားများဖွံ့ဖြိုးတိုးတက်ဖို့ အစီအစဉ် ဆောင်ရွက်ထားရှိမှု ကို သိရှိလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အများကြီးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ နွားမွေးမြူရေးလုပ်ငန်းတွေလည်းလုပ်တယ်၊ ချေးငွေလည်း ထောက်ပံ့ပေးတယ်၊ စားကျက်ဖွံ့ဖြိုးရေးတွေလည်းလုပ်တယ်ဆိုတော့ ကျွန်တော်တို့အားလုံးအတွက် စံပြနမူနာတွေဖြစ်အောင် Pilot Project ဆိုတဲ့ ရှေ့ပြေးနမူနာစံပြမြို့နယ်တွေများ ချမှတ်ဆောင်ရွက် ထားတာများရှိပါသလား၊ ရှိရင်လည်း ဘယ်မြို့နယ်တွေမှာလုပ်ထားတယ်ဆိုတာ ဖြေကြားလို့ရရင် ဖြေကြားပေးပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းက မေးခွန်းဟောင်းတစ်ခုဖြစ်ပါတယ်။ မိမိတင်ပြခဲ့တဲ့ အတိုင်း မြို့နယ် ၂၈ မြို့နယ်မှာ မွေးမြူရေးဇုန်တွေကို ဆောင်ရွက်တဲ့အစီအမံများကလည်းပဲ အကောင်

အထည်ဖော်လျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။ နေပြည်တော်မှာ လေးဇုန်ရှိပါတယ်။ ကရင်ပြည်နယ်မှာ ခုနစ်ဇုန်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ရှစ်ဇုန်ရှိပါတယ်။ မွေးမြူရေးဇုန်တွေဟာ တောင်သူတွေကို ပညာပေးရင်းနဲ့အတူ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ အစီအမံ၊ အပံ့အပိုးတွေလည်း ဖြည့်ဆည်းပေးတဲ့အနေအထားမျိုးတွေလည်း ဖြစ်ပါတယ်။ သီးခြား Pilot စီမံချက်ဆိုတာထက် မွေးမြူရေးဇုန်တွေကတွဲဖက်ပြီး တောင်သူတွေအစုအဖွဲ့နဲ့ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားတဲ့ အစီအမံအနေနဲ့လုပ်ကိုင်နေတဲ့အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စုတွင် ယခင်ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ ၆.၃၃၆ ဧကအနက်မှ စိုက်ပျိုးရေးဂိုဒေါင်ဆောက်လုပ်ရန်အတွက် ၁၉၇၈-၁၉၇၉ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနက ရယူခဲ့သော မြေဧရိယာ ၂.၁၉၉ ဧကအား ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ယခုမေးမယ့်မေးခွန်းကတော့ ယခင် ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ ၆.၃၃၆ ဧကအနက်ကနေပြီးတော့ စိုက်ပျိုးရေးဂိုဒေါင်ဆောက်လုပ်ဖို့ဆိုပြီးတော့ ၁၉၇၈-၁၉၇၉ ခုနှစ်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ရယူထားတဲ့ မြေဧရိယာ ၂.၁၉၉ ဧကကို ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းပေးနိုင်မယ့်အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မေးခွန်းကို Power Point ဖြင့် တင်ပြစေလိုပါတယ်။ ဒါကတော့ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံဟာဆိုလို့ရှိရင် လက်ပံတန်းနဲ့ဆိုလို့ရှိရင် မီးရထားမိုင်က ၁၂ မိုင်လောက်ကွာဝေးပြီးတော့မှ ကားလမ်းနဲ့ဆိုရင်တော့ ၂၁ မိုင်လောက်ဝေးပါတယ်။ ဇီးဖြူကုန်းတိုက်နယ်ဆိုတာက ရှစ်အုပ်စုနဲ့ ဖွဲ့စည်းထားတဲ့ တိုက်နယ်ကြီးဖြစ်ပါတယ်။ ရှစ်အုပ်စုက ပြည်သူတွေ အားကိုးအားထားလုပ်နေရတဲ့ဆေးရုံလည်းဖြစ်ပါတယ်။ အဲဒီတော့ ကော်မတီက ဟိုရှေးယခင် ၁၉၆၁-၁၉၆၂ ခုနှစ်လောက်ကတည်းက ဆေးရုံဆောက်လုပ်ဖို့ဆိုပြီးတော့မှ

ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းပြီးတော့ ငွေကြေးတွေစုပြီးတော့မှ ဒီမြေကို ဝယ်ထားတာ ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ၁၉၆၁-၁၉၆၂ ခုနှစ်ကတည်းက ဥက္ကဋ္ဌဦးထွန်းရွှေ နာမည်နဲ့ အခွန်ဆောင်ထားတဲ့ မြေဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံဆောက်ဖို့အတွက် Site Plan ဖြစ်ပါတယ်။ အဲဒီတော့ ဆေးရုံထဲက မြေခြောက်ဧကထဲက နှစ်ဧကကျော်ကျော်လောက်ကို G ဆိုတဲ့အမှတ်အသားကတော့ စိုက်ပျိုးရေး ဂိုဒေါင်ဖြစ်ပါတယ်။ ဒါက စိုက်ပျိုးရေးဂိုဒေါင်ကို ၁၉၇၈-၁၉၇၉ ခုနှစ်လောက်ကနေပြီးတော့မှ ဒီ အထွက်တိုးစခန်းမြေဆီသိုလှောင်ဖို့ဆိုပြီးတော့မှ အဲဒီဆေးရုံမြေထဲမှာ အရင်ဦးဆုံးတည်ဆောက်ထား တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်နဲ့ တိုက်နယ် ဆေးရုံတစ်ခု ကျလာပါတယ်။ ဆေးရုံဆောက်တဲ့အခါကျတော့ အစောက ဂိုဒေါင်ကြီးနဲ့ မလွတ်မလပ် လည်းဖြစ်နေတယ်။ နောက်တစ်ခါ ဆေးရုံရဲ့အဆောက်အဦတွေဆောက်တဲ့နေရာမှာ ဟိုးနောက်က ရေကန်ကြီးကလည်းခံနေတဲ့အခါကျတော့ ဆေးရုံပင်မအဆောက်အဦတွေနဲ့ ဝန်ထမ်းအိမ်ရာပြီးပေ မဲ့လို့ ဟိုးနောက်မှာ Mortuary ကတော့ ဆေးရုံမြေထဲမှာ မဆောက်နိုင်ဘဲနဲ့ စိုက်ပျိုးရေးက ရယူ ထားတဲ့မြေထဲမှာ ဆောက်ထားတဲ့အတွက် ဇီးဖြူကုန်းတိုက်နယ်ဆေးရုံဟာ မြို့အဖြစ်နဲ့လည်းပဲ ဆောင်ရွက်နေပြီဖြစ်တဲ့အခါကျတော့ နောင်အခါမှာ ၂၅ ခုတင်ဆံ့ဆေးရုံတွေ ဖြစ်လာပြီဆိုလို့ရှိရင် တိုးချဲ့ရမယ့်အစီအစဉ်တွေရှိလာတဲ့အတွက်ကြောင့် ဆေးရုံမြေထဲကနေပြီးတော့မှ စိုက်ပျိုးရေးဌာနက ယူထားတဲ့မြေကို ပြန်လည်လွှဲပြောင်းပေးမယ်ဆိုလို့ရှိရင် တိုးချဲ့တာတွေ အဆင်ပြေ နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးခဲ့တာ ဖြစ်ပါတယ်။ မူလရည်ရွယ်ထားတဲ့ ၆.၃၃၆ဧက အနက်ကနေပြီး တော့မှ စိုက်ပျိုးရေးက ယူထားတဲ့ ၂.၁၉၉ ဧကကို ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိကို အထက်ပါ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် Power Point တစ်ခု ပြစေလိုပါတယ်။ ဒါကတော့ ဆောက်လုပ်ပြီးဖြစ်တဲ့ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံပါ။ ဒါကတော့ ဆေးရုံ အတွင်းမှာရှိတဲ့ စိုက်ပျိုးရေးဂိုဒေါင်ပါ။ ဒါကတော့ အန္တရာယ်ရှိနေပါပြီ။ ဒီဂိုဒေါင်က ဘာမှမသုံးပါဘူး။ ဒီဂိုဒေါင်က အပြင်က ရိုက်ထားတာပါ။ ဒါကြောင့်မို့လို့ မူလရည်ရွယ်ထားတဲ့ဆေးရုံမြေ ၆.၃၃၆ ဧက အနက်ကနေပြီးတော့မှ စိုက်ပျိုးရေးဌာနက ရယူခဲ့တဲ့ ၂.၁၉၉ ဧကကို ဝန်ကြီးတို့အနေနဲ့ ပြန်လည် လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံတိုးချဲ့နိုင်ရေးအတွက် လိုအပ်တဲ့မြေဧရိယာအပေါ် စွန့်လွှတ်ပေးနိုင်မှုရှိ/မရှိအခြေအနေနဲ့စပ်လျဉ်းပြီး မေးထားတဲ့မေးခွန်းအပေါ်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာတိုက်နယ်ဆေးရုံကို ဆောက်လုပ်ခဲ့ပါတယ်။ ဆေးရုံရဲ့မြေဧရိယာဧကဟာ ၄.၁၃၇ ဧကဖြစ်ပါတယ်။ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံတည်ဆောက်စဉ်က ဆေးရုံတည်နေရာဟာ မိမိတို့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့မူလဆောက်လုပ်တည်ရှိပြီးဖြစ်နေတဲ့ စိုက်ပျိုးရေးဦးစီးဌာနက မြေဆီသိုလှောင်ထားတဲ့ဂိုဒေါင်နဲ့ကပ်လျက်ရှိတဲ့ အနေအထားဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံဟာ ယခုအခါမှာ လူနာတက်ရောက်ကုသမှုများပြားလာတဲ့အလျောက် ထပ်မံတိုးချဲ့နိုင်ဖို့ မြေနေရာအခက်အခဲရှိလာတဲ့အခြေအနေဖြစ်ကြောင်း သိရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏မြေဧရိယာ ၂.၁၉၉ ဧကကို ဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းပေးမယ်ဆိုရင်တော့ ဒေသနေပြည်သူတွေရဲ့ကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းတွေ ပိုမိုအဆင်ပြေသင့်လျော်မည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်းပဲ ယင်းနဲ့စပ်လျဉ်းတဲ့သဘောထားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှလည်း သဘောထားပေးထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးဦးစီးဌာန ယခင်က လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းအနေနဲ့ ၁၉၇၈-၁၉၇၉ ခုနှစ်မှာ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ဇီးဖြူကုန်းအထူးအထွက်တိုးစခန်း စတင်တည်ထောင်ခဲ့ပါတယ်။ တည်နေရာအနေနဲ့ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်

(၃၄/၂)ဖြင့် ဧရိယာဟာ ၂.၃၃၆ ဧကရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ထွက်ရှိပြီး လည်းဖြစ်ပါတယ်။ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံအတွက် ဇီးဖြူကုန်းအထွက်တိုးစခန်းမြေနေရာအားလုံး ရလိုတဲ့အတွက် ယခင် ၂၀၁၄ ခုနှစ်ကစပြီး သက်ဆိုင်ရာအထက်ဌာနများကိုလည်း တင်ပြခဲ့ကြပါ တယ်။ ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြခဲ့မှုမှာ ဆေးရုံအကျယ်အဝန်းအတွက် ဌာနနှစ်ခု ညှိနှိုင်းဆောင်ရွက်သွားဖို့ မှတ်ချက်ပြုထားပြီးလည်း ဖြစ်ပါတယ်။ မိမိတို့ဌာနပိုင်မြေဟာ မြေဧက ၂.၃၃၆ ဧကဆိုသော်လည်းပဲ လက်ရှိမှာ တောင်သူတစ်ဦးကျူးထားတာက ဧက ၂.၀၁၅ ဧကရှိကြောင်း တင်ပြအပ်ပါတယ်။ မိမိတို့ရဲ့အထွက်တိုးစခန်းမြေနေရာမှာ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း ဂိုဒေါင် တစ်လုံး၊ အုတ်ရေကန်ပျက်တစ်လုံး၊ အဝီစိတွင်းပျက်တစ်လုံးရှိပါတယ်။ ယခုအခါမှာ ဦးစီးဌာနပိုင် ဂိုဒေါင်တစ်လုံးသာရှိတဲ့အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဇီးဖြူကုန်းတိုက်နယ်ဆေးရုံအနေနဲ့ ဒေသနေပြည်သူလူထုအကျိုးအတွက် တိုးချဲ့ဖို့မြေနေရာရရှိနိုင်ဖို့ မိမိတို့ရဲ့စိုက်ပျိုးရေးအထွက်တိုး စခန်းမြေနေရာ ၂.၁၉၉ ဧကကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်လွှတ်ပေးသွားနိုင်မယ့်အခြေအနေ ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။

**ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ်ဧရိယာ ရေကန်ပြင်တွင် ရေချိုငါးစီးပွားဖြစ် မွေးမြူရေးနှင့် သဘာဝ ငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ်ဧရိယာ ရေကန်ပြင်တွင် ရေချိုငါး စီးပွားဖြစ်မွေးမြူရန် အစီအစဉ်ရှိ/မရှိနှင့် သဘာဝငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကြီးအုံကြီးဝတမံဟာ မုန်းချောင်း ပေါ်မှာတည်ရှိပြီး ပွင့်ဖြူမြို့နယ်ရဲ့ အနောက်စပ်၊ စေတုတ္တရာမြို့နယ်၏အရှေ့စပ်တွင် တည်ရှိပါတယ်။

ကန်ရေပြည့်ရေလှောင်ပမာဏ ၃၀၂၇၀၀ ဧကပေရှိပြီး ကန်ရေပြင်ရေလှောင်ပမာဏ ၂၄၄၀၀ ဧကပေ ရှိပါတယ်။ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာမှာ ၈၂၉၀ ဧက ကျယ်ဝန်းပါတယ်။ ဒီလောက်ဧက ထောင်နှင့်ချီကျယ်ဝန်းတဲ့ ကန်ရေပြင်မှာ ရေချိုငါးမွေးမြူနိုင်မယ်ဆိုရင် ပထမမြေနေရာအကျယ်အဝန်း နှင့်ကန်တူးဖော်မှုကုန်ကျစရိတ်များစွာ သက်သာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝငါးမွေးမြူရေးသုတေသနစခန်းဖွင့်လှစ်ပြီး စနစ်တကျ ငါးမွေးမြူ မယ်ဆိုရင် ငါးသယံဇာတ၊ ရေသယံဇာတများ ပေါများလာပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် ဝင်ငွေတိုးပွားလာမှာဖြစ်ပါတယ်။ ဒေသခံပြည်သူများဟာ ဆည်တွေ၊တမံတွေတည်ဆောက် ခဲ့လို့ လယ်မြေ၊ ယာမြေတွေ ကန်ရေပြင်အောက် နစ်မြုပ်ဆုံးရှုံးခဲ့ကြရပါတယ်။ တောင်ယာခုတ် အသက်မွေးကြပြန်တော့လည်း ရာသီဥတုကဖော်ပြန်၊ မိုးလေဝသက မမှန်တော့ စီးပွားရေးအဆင်မပြေ ကြပါဘူး။ တောတောင်ကိုမှီပြီး သစ်ခုတ်၊ ဝါးခုတ်ဆိုတော့ ရာသီဥတုကပိုမိုပြီးတော့ ဖောက်ပြန်လာပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံအနည်းငယ်ဟာ ဒီကန်ရေပြင်မှာတစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်း များအဖြစ် အသက်မွေးဝမ်းကျောင်းပြုကြတာကို တွေ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ငါးတွေထဲမှာ Export တန်းမီတဲ့ ငါးအချို့ကို တွေ့ရှိရပါတယ်။ ဘယ်လိုငါးတွေလဲဆိုတာကတော့ ဥပမာ-ငါးရွှေပေါက်၊ ငါးကျောင်းတို့ဖြစ်ပြီး တစ်ကောင်ရဲ့ အလေးချိန်ဟာ အနည်းဆုံး တစ်ပိဿာ၊ နှစ်ပိဿာဖြစ်ပြီး အများဆုံး ငါးပိဿာ၊ ၁၀ပိဿာအထိ ဖမ်းဆီးရမိပါတယ်။ ဒီငါးတွေကို ရန်ကုန်ကိုနေ့စဉ် အချိန် ၅၀ မှ အချိန် ၁၀၀ ဝန်းကျင်အထိ တစ်ပိုင်တစ်နိုင်ပို့နေတာကိုလည်း တွေ့ရပါတယ်။ စနစ်တကျ မွေးမြူပြီး စနစ်တကျ ကာကွယ်စောင့်ရှောက်နိုင်မယ်ဆိုရင် ဒီမျှမက တွင်တွင်ကျယ်ကျယ် စီးပွားဖြစ်အသက်မွေး ဝမ်းကျောင်းပြုလုပ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေချိုငါးမွေးမြူရေးနှင့် သဘာဝငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ရန် မကွေးတိုင်းဝန်ကြီးချုပ်ကိုယ်တိုင် စိတ်ဝင်တစားရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ကြီးအုံကြီးဝကန်ရေပြင်တွင် ငါးသားပေါက် ၃၅၀၀၀၀ ကိုဝန်ကြီးချုပ်နှင့်အတူ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း စနစ် တကျ ကာကွယ်စောင့်ရှောက်မှုမရှိသဖြင့် ငါးကောင်ရေပေါက်ပွားမှု၊ ကြီးထွားမှုမှာ ထင်သလောက် ဖြစ်မလာပါဘူး။ အချို့သောငါးဖမ်းသူတွေဟာ စည်းမရှိ၊ ကမ်းမရှိ၊ ဥပဒေမဲ့ ကျဉ်စက်များဖြင့် လျှော့တိုက်ဖမ်းဆီးမှုတွေကြောင့် ငါးသယံဇာတပါမက သဘာဝဂေဟစနစ်ကို ပျက်စီးစေပါတယ်။ ဒီလို

ဥပဒေမဲ့ပြုကျင့်မှုတွေကိုလည်း စနစ်တကျဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဖို့လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ကြီးအုံကြီးဝနှင့် မုန်းတမံကန်ရေပြင်တွင် သဘာဝငါးမွေးမြူရေးသုတေသနစခန်းဖွင့်လှစ်ပြီး စနစ်တကျ ရေချိုငါးများ စီးပွားဖြစ်မွေးမြူနိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးပွားလာပြီး တိုင်းပြည်ဘဏ္ဍာများလည်းတိုးပွားလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းအနေနဲ့ ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ်ဧရိယာ ရေကန်ပြင်မှာ ရေချိုငါးစီးပွားဖြစ်မွေးမြူဖို့ အစီအစဉ်ရှိ/မရှိနှင့် သဘာဝငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းအပေါ်မှာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကလက်အောက်မှာရှိတဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဒေသအလိုက် ငါးသယံဇာတတွေတိုးပွားစေဖို့၊ စားနပ်ရိက္ခာဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်ဖို့ မုန်းနှင့်ကြီးအုံကြီးဝရေလှောင်တမံအပါအဝင် တစ်နိုင်ငံလုံးတည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံတွေမှာ နှစ်စဉ်မိုးရာသီကာလ သဘာဝငါးမျိုးသားပေါက်တွေကို လွှတ်ပေးပြီး ငါးမျိုးစိုက်ထည့်ရေးလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းပြီးတော့ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ငါးမျိုးစိုက်ထည့်ခြင်းဟာ ရေလှောင်တမံအတွင်းမှာ အင်းကဲ့သို့ ငါးမွေးမြူပြီး ငါးဖမ်းစေဖို့ရည်ရွယ်ချက်နှင့် ဆောင်ရွက်ပေးဖို့ အခြေအနေမျိုးမဟုတ်ဘဲနဲ့ ငါးတွေရဲ့ သဘာဝရေနေရေထိုင်အခြေအနေ မပျက်ယွင်းစေလိုတဲ့ အနေအထား ရေလှောင်တမံတွေရဲ့ ရေထုတ်ပေါက်တွေကနေတစ်ဆင့် တမံအောက်မှာရှိတဲ့

ချောင်းမြောင်းတွေကို ငါးမျိုးစိတ်များပွားများရောက်ရှိစေပြီးတော့ ငါးမျိုးစိတ်များမျိုးတုံးမှု မရှိစေဖို့ ဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ လယ်မြေတွေနှင့်ဆက်စပ်တည်ရှိတဲ့ ချောင်းတွေမှာ ဒေသနေပြည်သူတွေ ငါးဖမ်းပြီး စားနပ်ရိက္ခာဖူလုံစေဖို့ဆိုတဲ့ အကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်ပြီး ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ထိန်းသိမ်းတည်ဆောက်ထားတဲ့ ရေလှောင်တမံတွေမှာ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် အဲဒီ ရေလှောင်တမံတွေအတွင်းမှာ သဘာဝငါးမျိုးစိတ်တွေ ပေါများစွာ ရှင်သန်ဖြစ်ထွန်းလျက်ရှိပါတယ်။ တမံအနီးဝန်းကျင်မှာ ဒေသခံပြည်သူတွေအပြင် အခြားဒေသစုံမှ ပြောင်းရွှေ့လာတဲ့ ပြည်သူများပါ စုပြုံရောက်ရှိလာပြီး နည်းလမ်းပေါင်းစုံဖြင့် ငါးဖမ်းတဲ့လုပ်ငန်းတွေလုပ်ကိုင်ခြင်း၊ ငါးထွက်ပစ္စည်းဖြစ်တဲ့ ငါးပိ၊ ငါးခြောက်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ကိုင်လျက်ရှိတဲ့ အခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ဖြစ်ပေါ်လာတဲ့ဖြစ်စဉ်ကို အခြားတစ်ဖက်မှာ ကြည့်မယ်ဆိုရင် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအတွက် အပာန့်အတားဖြစ်စေတဲ့ သစ်တောတွေ ပြုန်းတီးစေခြင်းနှင့် တမံရဲ့ကြံ့ခိုင်ရေး၊ လုံခြုံရေးအတွက် ဌာနကပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များကိုပါ တစ်ဖက်မှာထိခိုက်စေနိုင်မည့် အနေအထားမျိုး ရှိပါတယ်။ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းသည်ပင်လျှင် တမံရဲ့နောက် မြေပြင်အခြေအနေကြံ့ခိုင်မှုအပေါ် ထိခိုက်စေနိုင်မှာဖြစ်တဲ့အတွက် တမံအတွင်း စီးပွားဖြစ်ငါးမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပိုပြီးတော့ပင် မသင့်လျော်တဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံတွေရဲ့ ရေဝပ်ဧရိယာအတွင်းမှာ စီးပွားဖြစ်ငါးမွေးမြူဖမ်းဆီးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခွင့်မပြုကြောင်း ၂၀၁၇ ခုနှစ်၊ ဆည်မြောင်းဥပဒေ အခန်း(၁၂) ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၄ တို့မှာ သတ်မှတ်ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ ဒေသအတွင်း ငါးသယံဇာတတိုးပွားစေဖို့နှင့် စားနပ်ရိက္ခာဖူလုံစေဖို့အတွက် ဆောင်ရွက်လိုမယ်ဆိုရင် တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအပြင် ရေကိုသိုလှောင်ထိန်းသိမ်းပေးနေတဲ့ ရေလွှဲဆည်နှင့် ရေထိန်းတံခါးတွေရဲ့ ရေပြင်ဧရိယာတွေမှာ ငါးမျိုးစိုက်ထည့်ခြင်း ဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ လယ်တွေမှာ ရေနေရေထိုင်အခြေအနေ ပေးတဲ့နေရာတွေ စပါး၊ ငါးစိုက်ခင်းများကို ငါးဦးစီးဌာနနှင့်နည်းပညာအကူအညီရယူပြီး ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

မကွေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့ ငါးသယံဇာတများ ထိန်းသိမ်းခြင်း၊ ငါးမွေးမြူရေးနည်းပညာများဖြန့်ဝေပေးခြင်းနှင့် ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း လုပ်ငန်း များကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတွေအတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိတဲ့ အတွက် တမံများအတွင်း ဘဘာဝငါးမျိုးစိတ်တွေ ကောင်းစွာရှင်သန်ဖြစ်ထွန်းပြီး ဒေသခံပြည်သူတွေ ကရင်းတို့ဝမ်းစာအတွက် ဆည်၊ တမံတွေကို မထိခိုက်စေသောနည်းလမ်းနှင့် ငါးဖမ်းယူစားသောက် လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးအတွင်း ငါးသားပေါက်ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် တိုင်းရင်းငါးမျိုး စိတ်များ သုတေသနပြုစမ်းသပ်သားဖောက်ခြင်းများဆောင်ရွက်နိုင်ဖို့ တောင်တွင်းကြီးနှင့် ပွင့်ဖြူ မြို့နယ်တွေမှာ ငါးလုပ်ငန်းစခန်းနှစ်ခုကို ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ထို့အတူ ငါးသားပေါက်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေဖို့နှင့် သုတေသနပြု ငါးသားဖောက် ခြင်းလုပ်ငန်းတွေ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ မြို့သစ်မြို့နယ်မှာ ငါးလုပ်ငန်းစခန်းအသစ်တစ်ခု ထပ်မံဖွင့်လှစ်ဖို့အတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ် တဲ့အတွက် မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မုန်းချောင်းတမံနှင့်ကြီးအုံကြီးဝတမံတို့ရဲ့ ရေပြင် ဧရိယာမှာ စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်ဟာ တမံတွေရဲ့နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်စေနိုင်တဲ့အတွက် နှစ်စဉ်မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို သာဆောင်ရွက်ပြီး စီးပွားဖြစ်ငါးမွေးမြူရေးနှင့် ငါးသားဖောက်သုတေသနစခန်းများ ဆောင်ရွက်ဖို့ သင့်လျော်မှုမရှိပါကြောင်းနှင့် ငါးဦးစီးဌာနအနေနဲ့လည်း ဒေသအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ လျာထားစီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**စေတုတ္တရာမြို့နယ်၊ စလင်း-စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုးများနှင့် တယ်လီဖုန်း Connection Box များမှာ လဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများ နှစ်နှင့်ချီ၍ ကြာမြင့်စွာ ဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ စေတုတ္တရာ မြို့နယ်မှ MPT ဖုန်းလိုင်းတွေ မကြာခဏပျက်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စေတုတ္တရာမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးလင်းရေး၊ ဖုန်းလိုင်းဆက်သွယ်ရေး အဘက်ဘက်က နိမ့်ပါးခက်ခဲတဲ့ဒေသပါ။ သွားလာရေးခက်ခဲလှတဲ့ ကျေးလက်ဒေသများဟာ ဖုန်းလိုင်းများကိုသာ အဓိကအားထားပြီးတော့ ဆက်သွယ်ကြရပါတယ်။ ဘူးကျေးရွာ၊ ကျပင်းကျေးရွာ၊ ဒွေးကျေးရွာ၊ နတ်ကြီးကျေးရွာ၊ အပေါ်ကျေးရွာ၊ အာရောကျေးရွာစတဲ့ စေတုတ္တရာမြောက်ပိုင်းကျေးရွာ ၅၀ ခန့်ဟာ တစ်ခုတည်းသော CDMA ဖုန်းလိုင်းကိုသာ အဓိကအားထားပြီးတော့ တိုင်အမြင့်ကြီးတွေထောင်၊ တချို့က တောင်မြင့်ပေါ်ကို တက်ပြီးတော့မှ ဆက်သွယ်ကြရပါတယ်။ ယခင်က သင့်တင့်စွာဆက်သွယ်လို့ရနေတဲ့ CDMA ဖုန်းလိုင်းတွေဟာ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်ကစပြီးတော့ ဆက်သွယ်လို့မရသလောက် လနဲ့ချီပြီး တော့ကြာမြင့်စွာပျက်နေတဲ့အတွက် အစစခက်ခဲတဲ့ ဒီကျေးရွာတွေဟာ နူရာဝဲစွဲ လဲရာသူခိုးထောင်း ဖြစ်ကြရပါတယ်။ ယခုလည်း လုံးဝဆက်သွယ်လို့မရ ပြတ်တောက်နေပါတယ်။ မြို့နဲ့မြို့ပတ်ဝန်းကျင်မှာ သုံးလို့ရတဲ့ MPT, GSM ဖုန်းလိုင်းဟာလည်း ယခင် ကာလက ကောင်းမွန်ပြီးတော့ ပျက်ခဲလှပေမဲ့ ယခု နှစ်နှစ်ခန့်ကာလမှာတော့ လစဉ်၊ အပတ်စဉ်နီးပါး ပျက်လေ့ရှိပါတယ်။ အစိုးရရုံးဌာနများရော၊ ပြည်သူများပါ အခက်အခဲများစွာ တွေ့ကြရပါတယ်။ ဖုန်းပျက်တဲ့မှတ်တမ်းလေးကို တင်ပြပါရစေ။ ၂၀၁၉ ခုနှစ် ၁ လပိုင်းမှာ သုံးကြိမ်၊ ၂ လပိုင်းမှာ နှစ်ကြိမ်၊ ၃ လပိုင်းမှာခြောက်ကြိမ်၊ ၄ လပိုင်းမှာ လေးကြိမ်ပျက်ခဲ့ပြီးတော့ တစ်ခါပျက်ရင် တစ်ရက်ခန့်ကြာမြင့်လေ့ရှိပါတယ်။ ဖုန်းလိုင်းအသစ်တစ်ခု တပ်ဆင်တိုင်း နဂိုရှိရင်းစွဲဖုန်းလိုင်းတွေ ပျက်ပျက်ပေးရတာဟာလည်း ကျွန်တော်တို့မြို့နယ် ကြုံတွေ့

နေကြရတဲ့ ဘေးဒုက္ခတစ်ခုပါ။ အဲဒီလိုဖုန်းလိုင်းတွေ မကြာခဏ ပျက်နေရတဲ့အကြောင်းရင်းတွေက တော့ စလင်း-စေတုတ္တရာ ကားလမ်းတစ်လျှောက် ဆက်သွယ်ရေးဖုန်းတိုင်များ၊ ဖုန်းကြိုးများ လဲပြို နေတာ၊ တွဲလောင်းကျနေတာ၊ မြေပြင်ပေါ်မှာအပုံလိုက်ကျနေတာတွေဟာ ကာလရှည်ကြာ မြင်မကောင်းပါ။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါ မြေပေါ်မှာပုံကျနေတဲ့ Connection Box နဲ့ ကြိုးတွေဖြစ်ပါတယ်။ ယခုလို ကားလမ်းတစ်လျှောက် ကြည့်လို့မြင်လို့မကောင်း ပစ်စလက်ခတ်ဖြစ်နေတဲ့၊ ကျနေတဲ့ဒီလိုကြိုးတွေ ဒီလိုဖြစ်နေတဲ့အတွက် တော၊ တောင်ထဲကိုဝါးခုတ်တဲ့၊ ယာသွားတဲ့၊ ဝါးဆွဲတဲ့နွားတွေ၊ လှည်းတွေနဲ့မကြာခဏထိခိုက်မိပြီးတော့ ပြတ်တောက်ခြင်းတွေ၊ နွေအခါ တောမီးလောင်တဲ့အခါမှာ မီးလောင်ခြင်းတွေဖြစ်ပွားပြီးတော့ ဖုန်းလိုင်းတွေ မကြာခဏ ပြတ်တောက် နေတာဟာ အဓိကဖြစ်ပါတယ်။ နှစ်နှစ်ကျော်လောက်ကာလရှည်ကြာ နိုင်ငံပိုင်ပစ္စည်းတွေ ပစ်စလက်ခတ်ဖြစ်နေတာ၊ ဖုန်းလိုင်းတွေမကြာခဏပျက်နေတာကို သက်ဆိုင်ရာဌာန၊ တာဝန်ရှိသူများ ကို တရားဝင် အကြိမ်ကြိမ်အသိပေး အကြောင်းကြားပါတယ်။ ဒါပေမဲ့ မည်သည့် အရေးယူ ဆောင်ရွက်မှုမှမရှိဘဲနဲ့ ABC ကုမ္ပဏီကို လိုင်းပြင်ဆင်ထိန်းသိမ်းရန် လုပ်ငန်းကန်ထရိုက်ပေးထား ကြောင်းသာ မျက်နှာလွှဲခဲပစ် ပုံချပြီးတော့ နှစ်ရှည်၊ ကာလရှည် အခုအတိုင်းပဲ ဖြစ်ပျက်နေပါတယ်။ ကုမ္ပဏီမှာလည်း မြင်တွေ့ခဲ့ကြတဲ့အတိုင်းပဲ ယနေ့တိုင် ဖြစ်ပျက်နေဆဲ၊ ထားရှိဆဲပါ။ တကယ်တော့ မိနစ်ပိုင်း၊ နာရီပိုင်းလောက် ဆက်သွယ်ရေးပြတ်တောက်ရင်တောင်မှ အရေးကြီးတဲ့ ကျန်းမာရေး၊ လုံခြုံရေး၊ စီးပွားရေး၊ အစိုးရကိစ္စ၊ အရေးပေါ်ကိစ္စတွေမှာ ဘယ်လောက်ထိခိုက်၊ နစ်နာဆုံးရှုံးစေတယ် ဆိုတာ နိုင်ငံတကာမှာ အထူးအလေးထားကြရတာပါ။ ယခုလို နိုင်ငံပိုင်ဆက်သွယ်ရေးတိုင်တွေ၊ ကြိုးတွေ ကြည့်လို့မြင်လို့မတော် နှစ်ရှည်လများ ပစ်စလက်ခတ်ဖြစ်ပြီးတော့ ကာလရှည်ကြာ မကြာခဏ ဖုန်းလိုင်းတွေပြတ်တောက်နေတာကို လျစ်လျူရှုထားခြင်းဟာ ဒီမိုကရေစီ အစိုးရရဲ့ပုံရိပ်ကို ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိလုပ်နေတာလားလို့ ဒေသခံတွေမေးခွန်းထုတ်တာကို ခံရပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ စလင်း-စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုးများနှင့် တယ်လီဖုန်း Connection Box များမှာ ပရမ်းပတာ ဖရိုဖရဲ ပြိုလဲနေခြင်း၊ မြေပေါ်ကျနေခြင်းများ နှစ်နဲ့ချီ၍ ကြာမြင့်စွာဖြစ်ပွားနေမှု ကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူကတာဝန်ယူ ဆောင်ရွက်ပေးမယ်ဆိုတာ နဲ့ပတ်သက်ပြီး သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါ တယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၏ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် စလင်း-စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုးများနှင့် တယ်လီဖုန်း Connection Box များမှာ ပရမ်းပတာ၊ ဖရိုဖရဲလဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများနှင့် နှစ်နှင့်ချီ၍ ကြာမြင့်စွာဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ Over-Head ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း ၃၂.၄၈ ကီလိုမီတာကို ဆင်ဖြူကျွန်း-စလင်း-ကန်ပြား-စေတုတ္တရာကားလမ်းမအတိုင်း သွယ်တန်းထားရှိပြီး စလင်းမြို့နယ်၊ ကန်ပြားကျေးရွာ GSM အခြေစိုက်စခန်းမှ စေတုတ္တရာမြို့ အော်တိုမိုဘိုင်းစခန်းသို့ ဆက်သွယ်ရန် ၂၀၁၄ ခုနှစ်မှစတင်တည်ဆောက် အသုံးပြုခဲ့ပါတယ်။ အဆိုပါဆက်ကြောင်းဟာဆိုရင် စေတုတ္တရာ အော်တိုအိတ်ချိန်း၊ စေတုတ္တရာ GSM အခြေစိုက်စခန်းနှင့် စေတုတ္တရာမြို့နယ်အတွင်းရှိ ငါးမတောင် GSM, CDMA စခန်းတို့အတွက် အဓိကကျတဲ့ ပင်မဆက်ကြောင်းဖြစ်ပါတယ်။ အဲဒီ ကန်ပြား-စေတုတ္တရာဆက်ကြောင်းဟာ တောင်ကုန်း၊ တောင်တန်းနှင့် သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိတဲ့ဧရိယာအတွင်း ဖြတ်သန်းပြီး သွယ်တန်းထားခြင်းကြောင့် မိုးရာသီမှာ တောင်ပြိုခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့လဲပြိုခြင်းတို့အပြင် ပွင့်လင်းရာသီတွင်လည်း တောမီးလောင်ခြင်း၊ စက်ယန္တရားကြီးတင်ဆောင်တဲ့ မော်တော်ကားတွေနဲ့ချိတ်မိခြင်း စတာတွေကြောင့် တိုင်များကျိုးပဲ့ခြင်း၊ ကေဘယ်လ်များပြတ်တောက်ခြင်းနှင့် ကေဘယ်လ်များကို ရှည်ကိုက်ဖြတ်မှုတို့ကြောင့် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားသလိုပဲ သက်သွယ်ရေးပြတ်တောက်မှုများ မကြာခဏဆိုသလို ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကတော့ ကိုယ်စားလှယ်တော်ကြီးလည်း ပုံတွေပြသွားပြီးပါပြီ။

မြင်တဲ့အတိုင်းပါပဲ။ တိုင်တွေလဲတယ်။ လဲတဲ့အတွက်ကို ကြိုးတွေက ခုနပြောသလို မြေကြီးပေါ်ကျ၊ သစ်ပင်မှာချည်ထားတဲ့အနေအထားတွေ၊ ဒါတွေက ဖြစ်ခဲ့တာအမှန်ပဲဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အဆိုပါ ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းကို အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ မကွေး တိုင်းဒေသကြီးမန်နေဂျာနှင့်အဖွဲ့ကို မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးစေခဲ့ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းပမာဏနဲ့ ကုန်ကျစရိတ်တို့ကို ခန့်မှန်းတွက်ချက်ပြီးနောက် ၉-၄-၂၀၁၉ ရက်နေ့မှစပြီးတော့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

ဒါကတော့ ကျွန်တော်တို့ မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးတဲ့အခါမှာ ခုနပြောတဲ့ ဖိုင်ဘာကေဘယ်လ်လမ်းကြောင်း ဆက်ကြောင်းတစ်လျှောက် လဲရမယ့်၊ ပြန်တပ်ရမယ့်၊ အစားထိုး အသစ်ထောင်ရမယ့် တိုင်နေရာတွေကို ကွင်းဆင်း(Survey)လုပ်ပြီးတော့ တွေ့ရှိထားတဲ့ပုံဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့က ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်လာတဲ့အခါမှာ ဖိုင်ဘာကေဘယ်လ်တွေအစားထိုးတာတို့၊ ကွန်ကရစ်တိုင်အစားထိုးလဲလှယ်တာ၊ နေရာရွှေ့ပြောင်း လဲလှယ်တာ၊ ကွန်ကရစ်တိုင်တွေ ပြန်လည်တည့်မတ်တာ၊ နောက်ပြီးတော့ Joint Box နဲ့ Distribution Box တွေ အသစ်လဲလှယ်တာတွေ ကျွန်တော်တို့က ဆောင်ရွက်တဲ့နေရာမှာ ဆောင်ရွက်ပြီး အရေအတွက်နဲ့ လက်ကျန်ပမာဏ၊ ပြီးစီးတဲ့ရာခိုင်နှုန်းတို့ကို တင်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လုပ်ငန်းခွင်ကို ကွန်ကရစ်တိုင်နဲ့ ဖိုင်ဘာကေဘယ်လ်အသစ်တွေ လုပ်ငန်းခွင်ကို ရောက်ရှိတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ ကွန်ကရစ်တိုင်တွေကို စိုက်ထူနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါတွေက ဖိုင်ဘာကေဘယ်လ်အသစ်တွေ အစားထိုးသွယ်တန်းနေတဲ့ပုံတွေ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စလင်း-စေတုတ္တရာလမ်းမပေါ်ရှိ ကန်ပြား-စေတုတ္တရာ ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းရှိ ကွန်ကရစ် တိုင်များ၊ ကေဘယ်လ်ကြိုးများ လဲပြိုပျက်စီးနေမှုတွေကို ပြန်လည်ပြုပြင်နိုင်ရန်နှင့် သဘာဝဘေးဒဏ် များကြောင့် ပျက်စီးမှုများ မဖြစ်ပေါ်စေရေး၊ ဆက်သွယ်မှုများ ပြတ်တောက်မှုမရှိစေရေးတို့အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တာဝန်ယူပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဧပြီလမှစတင်၍ အဆင့်လိုက်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ၂၀၁၉ ခုနှစ် ဇွန်လကုန်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် လျာထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။ အစစခက်ခဲလှတဲ့ ကျေးရွာများရဲ့ တစ်ခုတည်းသောအားကိုးဆက်သွယ်ရာဖြစ်တဲ့ CDMA ဖုန်းလိုင်းများ နှစ်နဲ့ချီပြီးတော့ ပြတ်တောက်နေပြီး ဒေသန္တရအစိုးရယန္တရားလည်ပတ်ဖို့ဟာ ခက်ခဲတယ်။ သွားလာရေးခက်ခဲလှတဲ့ ဒီကျေးရွာတွေ အတိဒုက္ခရောက်တယ်။ အဲဒီလိုဖြစ်တဲ့အတွက် CDMA ဖုန်းလိုင်းတွေကို ဘယ်လိုကောင်းအောင် ဆောင်ရွက်ပေးမယ်ဆိုတာလည်း တစ်ဆက်တစ်စပ် မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီး မေးခွန်းမေးမြန်းတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စောစောကတင်ပြတဲ့အထဲမှာ ပျက်စီးယိုယွင်းနေတဲ့ ဖိုင်ဘာဆက်ကြောင်းဟာဆိုရင် ခုနပြောသလို စေတုတ္တရာ GSM အခြေစိုက်စခန်းတွေဟာ စေတုတ္တရာမြို့နယ်အတွင်းမှာရှိတဲ့ ငါးမတောင် GSM, CDMA စခန်းတို့အတွက်လည်း အဓိကပင်မဆက်ကြောင်းဖြစ်ကြောင်း ကျွန်တော်တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီဆက်ကြောင်းချို့ယွင်းပျက်စီးနေတဲ့အတွက်ကို CDMA ဆက်သွယ်မှုတွေဟာ ပြတ်တောက်ပြီး မကောင်းတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီဟာကို လုပ်ငန်းပြီးစီးဆောင်ရွက်ပြီးတဲ့ အခါမှာ ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းကို ပြုပြင်ပြီးတဲ့နောက်ပိုင်းမှာ CDMA တွေလည်း ကောင်းစွာပြန်လည်အသုံးပြုနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဖိုင်ဘာဆက်ကြောင်းကို ပြုပြင်ပြီးတဲ့နောက်ပိုင်းမှာလည်း ဆက်သွယ်ရေးကောင်းမွန်ခြင်းရှိ/မရှိကိုလည်း ကျွန်တော်တို့က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဒီဟာတွေကို တစ်ချိန်လုံး Monitor လုပ်ပြီးတော့ စစ်ဆေးပေးဖို့ ကျွန်တော်တို့အနေနဲ့လည်း ညွှန်ကြားသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်)၏ ရေလယ်တိုင်များကြောင့် တံတား၏အထက်နှင့် အောက်ဘက်တို့တွင် သောင်များဖြစ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှကာကွယ်ရန် ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းခြင်းကို မည်သို့ဆောင်ရွက် ပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် မှာရှိတဲ့ ဧရာဝတီတံတား(ထီးချိုင့်)ကို ၂၀၁၅ ခုနှစ်၊အောက်တိုဘာလ ၂၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါ တယ်။ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း မန္တလေး-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနဲ့ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းတို့ကိုဆက်သွယ်တဲ့လမ်းပေါ်မှာ တည်ရှိပြီး အလွန်အသုံးဝင်လှတဲ့တံတားတစ်စင်းဖြစ်ပါတယ်။ တစ်ဖက်ကအသုံးဝင်သလို တစ်ဖက်က လည်း သက်ရောက်မှုတွေရှိနေပါတယ်။ တံတားရဲ့ရေလယ်တိုင်အောက်ခြေက ပိုင်ရိုက်ထားတဲ့အတွက် ရေများချိန်မှာ ရေခိုပြီး မြစ်၊ သဲနုန်းပို့ချမှုဖြစ်ကာ ရေလယ်မှာသောင်ထွန်းကျွန်းတွေဖြစ်ပေါ်လာတာ ဖြစ်ပါ တယ်။ တံတားအောက်ဘက်တွင်မက တံတားရဲ့အထက်ဘက်ကိုပါ သောင်တွေဖြစ်ထွန်းလာတာ ဖြစ်ပါတယ်။ ကိုင်းပင်တွေပေါက်ရောက်ရာကနေ ကျွန်းဧရိယာကြီးမားလာပြီး မြစ်ကြောင်းဟာ နံဘေးဝဲ/ယာကိုစီးဆင်းပါတယ်။ မြစ်ရေကျချိန် အောက်တိုဘာလမှစတင်ပြီး မြစ်ကြောင်းဟာ ရေလယ်ကျွန်းကို အလယ်မှာထားပြီး မြစ်နှစ်ခွအဖြစ်စီးဆင်းပါတယ်။ ဒီအခါ မြစ်ရေကျလေလေ မြစ်ကြောင်းဟာ မြစ်ရဲ့အလယ်မှာမစီးဆင်းတော့ဘဲ ရေလုံးပြီး ကမ်းနားကိုဦးတည်တိုက်စားတဲ့အတွက် ဧရာဝတီမြစ်အရှေ့ ဘက်ကမ်းရွာများ ကမ်းပါးပြိုခြင်းနှင့် အနောက်ဘက်ကမ်းတစ်လျှောက် ကျေးရွာ များ၊ စိုက်ပျိုးမြေများ၊ ကမ်းပါးပြိုခြင်းများဖြစ်ပေါ်လာတဲ့အတွက် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်း ရေးအတွက် အခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ဧရာဝတီ(ထီးချိုင့်)တံတား ဖြစ်ပါတယ်။ ဒါက တံတားရဲ့အောက်ဘက်မှာရှိတဲ့ သောင်တွေထွန်းနေတဲ့ပုံပါ။ ဒါလည်းအတူတူပဲ။ တံတားရဲ့အောက်ဘက်က သဲသောင်တွေထွန်းနေတာပါ။ ဒါလည်းအတူတူပဲ တံတားအောက်ဘက်ကထွန်းနေတာဖြစ်ပါတယ်။ ဒါက တံတားရဲ့အောက်ဘက်က သောင်ရဲ့အနောက်ဘက်မှာ ဧရာဝတီမြစ်ရဲ့အနောက်ဘက်ခြမ်းက ရေစားသွားတဲ့ရွာတွေရဲ့မြေများဖြစ်ပါတယ်။ ဒါက တံတားရဲ့အောက်ဘက် ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ခြမ်းက တောရကျေးရွာက ဘုန်းကြီးကျောင်းသွားတဲ့အတက်နားက ဘုန်းကြီးကျောင်းဝန်းကိုရေစားသွားလို့ ကျန်ခဲ့တဲ့မြစ်ကြောင်းဖြစ်ပါတယ်။ ဒါကတော့ တံတားရဲ့အထက်ဘက် သောင်ထွန်းနေတာကို မြဒေါင်ရွာကို နောက်ခံထားပြီးရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါက တံတားရဲ့အထက်ဘက်မှာသောင်ထွန်းနေတာကို ထီးချိုင့်၊ မြသိန်းတန်တောင်ခြေကို နောက်ခံထားပြီးရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ သို့ပါ၍ အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်)ရဲ့ ရေလယ်တိုင်များကြောင့် တံတားရဲ့အထက်နှင့်အောက်ဘက်တို့မှာ သောင်များပေါ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှကာကွယ်ရန် ဧရာဝတီမြစ်ကြောင်းကို မူလအတိုင်းစီးဆင်းစေရန် ထိန်းသိမ်းခြင်းကို မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း ထီးချိုင့်မြို့နယ်ရှိ ဧရာဝတီတံတား(ထီးချိုင့်)ရဲ့ ရေလယ်တိုင်များကြောင့် ဧရာဝတီမြစ်ရေများချိန်မှာ မြစ်ရေစီးဆင်းမှုကို ဟန့်တားထားသကဲ့သို့ဖြစ်ပြီး ရေစီးနှုန်းလျော့နည်းလာစေပြီး တံတားရဲ့အထက်ဘက်ရှိ

မဲဇာချောင်းကလည်း အနည်အနှစ်များပို့ချလာမှုကြောင့် တံတားအောက်ဘက် မြစ်အလယ်ခေါင်မှာ မြေနုကျွန်းကြီးပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေလမ်း(ထီးချိုင့်)မှာ ၂၀၁၃ ခုနှစ်ခန့်မှ စပြီးတော့ ထီးချိုင့်မြို့အထက်ဘက်ကမ်းကနေပြီးတော့ မြတောင်ဘက်ကမ်းကို ကန့်လန့်ဖြတ်စီးဆင်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြတောင်ဘက်ကမ်းသို့သာ ရေလမ်းကြောင်းဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ မြတောင်ကမ်းပါးနှင့် လွန်စွာနီးကပ်စွာရေလမ်းကြောင်း ပြောင်းလဲလာခဲ့ပြီး ရေလမ်းကြောင်းမှာလည်း ကျဉ်းမြောင်းလာခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ၂၀၀၉ ခုနှစ်တုန်းက ရေလမ်းကြောင်းကိုပြထားတဲ့ပုံပါ။ အဲဒီမှာကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့က မြတောင်ဘက်ခြမ်းနှင့် ဧရာဝတီရဲ့အရှေ့ဘက်ခြမ်းနှင့် ခပ်ကွာကွာရှိပါတယ်။ ၂၀၁၀ ခုနှစ်မှာလည်း ထိုနည်းၾင်းပဲ ရေလမ်းကြောင်းက သိပ်ပြောင်းလဲမှုမရှိဘူးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကစပြီး ရေလမ်းကြောင်းကနေ ထီးချိုင့်ဘက်ကမ်းကနေ မြတောင်ဘက်ကမ်းကို ကပ်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာဆိုပိုပြီးတော့ အရှေ့ဘက်ကမ်းကိုပိုကပ်လာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ၂၀၁၈ ခုနှစ်မှာဆိုရင် တော်တော်လေးကို ကပ်နေတာတွေ့ရပါတယ်။ ဒါက ၂၀၁၉ ခုနှစ်ရဲ့နောက်ဆုံးအခြေအနေ၊ ရေလမ်းကြောင်းအခြေအနေဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းတာရရှိထားတဲ့ တိုင်းတာရေး ရေလမ်းမြေပုံအရ မြစ်ရဲ့ရေနက်စီးကြောင်းဦးတည်ရာလမ်းကြောင်းနှင့် တံတား Alignment ရဲ့ Angle က ၄၅ ဒီဂရီခန့်ရှိကြောင်း တွေ့ရှိရပါတယ်။ တကယ်တမ်းအားဖြင့် တံတား Alignment နဲ့ ရေစီးကြောင်းတို့ဟာ ထောင့်မှန်ကျဖြစ်ပါက ပိုပြီးတော့ ကောင်းတဲ့အနေအထားဖြစ်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် တံတားအောက်ဘက်ရှိ သောင်ခုံနေရာသို့ ရေစီးကြောင်းပြောင်းလဲစေရန်အတွက် တံတားအထက်ဘက် မြတောင်ကျေးရွာဘက်အခြမ်းမှာ မျောတိုင်တန်းကျောက်ဖြည့်ရေကာ သို့မဟုတ် သဲအိတ်ခံကျောက်စီရေကာများတည်ဆောက်၍ ရေလမ်းတည်ငြိမ်စေရေးအတွက် ထိန်းသိမ်းပေးရမှာ ဖြစ်ပါတယ်။

၁၉၈၇-၁၉၈၈ နှစ်များအတွင်း နယ်သာလန်နိုင်ငံ Royal Haskoning ကုမ္ပဏီက လေ့လာထားတဲ့ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အောက်ပိုင်း ပြုပြင်ထိန်းသိမ်းရေးပင်မစီမံချက် Master Plan အပေါ်အခြေခံပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိုအချိန်က ရေလမ်းကြောင်းအခြေအနေကို ထည့်သွင်းစဉ်းစား

ပြီးတော့ Master Plan တစ်ရပ်ရေးဆွဲခဲ့ပါတယ်။ အဲဒီ Master plan အရ ဗန်းမော်-ထီးချိုင့်ရေလမ်းပိုင်းမှာ ကျောက်မှော်မှကျွန်းကြီးအထိ ရေလမ်းကောင်းမွန်စေရေးအတွက် မျောတိုင်တန်းကျောက်ဖြည့်ရေကာ ၅၆၅၀ မီတာ၊ သဲအိတ်ခံကျောက်စီရေကာ ၃၁၅၀ မီတာနှင့် သောင်ထိန်း ၇၅၀ မီတာတို့ကို ဆောင်ရွက်ရန်လျာထားခဲ့ပါတယ်။

အဲဒီလို Master Plan အရ လျာထားမှုရှိခဲ့သော်လည်း လက်ရှိအချိန်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ နှစ်စဉ်ခွဲဝေရရှိတဲ့ရန်ပုံငွေပေါ်မူတည်ပြီးတော့ နိုင်ငံတစ်ဝန်းရှိ ရေလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေများဖြင့်လည်းကောင်း၊ ဦးစားပေးအစီအစဉ်များအရ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းဖြစ်၍ ဧရာဝတီတံတား(ထီးချိုင့်)အနီးတစ်ဝိုက်ရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုခြင်းအတွက် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ဗန်းမော်-ထီးချိုင့်ရေလမ်းပိုင်း၊ ထီးချိုင့်-မန္တလေးရေလမ်းပိုင်း၊ မန္တလေး-ညောင်ဦးရေလမ်းပိုင်း၊ ညောင်ဦး-မကွေးရေလမ်းပိုင်း၊ မကွေး-ပြည်ရေလမ်းပိုင်း၊ ပြည်-ဟင်္သာတရေလမ်းပိုင်းနှင့် ဟင်္သာတ-ညောင်တုန်းရေလမ်းပိုင်းဟူ၍ အပိုင်းလိုက်ခွဲကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ရေလမ်းပြောင်းလဲမှုမြန်ဆန်ပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲဖြစ်ပေါ်လေ့ရှိတဲ့ ရေလမ်းပိုင်းများ၊ ရေလမ်းတိမ်ကောပျက်စီးမှုများနှင့် ကမ်းပါးများထိခိုက်မှုဖြစ်ပေါ်နေတဲ့ ရေလမ်းပိုင်းများကို ဦးစားပေးအဆင့်သတ်မှတ်ပြီးတော့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးဟာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားတင်ပြတောင်းခံလျက်ရှိပြီး ခွဲဝေရရှိတဲ့ရန်ပုံငွေအပေါ်မူတည်၍ လိုအပ်ချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်နေရပါသဖြင့် ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်) ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေလျာထားတောင်းခံထားသည့်စာရင်းတွင် ပါဝင်

ခြင်းမရှိသေးပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီး အခုလို ကျယ်ကျယ်ပြန့်ပြန့်ဖြေသွားတဲ့အတွက် ဧရာဝတီမြစ်ကြောင်းနဲ့ပတ်သက်လို့ဖြေတာလည်း အများကြီး ကျေးဇူးတင်ပါတယ်။ မြစ်ကြောင်းကလည်းပဲ အဲဒီလို တကယ်စနစ်တကျထိန်းသိမ်းမှုလည်း အဆင်ပြေ မှာဖြစ်ပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာ ကျွန်တော်တို့က အခက်အခဲဖြစ်နေတာ Power Point လေးတစ်ချက်ပြန်ပြပေးပါ။ ဒါက ဧရာဝတီတံတားရဲ့အောက်ဘက် ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်းမှာရှိတဲ့ ဆင်ကျွန်းကျေးရွာတို့၊ အထက်မှာ ကျေးရွာတွေသုံး၊ လေးရွာရှိပါတယ်။ လောလောဆယ် အရေးကြီးတာက အနောက်ဘက်ခြမ်းကို ဆက်ပြီးပြိုဖို့ရာလည်းအလားအလာရှိပါတယ်။ နောက်ထပ် ရေလယ်မှာသောင်တွေပေါ်လာလေလေ မြစ်ကြောင်းက အောက်ဘက်ကို ရောက်လာတဲ့အတွက် စားနေတာ။ အခုလည်းပဲ စားနေကြပါ။ အဲဒီတော့ အဲဒီဟာလေးကို ကမ်းထိန်းနံရံဆိုလည်း ဒီနေရာက မြေနုကျွန်းဖြစ်တဲ့အတွက် သွင်းဖို့မလွယ်ပါဘူး။ ရေကြောင်းလွှဲတဲ့ရေကာတာက အသေးစား မျိုးလေးတွေကို ဝန်ကြီးဌာနအနေနဲ့လုပ်ပေးနိုင်/မပေးနိုင်ပေါ့။ ဒီကြားထဲမှာလည်းပဲ ကသာက ရေအရင်းအမြစ်က ဦးစီးအရာရှိကိုခေါ်ပြီးမှ မြစ်ချောင်းနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ် ကနေချပြီးလုပ်ပေးရတာရှိပါတယ်။ ရှေ့နှစ်ကိုလည်းဆက်ပြိုနိုင်စရာအကြောင်းရှိပါတယ်။ ဒါက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းက တောရကျေးရွာရဲ့ဘုန်းကြီးကျောင်းပါ။ ဒီဟာကလည်းပဲ အဲလိုလေး တစ်ဖက်နံရံနားလေးကပ်ပြီးမှ ရေလွှဲလေး၊ ရေကာတာလေးလုပ်ရင် အဆင်ပြေနိုင်ပါတယ်။ အဲဒီတော့ တအားအကုန်အကျ များတဲ့ကျောက်စီတဲ့ဟာမျိုးမဟုတ်တောင်မှ အသားနဲ့ ဒေသခံက ဝါးနဲ့လုပ်လို့ ရတဲ့ဟာမျိုးလေးကို ဌာနကနေပြီးမှ အနည်းဆုံးရေကြောင်းလေးကို ထိန်းနိုင်တဲ့ဟာမျိုးလုပ်ပေးနိုင်ဖို့ ရှိ/မရှိ ဆက်စပ်မေးခွန်းမေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဆက်စပ်မေးခွန်းမေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့

ကျွန်တော်စောစောကတင်ပြသွားသလိုပဲ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အနေအထားတွေကိုလည်း ကျွန်တော်ကောင်းစွာနားလည်သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့က တစ်တိုင်းတစ်ပြည်လုံးမှာရှိတဲ့ရေသည် ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် ကမ်းပြိုတဲ့ကိစ္စတွေ၊ သဘာဝဘေးကြောင့် ကမ်းပြိုတဲ့ကိစ္စတွေ၊ ရေကြီးရေလျှံကိစ္စတွေကို ကျွန်တော်တို့အနေနဲ့က ပြည်ထောင်စုရန်ပုံနဲ့ရော တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေတွေနဲ့ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် ဒီတင်ပြသွားတဲ့အတိုင်းပဲ။ ကျွန်တော်တို့က ဦးစားပေးအစီအစဉ်အရသာ ပိုပြီးတော့အရေးကြီးတဲ့နေရာတွေကို ကျွန်တော်တို့အနေနဲ့က လူအင်အားရော၊ ရန်ပုံငွေအင်အားပေါ်မူတည်ပြီးတော့ ကျွန်တော်တို့က သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နဲ့လည်း ညှိနှိုင်းတိုင်ပင်ပြီးတော့ ဆောင်ရွက်နေရတာဖြစ်တဲ့အတွက် လောလောဆယ်အစီအစဉ်မရှိသေးတဲ့အကြောင်း တင်ပြခဲ့တာဖြစ်ပါတယ်။ သို့ဖြစ်ပေမဲ့လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်း ဒီနေရာကို ကျွန်တော့်အနေနဲ့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ထပ်မံပြီးတော့ အခြေအနေတွေကို သေသေချာချာလေ့လာသုံးသပ်ပြီးတော့ ကျွန်တော်တို့ကို တင်ပြတဲ့အခြေအနေဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့အနေနဲ့က စဉ်းစားပြီးတော့ နောင်လာမယ့်ဘဏ္ဍာရေးနှစ်တွေမှာ ရန်ပုံငွေထည့်သွင်းဖို့အတွက်ကို ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့်ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁:၃၀။**

**အချိန်၊ ၁၁:၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တောကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**သံဖြူဇရပ်မြို့ အမှတ်(၃) သုခကာရီရိပ်သာ၏ မျက်နှာစာတွင် ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲတံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့ပေါ်တွင် မီးရထားနှင့် မော်တော်ကားလမ်းဖြတ်သန်းရာနှစ်နေရာရှိပါတယ်။ သံဖြူဇရပ်-ကျိုက္ခမီ ကတ္တရာလမ်းဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် ရထားလမ်းဖြတ်တာကတစ်နေရာ၊ သံဖြူဇရပ်နှင့် ရေးကတ္တရာလမ်းဖြစ်တဲ့ ဗိုလ်နေဝင်းလမ်းနှင့် ရထားလမ်းဖြတ်တာကတစ်နေရာဆိုပြီးတော့ နှစ်ခုရှိပါတယ်။ နှစ်နေရာစလုံးမှာ ယခင်က ရထားစောင့်တဲတွေမရှိပါဘူး။ နရဖ အစိုးရတက်ပြီးနောက်ပိုင်းမှာတော့ ရေးဘက်ဖြန့်ရာမှာ တံခါးအစောင့်တဲထားဖို့အတွက် အုတ်ဖိနပ်စလုပ်ပါတယ်။ ကားလမ်းသည် အရှေ့မြောက်မှ အနောက်တောင်သို့လည်းကောင်း၊ ရထားလမ်း အနောက်မြောက်မှ အရှေ့တောင်သို့လည်းကောင်း ကြက်ခြေခတ်ဖြတ်နေတာဖြစ်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုပြီးတော့ လေးနေရာမှာ မြေကွက်လပ်တွေဖြစ်ပေါ်နေပါတယ်။ ရထားစောင့်တဲအတွက်ကို အုတ်မြစ်စချရာသည် အမှတ်(၃)သုခကာရီရိပ်သာရဲ့ မျက်နှာစာ အုတ်တံတိုင်းနှင့် ကပ်လျက်ဖြစ်ပါတယ်။

ထိုနေရာဟာ ယခင်ကတော့ မြေနိမ့်ချိုင့်ဝှမ်းဖြစ်နေပြီးတော့ ကျောင်းဒါယိကာများက ကုန်းဖြစ်အောင် ကြိုးစားဖို့ခဲ့တာဖြစ်ပါတယ်။ အမှတ်(၃) သုခကာရီရိပ်သာသည် မူလတောင်စွန်းရွှေကူဆရာတော်ဘုရားကြီး ဦးဝီနိတ၏ ကာယနုပဿနာ ကမ္မဋ္ဌာန်းနည်းဖြင့် ပဋိပတ်သာသနာပြုပါ၍ ဆောင်ရွက်သော ကျောင်းတိုက်ဖြစ်ပြီးတော့ မျိုးတူသူအများစုက ကိုးကွယ်ပါတယ်။ နောက်ဒီရွှေကူ

ရိပ်သာဆရာတော်ဘုရားဆိုတာကလည်း ကျွန်တော်တို့ ဓမ္မာစရိယဦးအေးလှိုင်ရေးတဲ့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ အပါး ၄၀ ထဲမှာပါဝင်သော ဆရာတော်ကြီးတစ်ပါးဖြစ်ပါတယ်။ ကျောင်းရွှေ့မျက်နှာစာမှာ ရထားတဲဆောက်ဖို့အတွက်ကို အုတ်မြစ်ချကြောင်းသိတာနဲ့ ကျွန်တော်တို့ ကျောင်းဒါယိကာကြီးများကနေပြီးတော့မှ ထွေ/အုပ်ဦးစီးဌာနမှူး မဖအ ဥက္ကဋ္ဌကို တင်ပြကြပါတယ်။ မဖအ ဥက္ကဋ္ဌက ဒါကတော့ သူလည်းမသိဘူး။ ဒီနေရာမှာလည်း မလုပ်သေးပါဘူးဆိုပြီးတော့မှ သူတားတဲ့စာလေးကို ချက်ချင်းထုတ်ပေးပါတယ်။

သို့သော်လည်းပဲ တိုင်းဒေသကြီးမန်နေဂျာက အဲဒီကာလက ဒါဝန်ကြီးကိုယ်တိုင်ပြတဲ့နေရာ။ ရွှေ့လို့မရဘူးဆိုတော့ ငြင်းပယ်ခဲ့ပါတယ်။ နောက်ဒီတဲကို တားတဲ့အချိန်မှာလည်းပဲ စည်ပင်အင်ဂျင်နီယာက ဆက်ဆောက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မကျေမနပ်မှုတွေ တော်တော်လေးကို များသွားပါတယ်။ အဲဒီအချိန်မှာ မြို့မှာရှိတဲ့ အဖွဲ့အစည်းပေါင်းစုံဟာ ညီညွတ်ကုန်ကြပြီးတော့ အဲသလိုမျိုးဖြစ် ရင် ညကျမှ တို့စုပေါင်းရိုက်ဖျက်ကြမယ်ဆိုတဲ့အထိကို ဖြစ်လာကြပါတယ်။ အဲဒီတော့ ကျွန်တော်က ကျောင်းဒကာအဖွဲ့မှာလည်း အတွင်းရေးမှူးဖြစ်တော့ ဟာဒီလိုတော့ မလုပ်ကြနဲ့။ တို့တစ်တွေ ဥပဒေဘောင်အတွင်းကပဲ ကြိုးစားဆောင်ရွက်တာပေါ့။ မရတော့လည်း တစ်နေ့ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့အချိန်ကျရင် ဥပဒေဘောင်အတွင်းကနေ တောင်းဆိုကြတာပေါ့လို့ ညှိနှိုင်းပြီးတော့ ဖြေရှင်းလိုက်ပါတယ်။ တဲဖြစ်ပြီးတော့ ဘာမှမကြာပါဘူး။

အဲဒီတဲမှာ ကျွန်တော်တို့ ဘာသာခြားတွေ မင်္ဂလာဆောင်တယ်။ ဘာသာခြားနည်းနဲ့။ နောက်ဘယ်လိုပြောမလဲ အညစ်အကြေးတွေ ကျောင်းဝင်းထဲပစ်သွင်းတာတွေဖြစ်တော့ မအဖ ဥက္ကဋ္ဌက ခေါ်ပြီး စစ်ဆေးပြီးတော့မှ တဲအစောင့်ကို လူချက်ချင်းလဲလိုက်ပါတယ်။ လဲဖို့အတွက် ဆောင်ရွက်ပေးပါတယ်။ အခုက ဒီမိုကရေစီနိုင်ငံဖြစ်လာပြီဖြစ်လို့ ကျွန်တော်ကတိပေးခဲ့တဲ့အတိုင်း တာဝန်တစ်ရပ်ကို ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်အပါအဝင် ကျွန်တော်တို့ မွန်၊ ကရင်၊ ရှမ်းတိုင်းရင်းသားခြံသမားများဟာ ဘာဖြစ်လဲဆိုရင် တောတက်ရင် တောမီးမလောင်ဖို့ စည်းကမ်းရှိပါတယ်။ ဒါက မိရိုးဖလာသင်ကြားလာတဲ့ ဓလေ့အရသင်ကြားလာတဲ့ အစွဲ၊ ဓလေ့တစ်မျိုးဖြစ်ပါတယ်။ ဘာလဲဆိုရင် ကျွန်တော်တို့ တောတက်မယ်။ တောင်သွားမယ်။ နွားလှည်းပေါ်မှာ ဆေးလိပ်သောက်ချင်ပြီဆိုရင် ဝါးဆစ်ဘူးလေးတွေနဲ့သောက်တာ အားလုံးတွေ့ဖူးကြပါလိမ့်မယ်။ နောက်ဒီခြံထဲရောက်လို့ရှိရင်လည်းပဲ ဆေးလိပ်သောက်ပြီးလို့ လွှင့်ပစ်တော့မယ်ဆိုရင် ဒီတိုင်းအရမ်းမပစ်ပါဘူး။ ကျွန်တော်တို့ ဆေးလိပ်ကို မြေကြီးနဲ့ဖုံးမယ်။ ခြေဖနောင့်နဲ့ဖိသတ်ပြီးမှ ကျွန်တော်တို့ပစ်ပါတယ်။

အဲဒီသဘောပါပဲ။ ကျွန်တော်က ဒီဟာလေးသည် နောင်တစ်ချိန် တစ်နေ့နေ့မှာတော့ဖြင့် မီးကြွင်း မီးကျန်ဖြစ်ပွားမှာ စိုးရိမ်တဲ့အတွက်ကြောင့်လည်းကောင်း၊ နောက်စောစောပိုင်း ကျွန်တော်ပြောခဲ့သလို အဲဒီကာလမှာ ဒီမိုကရေစီနိုင်ငံဖြစ်ရင်တို့ ဥပဒေဘောင်အတွင်းက တင်ပြကြတာပေါ့လို့ ကတိပေး ခဲ့တဲ့ကတိအတိုင်း ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း၏ သံဖြူဇရပ်မြို့ အမှတ်(၃) သုခကာရီရိပ်သာရဲ့ မျက်နှာစာမှာ ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲတံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ်၊ အမှတ်(၃) သုခကာရီရိပ်သာရဲ့ မျက်နှာစာမှာရှိတဲ့ မော်လမြိုင်-ရေး ရထားလမ်းပိုင်း၊ သံဖြူဇရပ်နှင့် ပင်ဘူတာကြားရှိ ရထားလမ်းနှင့် မော်လမြိုင်-ရေး ကားလမ်းဖြတ်တဲ့ဂိတ်က တရားဝင်ကားလမ်း ကူးဂိတ်တစ်ဂိတ်ဖြစ်တဲ့အတွက် ဂိတ်စောင့်ဝန်ထမ်းထားရှိပြီးတော့ ဂိတ်စောင့်နေအိမ်ထားရှိရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ မော်လမြိုင်-ရေးကားလမ်းဟာဆိုရင် နေ့/ညမပြတ် မော်တော်ကားတွေနဲ့ ဖြတ်သန်းသွားလာရေး ရှိတဲ့အတွက်ကြောင့် ရထားလမ်းကို ကားလမ်းဖြတ်ကူးတဲ့နေရာမှာ ရထားဖြတ်သန်းနေစဉ် မတော်တဆမှုမဖြစ်စေရေးအတွက် ဂိတ်တံခါးနှစ်ခုကို ဖွင့်/ပိတ်ခြင်း ဆောင်ရွက်ရန် ဂိတ်စောင့် ဝန်ထမ်းကို တာဝန်ချထားရခြင်းဖြစ်ပြီး အဲဒီဂိတ်စောင့်ဝန်ထမ်းနေထိုင်ရန်အတွက် (ပေ ၃၀ x ၁၂ ပေ) ဂိတ်စောင့်နေအိမ်လုံးချင်းတစ်လုံးကို ရထားလမ်းကနေပြီးတော့ ပေ ၂၀ အကွာ၊ ကားလမ်းကူးနှင့် ပေ ၅၀ အကွာ ရထားလမ်းအရှေ့ဘက်ခြမ်းနေရာမှာ ရထားလမ်းဘက်သို့ မျက်နှာမူပြီးတော့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၃၀.၅၆ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါ တယ်။ ဂိတ်စောင့်ဝန်ထမ်းနေအိမ်အဆောက်အဦဟာ အမှတ်(၃) သုခကာရီရိပ်သာကျောင်းဝင်းခြံစည်း ရိုးကနေပြီးတော့ ကားလမ်းဘက်ကို ၁၅ ပေကွာဝေးပြီး ကျောင်းမုခ်ဦးဝနှင့် ပေ ၅၀ ကွာဝေးတဲ့အတွက်

သုခကာရီရိပ်သာသို့ လာရောက်တဲ့ တရားဓမ္မမိတ်ဆွေများကို အဟန့်အတားဖြစ်စေခြင်းမရှိပါကြောင်း တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရထားလမ်းနှင့် ကားလမ်းကူးနေရာ ဂိတ်စောင့်နေအိမ်နှင့် ရိပ်သာမုခ်ဦး အခြေတည်နေရာပြတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရိပ်သာမုခ်ဦးနှင့် ဂိတ်စောင့်နေအိမ်တို့ရဲ့ အခြေအနေပြတဲ့ပုံ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကားလမ်းကူးဂိတ်မှာ တာဝန်ပေးအပ်ထားသူ ဦးမိုးအောင်(လုပ်သား/ဂိတ်စောင့်)ဟာဆိုရင် ၂၀၁၁ ခုနှစ်ကနေစပြီး ယနေ့အထိ ဂိတ်စောင့်တာဝန် ထမ်းဆောင်နေတဲ့သူဖြစ်ပြီး ၎င်းမှာ ဗုဒ္ဓဘာသာဝင်၊ ဗမာလူမျိုးဖြစ်ပါတယ်။ ၎င်းဂိတ်စောင့်ဝန်ထမ်း နေအိမ်ကိုအဖီချ၍ အဆောင်တိုးချဲ့ထားခြင်း၊ ဆိုင်ဖွင့်လှစ်ရောင်းချခြင်းမရှိကြောင်းနှင့် ဂိတ်စောင့်တစ် ဦးသာ နေထိုင်လျက်ရှိကြောင်း၊ ၎င်းဟာ အရက်သေစာ သောက်စားမူးယစ်တက်သူလည်းမဟုတ် ကြောင်း စိစစ်တွေ့ရှိရပြီး တကယ်လို့များ ၎င်းအနေဖြင့် အနေအထိုင်မှားယွင်းမှု တစ်စုံတစ်ရာရှိရင် လည်း ကြပ်မတ်ကွပ်ကဲအရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် ၎င်းဂိတ်စောင့်ဟာ ရုံးပိုင်ရဲ့ အုပ်ချုပ်မှုအောက်က ဝန်ထမ်းမဟုတ်ဘဲ မြို့ပြအင်ဂျင်နီယာဌာန၊ အငယ်တန်းအင်ဂျင်နီယာ (၁)(သံလမ်း)အောက်က ဝန်ထမ်းတစ်ဦးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အခြားလွတ်ကင်းသည့်နေရာသုံးနေရာဆိုတဲ့နေရာမှာလည်း အရှေ့ဘက်မှာဆိုင်ခန်းများ၊ အနောက်ဘက်ခြမ်းမှာ အောင်ကုသိုလ်ရပ်ကွက်နှင့် ရေးဘက်အနောက် ဘက်ခြမ်းမှာတော့ သေမင်းတမန်ရထားလမ်းပြတိုက်နေရာများ ဖြစ်နေပါတယ်။ အစောင့်တစ်ဦးတည်း ဖြစ်ပြီး နေ့ရောညပါစောင့်ပြီး ရထားလာလျှင် ပေ ၃၀ ကျော်ရှည်တဲ့ ဂိတ်တံခါးနှစ်ဖက်စလုံးကို အပိတ်/ အဖွင့်ပြုလုပ်ရသဖြင့် ဂိတ်တံခါးများနှင့် ဝေးကွာတဲ့နေရာကို ပြောင်းရွှေ့နေရာချထားရန်မသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ မီးရထားနယ်နိမိတ်အတွင်း ရထားဖြတ်သန်းစဉ် မတော်တဆ မှုမဖြစ်စေရေးအတွက် ဂိတ်တံခါးအဖွင့်/အပိတ် ဆောင်ရွက်နေတဲ့ ဂိတ်စောင့်ဝန်ထမ်းအတွက် လုပ်ငန်းလိုအပ်ချက်အရ လက်ရှိနေအိမ်ကို ဆောက်လုပ်ထားရခြင်းဖြစ်ပြီး ယခုအခါ ပြောင်းရွှေ့ ဆောက်လုပ်ပါက ၁၄ နှစ်ခန့်ကြာပြီဖြစ်တဲ့ သစ်သားများကို ပြန်လည်အသုံးမပြုနိုင်တော့မည် မဟုတ် သဖြင့် ကျပ်သန်း ၈၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ မလွှဲမသွေလိုအပ်တဲ့ကိစ္စမဟုတ်သဖြင့် ရန်ပုံငွေ ကျခံသုံးစွဲရန် မသင့်လျော်ကြောင်းသုံးသပ်ရပါသဖြင့် မီးရထားဂိတ်စောင့်နေအိမ်ကို ဖျက်သိမ်း၍ ပြောင်းရွှေ့ဆောက်လုပ်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ အခုလိုမျိုးဖြေကြားပေးတဲ့အတွက် ဒုတိယဝန်ကြီးနဲ့ ဝန်ကြီးဌာနကို မြောက်မြားစွာကျေးဇူးတင်အပ်ပါတယ်။ ဒါပေမဲ့လို့ ကျွန်တော် တစ်ခုတင်ပြတာချင်တာက ခုနတုန်းက ဖယ်ခိုင်းတာမဟုတ်ဘူး။ နောက်တစ်ခုက ဘုန်းကြီးကျောင်းရဲ့အဝင်ဝ မုခ်ဦးပိတ်လို့ ကျွန်တော်တင်ပြတာမဟုတ်ပါဘူး။ မုခ်ဦးကနေပြီးတော့ မှ အဝကနေတိုင်းမယ်ဆိုရင် ပေ ၅၀ ရှိပေမဲ့လို့ ဘုန်းကြီးကျောင်းရဲ့အုတ်တံတိုင်းကနေ တိုင်းမယ်ဆိုရင် လှမ်းကိုင်လို့တောင်ရပါတယ်။ နီးနီးလေးပါ။ နောက်တစ်ခုက ဘာလဲဆိုတော့ ကျွန်တော်ပြောခဲ့သလိုပဲ။ ဘုန်းကြီးကျောင်းက အရှေ့ဘက်မှာရှိတယ်။ ရထားလမ်းလေးကို ကျော်လိုက်ရုံပဲ။ တံခါးစောင့်တဲ့တဲရဲ့ မျက်နှာချင်းဆိုင် ရထားလမ်းကျော်ရဲ့ အခြားတစ်ဖက်မှာ ရထားပြတိုက်မြေဆိုသော်လည်းပဲ အဲဒီပြတိုက်ကြီးဟာ အဲဒီထိ မရောက်ပါဘူး။ ပြတိုက်မြေက တစ်ဝက်တစ်ပြတ်နဲ့ရပ်သွားပြီးတော့ ဒီဘက်ခြမ်းမှာ မြေလွတ်အနေနဲ့ ပိုနေတာကိုက ပေ ၇၀ မကပါဘူး။ ကျွန်တော်တင်ပြတာက အဲဒီနေရာလေးကိုပဲ နဂိုကဆိုင်ခန်းတွေလည်းမရှိပါဘူး။ အဲဒီနေရာက အကျယ်ကြီးပါ။ ဒီနောက်ပိုင်းမှာတော့ ရော်ဘာဒိုင်တွေ ဖြစ်လာပါတယ်။ အဲဒီလိုမျိုး ဒီနေရာလေးကို လုပ်ရတဲ့ရည်ရွယ်ချက်ကိုကလည်း အဲဒီကာလက အမဲလိုင်စင်က ရုံပိုင်နဲ့ပေါင်းပြီးတော့ အဲဒီနေရာလေးမှာ အရက်သောက်စားတာမဟုတ်ဘူး။ အရက်ကို ရောင်းတော့တာ။ ဒါကြောင့်လည်းပဲ မ.အ.ဖ ဥက္ကဋ္ဌ ဦးသိန်းဝင်းက ခေါ်ပြီးတော့ စစ်ဆေးပြီးတော့မှ ချက်ချင်းလူစားလဲခိုင်းတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း လဲလိုက်တဲ့ဆီကလည်းပဲ မကြာသေးပါဘူး။ ဒါပြန်လဲထားပေးတာ။ ကျွန်တော် ဒီမှာမေးခွန်းတင်တဲ့နောက်ပိုင်းမှာ။ လူစားပြန်လဲထားတာပါ။ ကျွန်တော် တစ်ခုပဲမေးချင်တာပါ။ ခုနကပြောလိုက်တဲ့ ၁၄ နှစ်၊ ၁၅ နှစ် လည်းကြာ ခဲ့ပြီ။ ဒီတဲကြီးက ဟောင်းနေပြီ။ အသစ်ပြန်ဆောက်မယ်ဆို မဝေးပါဘူး။ ကပ်ရပ်ပါပဲ။ မျက်နှာ ချင်းဆိုင်ရထားလမ်းလေးကျော်ပြီးတော့ ဟိုဘက်ကူးလိုက်ရုံပဲ။ ကျောင်းဒါယိကာများကစရိတ်နဲ့ အစောင့်တဲလေးကို ကူညီပြီးတော့ဆောက်ပေးမယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့က ရွှေ့ပြောင်းနိုင်ခြင်းရှိ/မရှိသည်ကိုတော့ ကျွန်တော့်ကို ဖြေကြားဖို့အတွက် လေးစားစွာ တောင်းပန်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဆက်စပ်မေးခွန်းကလည်း အင်မတန်ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ မြေနေရာပေါ့။ မြေနေရာဆိုတာက ကျွန်တော်က ဒီမေးခွန်းဖြေဖို့အတွက်ကို မီးရထားကို နေရာတွေကြည့်တဲ့အခါမှာ

ခုနပြောသလို ပြောတဲ့အတိုင်း ပထမဆုံးပြသွားတဲ့ Slide အတိုင်း ကျွန်တော်တို့ အောင်ကုသိုလ် ရပ်ကွက်ပေါ့။ ရထားလမ်းနှင့်မျက်နှာချင်းဆိုင်ဂိတ်တွေနှင့် နီးမယ့်နေရာဆို အဲဒီနေရာက ရပ်ကွက် ဖြစ်နေပါတယ်။ ကျွန်တော့်အနေနဲ့က မြန်မာ့မီးရထားကို အသေးစိတ်မြေနေရာပြန်ပြီးတော့ စိစစ် ပေးပါမယ်။ စိစစ်ပေးပြီးတော့ တကယ်လို့ သင့်တော်မယ့်မြေနေရာ ရထားပိုင်မြေထဲမှာရှိမယ့် မြေနေရာများ ရှိမယ်ဆိုရင်တော့ ကိုယ်စားလှယ်တော်ကြီး ခုနကမ်းလှမ်းတဲ့အတိုင်း ကျွန်တော့် အနေနဲ့ကလည်း ဒီဟာက သိန်း ၈၀ ဆိုတဲ့ဟာကို မများဘူးလို့ပဲ ဆိုနိုင်ပေမဲ့လည်း ဌာနအနေနဲ့ကတော့ တစ်နှစ်တစ်နှစ်ဘတ်ဂျက်တင်တဲ့နေရာမှာ ခုနပြောသလို အင်မတန်မှတွက်ချက်ပြီးတော့ တင်သမျှ မရဘဲနဲ့ အဖြတ်ခံရတဲ့အပိုင်းလေးတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီဟာကိုထည့်ပြီး တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်း တကယ်လို့ သင့်တော်တဲ့ မြေနေရာများရှိမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့က သက်ဆိုင်ရာဒေသအာဏာပိုင်နှင့် ဂေါပကအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ ဆက်လက်ဘယ်လိုများ ညှိနှိုင်းဆောင်ရွက်လို့ရမယ်ဆိုတာတော့ ကျွန်တော် ညွှန်ကြား သွားပါမယ်။ ကျေးဇူးတင်ပါတယ်။

**ကွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဘောတံတား(Jetty)အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် အထက်(၄၈ x ၂၀ x ၆.၅)ပေ တလင်းပေါင်းကူးတံတား အား အသေးစားနှစ်စင်း သို့မဟုတ် ကြားခံ(Jetty)သံမဏိဆိပ်ခံတစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ ကွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီ တိုင်းဒေသကြီး၊ ကွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမြန်းတဲ့မေးခွန်းမှာက တနင်္သာရီ တိုင်းဒေသကြီး ကွန်းစုမြို့နယ် ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဘောတံတား(Jetty)အကြားတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် တံတားအသေးစား နှစ်စင်း သို့မဟုတ် ကြားခံ(Jetty)တစ်ခုကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါ တယ်ရှင်။

ဝှင်းမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအရင်းမှာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ ဆိပ်ခံတံတားနှင့် ဘောတံတားအကြားတွင် အတက်အဆင်းပြုလုပ်ရန် Jetty မှာ တံတားနှင့် ၁၅ ပေ ခန့် ကွာဝေးနေသည်ဖြစ်၍ ခရီးသည်များနေ့စဉ် ၁၅၀၀ ခန့် အန္တရာယ်ကြားမှာ သက်စွန့်ဆံဖျား အတက်အဆင်းပြုလုပ်နေရပါသည်။ မြိတ်မြို့မှ ကျွန်းစုမြို့သို့ ရှပ်ပြေးနှစ်စင်းနဲ့ တပ်ခေါ်လှေတစ်စင်း ကျွန်စုမြို့မှ မြိတ်မြို့သို့ ရှပ်ပြေးနှစ်စင်း သုံးကြိမ်နှင့် တပ်ခေါ်တစ်ကြိမ် စုစုပေါင်း အတက်လေးကြိမ် အဆင်းသုံးကြိမ်နှုန်းကို ခရီးသည်များ ရေလမ်းခရီးကိုသာ အသုံးပြု၍ သွားလာနေရသည့်မြို့တစ်မြို့ ဖြစ်ပါသည်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဆိပ်ခံတံတားနှင့် Jetty အကြားမှာ ကွာဟနေသည့်နေရာသို့ ကုန်ဘောင်လို့ခေါ်သည့် သစ်သားပြားတစ်ပြားစီဖြင့် ပုံတွင်ဖော်ပြထားသည့်အတိုင်း အသေးစိတ်ပြု လုပ်နေရပါသည်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ အဲ့ဒါကတော့ ဆိပ်ခံတံတားပေါ်ကနေ တက်ရောက်နေတဲ့ပုံဖြစ်ပါတယ်ရှင်။ အဲ့ဒါလည်း တံတားကအသေးလေး။ ကမ်းဘောင်အတက်အဆင်း နှစ်ဖက်ထားပြီးတော့ တက်နေရပါတယ်ရှင်။ အဲ့ဒါက သင်္ဘောပေါ်ကနေ တံတားပေါ်ကို တက်နေတာ ရှင်။ ဒီမှာ အန္တရာယ်တော်တော်များပါတယ်။ တစ်ခါတစ်လေဆို ဒီတံတားပေါ်မှာ လူ ၁၀ ယောက် လောက်တန်းစီတက်သွားနေရတယ်။ အဲ့လို တက်နေတဲ့အတွက်ကို ကျွန်မက ၂၀၁၇-၂၀၁၈ ခရိုင် စီမံကိန်းညှိနှိုင်းအစည်းအဝေးမှာ တင်ပြတောင်းခံပြီးတော့ သဘောတူညီမှုရရှိခဲ့သော်လည်း ယနေ့တိုင် တည်ဆောက်ခြင်းမပြုလုပ်နိုင်သေးဘဲနေရာတွင် မကြာသေးမီက အမျိုးသမီးတစ်ဦး ရေထဲကိုပြုတ် ကျသွားသဖြင့် အလျင်အမြန်ကယ်ဆယ်နိုင်ခဲ့သဖြင့် အသက်အန္တရာယ်မှ ကင်းဝေးခဲ့ရသော်လည်း နောက်ထပ်အမျိုးသမီးနှစ်ဦး ထပ်မံ၍ ရေထဲကိုပြုတ်ကျခဲ့ရပြီး ကယ်ဆယ်ခဲ့ရပါသည်။ တံတားနှင့် ဘောအကြားတွင် နေ့စဉ်အန္တရာယ်ကို ကြောက်ရွံ့စွာဖြင့် အတက်အဆင်းပြုလုပ်နေရသည့် ခရီးသွား ပြည်သူများ၏ စိုးရိမ်မှုကို ဖြေလျော့ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါမေးခွန်းအား ပြည်သူများ ကိုယ်စား မေးမြန်းပေးရခြင်းဖြစ်ပါတယ်ရှင်။ သို့ပါ၍ ကျွန်းစုမြို့နယ် ဆိပ်ခံတံတားနှင့် (Jetty)တံတား အကြားတွက် ကောင်းမွန်ခိုင်ခံ့သည့် ပေါင်းကူးတံတားအသစ်နှစ်စင်း သို့မဟုတ် သံမဏိဘောခံ တစ်ခုလေးတစ်ခု တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိကို မေးမြန်းပေးရခြင်းဖြစ်ပါသည်ရှင်။ Power Point ဆက်ပြပါရှင်။ အဲ့ဒါ ကျွန်းစုမြို့ရဲ့ ဘောတံတားနှင့်ဆိပ်ခံတံတားကြားမှာ ထပ်မံပြီးတော့ ပြင်ဆင်အစားထိုးမည့် ဘောအသေးစားလေးဖြစ်ပါတယ်ရှင်။ အဲ့ဒါ အင်ဂျင်နီယာကနေပြီးတော့ ကိုယ်တိုင်ကွင်းဆင်းပြီး စစ်ဆေးပြီးတော့ တင်ပြထားတဲ့ ပုံလေးဖြစ်ပါတယ်ရှင်။ ဒါကြောင့် အထက်ပါ

မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပေးရခြင်းဖြစ်ပါသည်ရှင်။ အားလုံးကို ကျေးဇူး တင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတား နှင့် ဘောတံတား(Jetty)အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ၄၈ ပေ x ပေ ၂၀ x ၆.၅ ပေတလင်းပေါင်းကူး တံတားကို အသေးစားနှစ်စင်း သို့မဟုတ် ကြားခံ(Jetty) သံမဏိဆိပ်ခံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်စုမြို့နယ်ရှိ ဆိပ်ခံတံတားဟာဆိုရင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ ဆိပ်ကမ်းနယ်နိမိတ် (Port Limit) ပြင်ပတွင်ရှိပြီး ကျွန်းစုမြို့နယ်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲလျက်ရှိတဲ့ ဆိပ်ခံတံတား ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ ဆိပ်ကမ်းနယ်နိမိတ်ကို အနီရောင်နှင့်ပြထားပြီးတော့ ကျွန်းစုမြို့နယ်ရဲ့ ဆိပ်ခံတံတားတည်နေရာကို ပြထားတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်းစုမြို့နယ် ဆိပ်ခံတံတားရဲ့ ပုံဖြစ်ပါတယ်။ အဲဒီ ဆိပ်ခံတံတားကို ၁၉၉၆-၁၉၉၇ ခုနှစ် တွေမှာ ဒေသခံပြည်သူများရဲ့ တောင်းဆိုချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ပေါင်းစပ်စုစည်း ထည့်ဝင်ငွေ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ ပြည်သူများရဲ့ထည့်ဝင်ငွေတို့နှင့် ပေါင်းစပ်စုစည်းပြီးတော့ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီတံတားဟာနှစ်ကာလ ကြာမြင့်စွာသုံးစွဲခဲ့သော် လည်း ဒေသအဖွဲ့အစည်းများမှ ပြုပြင်ထိန်းသိမ်းခြင်းများ မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ပျက်စီး ယိုယွင်းလာတဲ့အတွက် ၂၀၁၅ ခုနှစ်မှာ တနင်္သာရီတိုင်းဒေသရဲ့အစိုးရ ရန်ပုံငွေကျပ်သိန်း ၂၀၀၀ နှင့် ကွန်ကရစ်တံတားကို အကြီးစားပြင်ဆင်တည်ဆောက်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့

အဲဒီကွန်ကရစ်ဆိပ်ခံတံတားအရှေ့မှာ ဆိပ်ခံဘောတစ်လုံးကို ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်က တပ်ဆင်လှူဒါန်းပေးခဲ့ပါတယ်။ ထိုသို့ဆိပ်ခံဘောတပ်ဆင်ထားတဲ့အတွက် ရေတက်ရေကျချိန်များမှာ ရေယာဉ်များဆိုက်ကပ်အသုံးပြုရန် အဆင်ပြေခဲ့ပါတယ်။

ဒါပေမဲ့လည်း ရေယာဉ်တွေအဆင်ပြေခဲ့သော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း ဆိပ်ခံတံတားနှင့်ဘောတံတားအကြား ကွာဟနေတဲ့အတွက် ရေယာဉ်စီးခရီးသွားပြည်သူများအနေနဲ့ တင်ပြထားသည့်အတိုင်း သစ်သားပြားကုန်းဘောင်ပေါ်ကတစ်ဆင့်ကူး၍ သွားလာနေရသောကြောင့် ရေယာဉ်ပေါ်သို့အတက်အဆင်း အဆင်မပြေတဲ့အပြင် အန္တရာယ်လည်းရှိကြောင်း တွေ့ရှိရပါတယ်။ ၁၆-၇-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်နှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများတွေ့ဆုံပွဲမှာ ကျွန်းစုမြို့မှာဆိပ်ကမ်းအာဏာပိုင်မရှိတဲ့အတွက် ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ မင်္ဂလာဆိပ်ခံတံတားနှင့် ဆိပ်ခံဘောတံတားကို ယခင်ဆိပ်ကမ်းသာယာလှပရေးကော်မတီဖွဲ့ပြီးတော့ ဆိပ်ခံတံတားကို ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ ကျွန်းစုမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးရန် ဝန်ကြီးချုပ်ကမှာကြားသဖြင့် ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ သက်ဆိုင်ရာစာရွက်စာတမ်းများ တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများနှင့်အတူ ၂၀-၈-၂၀၁၈ ရက်နေ့မှာ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဘောတံတားအကြား ခရီးသွားပြည်သူများအန္တရာယ်ကင်းစွာ အချိန်အခါမရွေး လွယ်လွင့်တကူ တက်/ဆင်းသွားလာအသုံးပြုနိုင်ရန်အတွက် သံကူကွန်ကရစ်ဆိပ်ခံဧရိယာ ၉၉၀ စတုရန်းပေကို ပြန်လည်ပြုပြင်ခြင်းနှင့် ၄၈ ပေ x ပေ ၂၀ x ၆ ပေ ခွဲအရွယ်အစား သံမဏိဆိပ်ခံဘောအသစ်တစ်လုံး ပြုလုပ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါသဖြင့် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် ၂၇၉.၇၇ သန်းရှိမည်ဖြစ်သဖြင့် ကုန်ကျငွေများပြားသောကြောင့် ကျွန်းစုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည်ဆိုပါက မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေများစွာ လျော့နည်းသွားမှာဖြစ်ပါသဖြင့် အဆိုပါကုန်ကျစရိတ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရန်ပုံငွေများ ချထားပေးပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘတ်ဂျက်လျာထားရေးဆွဲတဲ့အချိန်မှသာ ထည့်သွင်းလျာထားသွားနိုင်မှာဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

အဲဒီ ကျွန်းစုမြို့နယ်ရှိ ဆိပ်ခံတံတားရဲ့ ကွန်ကရစ်ပိုင်ကတ်တုံး (Pile Cap) များဟာဆိုရင် ရှေ့မျက်နှာစာထက်ပိုထွက်နေတဲ့အတွက် ရေယာဉ်များဆိုက်ကပ်ရာမှာ အနှောင့်အယှက်ဖြစ်ပေါ်နေသည့် နေစစ်ချိန်မှာထိခိုက်မှုမဖြစ်ပေါ်စေရန် ဆိပ်ခံတံတားနှင့် ရေယာဉ်အကြား လူအတက်အဆင်း ပြုလုပ်ရန်အတွက် ဘောတစ်စုံနှင့်ဆိပ်ခံဘောတစ်စုံ ထပ်မံထည့်သွင်းပြီးမှသာ ဆိုက်ကပ်အသုံးပြုနိုင်ပါကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်းစုမြို့နယ်ရှိ ကွန်ကရစ်ဆိပ်ခံတံတားဟာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြိတ်ဆိပ်ကမ်းနယ်နိမိတ်ပြင်ပမှာ တည်ရှိနေပြီး ကျွန်းစုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီမံခန့်ခွဲလျက်ရှိပါကြောင်း ၎င်းကွန်ကရစ်ဆိပ်ခံတံတားနှင့် ဘောတံတားအကြားမှာ လိုအပ်လျက်ရှိတဲ့ လူအတက်အဆင်းပြုလုပ်ရန် ဘောတစ်စုံနှင့် ဆိပ်ခံဘောတစ်စုံတို့ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်မည်ဆိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းတံတားတည်ဆောက်ရေးဆိုင်ရာ နည်းပညာများ အကူအညီပေးသွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်း၍ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်တွင်းသို့ မော်တော်ကားများတင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သော နှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့အား လမ်းဘေးတွင်ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခတို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနဲ့မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ မြန်မာပြည်ထဲကိုတင်သွင်းနေတဲ့မော်တော်ကားတွေနဲ့ပတ်သက်ပြီးတော့ ကိစ္စရပ်တွေမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံပါ။ အရာရာကို နိုင်ငံခြားကိုအားကိုးနေရတာလည်း

တော်တော်လေးကို အဆင်မပြေပါဘူး။ ဒီနေရာမှာ ကျွန်တော်မေးမြန်းချင်တာက မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ပြေးဆွဲနေကြတဲ့ ယာဉ်တွေအားလုံးကို ဥပဒေလွှမ်းခြုံစေချင်လို့ မေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သိန်း ၅၀၀ လောက်ပေးရတဲ့ကားတစ်စီးနဲ့ ဒီကားနဲ့ပုံစံတူကားတစ်စီးကို ကျွန်တော်တို့ရဲ့တစ်ဖက်နိုင်ငံမှာဆိုရင် ထက်ဝက်လောက်ပဲရှိပါတယ်။ ဒီလိုဖြစ်နေတာက ကားတန်ဖိုးထက် အခွန်မျိုးစုံများပြားနေသလိုဖြစ်နေတာကို ပြနေတာပါ။ ဒီနေရာမှာ ကားတင်သွင်းခွန်ကို တိုးထားပေမဲ့လည်း ကားတွေကိုလမ်းပေါ်မှာထား၊ လမ်းပေါ်မှာနား၊ လမ်းပေါ်မှာ အိပ်ဖြစ်နေကြတဲ့အခြေအနေတွေဟာ မြို့ကြီးတွေမှာတော်တော်များပါတယ်။ ဒါတွေလည်း မဖြစ်သင့်ပါဘူး။ လမ်းကို ဘယ်လိုပဲတိုးချဲ့ပြီးလုပ်လုပ် သမင်မွေးရင်း ကျားစားရင်းဖြစ်နေတာ တော်တော်ကြာပါပြီ။ အန္တရာယ်လည်း အလွန်များပါတယ်။

နောက်တစ်မျိုးကျတော့ လိုင်စင်ခမျိုးစုံကဈေးကြီးတဲ့အခါကျတော့ လိုင်စင်မလုပ်တော့ဘူး။ အဆင်ပြေသလိုလုပ်လာပါတယ်။ အဂတိတွေ၊ စည်းကမ်းမလိုက်နာမှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒုစရိုက်မှုတွေ၊ ဥပဒေမဲ့မှုတွေလုပ်လာကြပြီးတော့ ပြဿနာဖြစ်ရင် ပိုင်ရှင်မဲ့ဆိုတဲ့ခေါင်းစဉ်အောက်ကို ရောက်ပြီးတော့ သွားသွားပုန်းနေကြပါတယ်။ ဒါဟာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ စည်းကမ်းဥပဒေလေးစားလိုက်နာရေးတို့ကို စိန်ခေါ်နေတာဖြစ်ပါတယ်။ နောက်တစ်မျိုးကျတော့ မြို့နယ်တွေဖြတ်ကျော်သွားတဲ့ကားတွေပါ။ လမ်းအသုံးပြုခက ကားငယ်တစ်စီးကို တစ်မိုင်ကို ငါးကျပ်ပါ။ မြို့ဝင်ကြေးက ၂၀၀ ကျပ်ပါ။ တိုင်းကျော်ပြေးနေရတဲ့ ဘယ်ကားမှ သူတို့မြို့ထဲကို တော်တော်နဲ့မဖြတ်ပါဘူး။ မြို့ထဲမဝင်ပါဘူး။ ဒါပေမဲ့ ပေးရပါတယ်။ အခုလောလောဆယ်မှာတော့ မပေးရတော့ဘူးလို့ ကြားရပါတယ်။ ဝမ်းသာပါတယ်။

ကျွန်တော်တို့နယ်ဒေသတွေမှာ အခုလက်ရှိအစိုးရခေတ်မှာအပြောင်းအလဲဖြစ်လို့ လမ်းတွေများစွာတိုးချဲ့ပြီးတော့ ဖောက်လုပ်ပါတယ်။ လမ်းတွေများစွာရှိလာပေမဲ့လည်းပဲ လုပ်ငန်းလိုအပ်ချက်အရ ကားလည်းလိုပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နယ်ကလူတွေက ဝင်ငွေနည်းပါးလို့ ကားစီးနိုင်တဲ့ဦးရေ အလွန်နည်းပါးပါတယ်။ ကားလိုအပ်ချက်ကတော့ရှိတယ်။ ဒါပေမဲ့ ကားဝယ်ဖို့ဈေးကကြီးတယ်။ တစ်ဖက်ကလည်းပဲ Black ကားတွေက ဝင်ဖို့အဆင်သင့်လည်းဖြစ်နေတဲ့အခါကျတော့ လူတွေက ဥပဒေကိုမလေးစားကြတော့ပါဘူး။ အဆင်ပြေသလိုပဲ လုပ်လိုသူတွေဟာ အလွန်တရာများလာပါတယ်။ ဆိုချင်တာကတော့ တိုးတက်ပြောင်းလဲနေတဲ့အခြေအနေမျိုးစုံတွေကို လေ့လာသုံးသပ်

ပြီးတော့ အပြောင်းအလဲနဲ့လိုက်လျောညီထွေနေနိုင်တဲ့သူတွေသာလျှင် ရှင်သန်တတ်တာ လောကမှာ ဓမ္မတာပါ။

သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးမော်တော်ယာဉ်များ မျှတစွာသုံးစွဲနိုင်စေရန်နဲ့ သင့်လျော်မျှတသော အသုံးပြုခများ၊ အခွန်အခများရရှိကြပြီး ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်း၍ ဥပဒေကို လေးစားလိုက်နာသော ပြည်သူများဖြစ်လာကြစေရန် ကောင်းမွန်၍ထိရောက်သော အစီအစဉ်များပြုလုပ်ထားရန် အစီအစဉ်ရှိ/မရှိသလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်၏ ပြည်တွင်းသို့ မော်တော်ကားများတင်သွင်းရာမှာ ကောက်ခံနေတဲ့အခွန်မျိုးစုံကို သင့်လျော်သောနှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့ကို လမ်းဘေးတွင်ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခတို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနဲ့မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့ကို ထိရောက်သော အရေးယူခြင်းတို့ပြုလုပ်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနဲ့ နေပြည်တော်ကောင်စီတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းလေးခုနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့နဲ့ ပေါင်းစပ်ဖြေကြားခြင်းဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်းချက်များအပေါ် ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် အချိန်ပိုခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ ပြည်တွင်းသို့ မော်တော်ကားများတင်သွင်းရာမှာ ကောက်ခံနေတဲ့အခွန်မျိုးစုံကို သင့်လျော်သောနှုန်းထားသို့ ဖြေလျှော့ပေးရေးကိစ္စနဲ့စပ်လျဉ်း၍ စီးပွားရေးနှင့်

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ကုန်သွယ်မှုကဏ္ဍများကို နိုင်ငံတကာကုန်သွယ်မှုကျင့်စဉ်များနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်စေရန် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများကို ဖြေလျှော့ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်တဲ့လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းပြီး မော်တော်ယာဉ်တင်သွင်းခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး ကော်မတီက ၂၀၁၉ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းရာမှာ ထုတ်လုပ်သည့်ခုနှစ်၊ သတ်မှတ်တဲ့အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ကို ၂၆-၁၀-၂၀၁၈ ရက်နေ့မှာ ထုတ်ပြန်၍ လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များ၊ ဘတ်စ်ကားများနှင့် ထရပ်ကားများကို တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်တို့မှာပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေများမှာ ၁၈၀၀ cc အထက် Van၊ ဆလွန်း၊ ဆီဒင်၊ Estate Wagon နှင့် Coupe ကားများနှင့်စပ်လျဉ်းပြီးတော့ ကုန်သွယ်လုပ်ငန်းခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံရန်ပြဋ္ဌာန်းခဲ့သော်လည်း ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမှာ ၁၅၀၀ cc ကနေ ၂၀၀၀ cc အထိ အဆိုပါကားအမျိုးအစားများအပေါ် ကုန်သွယ်လုပ်ငန်းခွင်အပေါ် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံရန်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေနဲ့ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေတို့မှာ ၁၀ ရာခိုင်နှုန်းအထိ ထပ်မံလျှော့ချကောက်ခံရန်အသီးသီးပြဋ္ဌာန်းခဲ့ပါတယ်။

ထို့အပြင် ၂၀၁၅ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေမှစပြီးတော့ Double Cab 4-Door Pick up ကားတွေကို ကုန်သွယ်လုပ်ငန်းခွင်ကင်းလွတ်ခွင့်ပြုထားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေမှစပြီးတော့ ပြည်တွင်း၌ အသုံးများသောကားများဖြစ်တဲ့ ၁၅၀၀ cc အောက်ကားများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားပြီးလည်းဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်အခွန်ဦးစီးဌာနအနေဖြင့် ပြည်တွင်းသို့မော်တော်ယာဉ်တင်သွင်းမှုအပေါ် လက်ရှိကောက်ခံသော အကောက်ခွန်နှုန်းထားများမှာ ယာဉ်အမျိုးအစားကိုလိုက်၍ ယာဉ်တန်းဖိုးရဲ့ သုံးရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်းသာရှိပြီး အဆိုပါနှုန်းထားများက အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအတွင်း ဆွေးနွေးညှိနှိုင်းသတ်မှတ်

ထားတဲ့ ASEAN Harmonized Tariff Nomenclature 2017(AHTN 2017)အရ ၁-၁၀-၂၀၁၇ ရက်နေ့မှာစတင်ကျင့်သုံးခြင်းဖြစ်သဖြင့် လတ်တလောလျှော့ချရန် အစီအစဉ်မရှိသေးပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစတင်၍ မြန်မာနိုင်ငံရှိ သက်တမ်းလွန်မော်တော်ယာဉ်များကို ပိုင်ရှင်ရဲ့ဆန္ဒအရအပ်နှံ၍ ယာဉ်အစားထိုးတင်သွင်းရန် မော်တော်ယာဉ်တင်သွင်းခြင်းမူဝါဒ ပြောင်းလဲခဲ့ပြီးနောက် ပြည်ပကလွတ်လပ်စွာတင်သွင်းလာတဲ့ မော်တော်ယာဉ်များအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် အခြား မှတ်ပုံတင်ဆိုင်ရာအခများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ကောက်ခံ၍ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းလျက်ရှိပါတယ်။ ပြည်ပကတင်သွင်းလာတဲ့ မော်တော်ယာဉ်များရဲ့ ကနဦး မှတ်ပုံတင်ရာမှာ ကောက်ခံတဲ့ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို မော်တော်ယာဉ်၏မူလတန်ဖိုး FOB ဈေးနှုန်းအပေါ် ငါးရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ စက်စွမ်းအားအလိုက် သတ်မှတ်ကောက်ခံ ပါတယ်။ အခုလိုကောက်ခံရာမှာ အများပြည်သူသယ်ယူပို့ဆောင်ရေးနှင့်ဆိုင်တဲ့လုပ်ငန်းသုံးယာဉ်၊ ခရီးသည်တင်ယာဉ်များကို FOB ရဲ့ငါးရာခိုင်နှုန်းသာကောက်ခံပြီး လူစီးဇိမ်ခံကားများကို စက်စွမ်းအား အလိုက် ၃၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ ကောက်ခံလျက်ရှိပါတယ်။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ သာသနာတော်ဆိုင်ရာယာဉ်နှင့် အစိုးရဌာနအဖွဲ့အစည်းပိုင်ယာဉ်များ ကိုတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တည်ဆဲမော်တော်ယာဉ်ဥပဒေနဲ့အညီ ပြည်ပ တင်သွင်းယာဉ်မှတ်ပုံတင်ခများ ကင်းလွတ်ခွင့်ပြုပေးလျက်ရှိပါတယ်။ လက်ရှိကောက်ခံနေတဲ့ ယာဉ် မှတ်ပုံတင်ခနှုန်းထားများက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုနှုန်းထားများဖြစ်ပြီး နိုင်ငံတော် အတွက် ရသင့်ရထိုက်တဲ့ဘဏ္ဍာငွေများရရှိစေရန်၊ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေငွေစာရင်းပါ လျာထားချက်များ ပြည့်မီကျော်လွန်စွာကောက်ခံရရှိနိုင်ရန်အတွက် ရည်မှန်းချက်ဖြင့် စိစစ်ကောက်ခံ နေခြင်းဖြစ်ပါတယ်။ ကင်းလွတ်ခွင့်ပြုသင့်ပြုထိုက်တဲ့ယာဉ်များကိုလည်း ဥပဒေနှင့်အညီ စိစစ်ခွင့်ပြု ပေးလျက်ရှိပါသဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ကဒ်များကို ဖြေလျှော့ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မော်တော်ယာဉ် ပိုင်ရှင်တို့ကို လမ်းဘေးမှာ ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ်လမ်းအသုံးပြုခတို့ကို

တိုးမြှင့်ကောက်ခံရေးကိစ္စနှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီတို့၏ ပေါင်းစပ်ဖြေကြားချက်များအရ ယာဉ်ရပ်နားခနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့်ရှမ်းပြည်နယ်တို့မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယာဉ်ရပ်နားခများကို ကောက်ခံလျက်ရှိပါကြောင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှာ ဆိပ်ငယ်ဈေးယာဉ်ရပ်နားခကိုသာ ကောက်ခံလျက်ရှိပါကြောင်းနှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်တို့မှာ ယာဉ်ရပ်နားခကောက်ခံခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မော်တော်ယာဉ်ညအိပ်ခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်းပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နှင့် တောင်ကုတ်မြို့နယ်တို့မှာ ညအိပ်အခွန်ကောက်ခံလျက်ရှိပါကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်ရှိ လမ်းနယ်မြေပေါ်မှာ ညအိပ်ရပ်နားသောယာဉ်များကို ညအိပ်အခွန်ကောက်ခံလျက်ရှိပါကြောင်း ချင်းပြည်နယ်ရှိ ဟားခါးမြို့မှာ ညအိပ်မော်တော်ယာဉ်ရပ်နားခတန်ကြေးကို ကောက်ခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာတော့ ညအိပ်အခွန်ကောက်ခံခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဘီးခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ ဘီးခွန်စည်းကြပ်ကောက်ခံလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်တို့မှာ ဘီးခွန်ကောက်ခံခြင်းမရှိပါကြောင်းတင်ပြအပ်ပါတယ်။ မြို့နယ်ဝင်ကြေး ကောက်ခံကြေးနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဥပဒေနည်းဥပဒေတို့တွင်ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ နှုန်းထားများအတိုင်း မြို့ဝင်ကြေးကောက်ခံလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်တို့မှာ မြို့ဝင်ကြေးကောက်ခံခြင်းမရှိပါကြောင်း ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မော်တော်ယာဉ်မောင်းနှင်နေစဉ် လမ်းအသုံးပြုခတိုးမြှင့်ကောက်ခံရေးကိစ္စနှင့် စပ်လျဉ်းပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းဦးစီးဌာနပိုင်လမ်းများပေါ်မှာ လက်ရှိကောက်ခံရရှိတဲ့ လမ်းအသုံးပြုခနှုန်းထားများဟာဆိုရင် ၂၀၁၁ ခုနှစ်က အခြေခံစံနှုန်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါကြောင်း ယခုအခါအချိန်ကာလနှင့်လျော်ညီသော နှုန်းထားတစ်ခုဖြစ်စေရန် ငွေဖောင်းပွမှုနှုန်းနှင့် ဘဏ်အတိုးနှုန်းတို့ကို အခြေခံတွက်ချက်ပြီး IRR လျော်ညီသော နှုန်းထားတစ်ခု တိုးမြှင့်ရန်အတွက် ADB နည်းပညာ

အထောက်အပံ့နှင့် အပြည်ပြည်ဆိုင်ရာဥပဒေအတိုင်ပင်ခံအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး တိုးမြှင့်ကောက်ခံရန်ဆောင်ရွက်လျက် ရှိပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဥပဒေနှင့်မညီဘဲ အသုံးပြုသည့်ယာဉ်နှင့် ယာဉ်အသုံးပြုသူတို့ကို ထိရောက်သော အရေးယူရေးနှင့်စပ်လျဉ်းသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန် အထိ တရားမဝင်လိုင်စင်မဲ့ မော်တော်ကား ၁၀၄၀ စီး၊ မော်တော်ယာဉ်ဆိုင်ကယ် လေးစီးနှင့် ဥပဒေနှင့် မညီတဲ့ သွားလာတဲ့ စည်းကမ်းပျက် မော်တော်ကား ၂၂၀၂၄၈ စီး၊ မော်တော်ဆိုင်ကယ် ၂၂၂၄၆၀ စီး၊ ထော်လာဂျီ ၇၂၆ စီး၊ သုံးဘီးယာဉ် ၂၄၆၁ စီးနှင့် အနှေးယာဉ်ဆိုက္ကား ၂၅၈၉ စီးတို့ကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေဖြင့်လည်းကောင်း အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ဥပဒေနဲ့မညီတဲ့ ယာဉ်တင်သွင်းမှု၊ ထုတ်လုပ်ရောင်းချမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်တင်သွင်းလာတဲ့ မော်တော်ယာဉ်များကို နယ်မြေအတွင်းစစ်ဆေးတွေ့ရှိပါက ပို့ကုန်သွင်းကုန်ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားအပ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အန္တရာယ်ရှိ ကုန်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီအရောင်းဆိုင်များ ဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လိုအပ်သောသင်တန်းများကို သင့်လျော်သော ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန်နှင့် အသိအမှတ်ပြုလက်မှတ် ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်သွယ်ရေကြောင်းလောကမှာ ဆီ၊ လောင်စာဆီ၊ စက်ဆီ၊ ချောဆီ၊ သဘာဝဓာတ်ငွေ့အရည်နှင့် ဓာတုဗေဒအရည်စတဲ့ အန္တရာယ်ရှိကုန်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့နဲ့စပ်လျဉ်းပြီး လုပ်ကိုင်ဆောင်ရွက်သူများကို ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ သင်တန်းကျောင်းတွေမှာ သင်တန်းများ တက်ရောက်သင်ကြားရပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးတဲ့ လက်မှတ်ကိုကိုင်ဆောင်ထားရပါတယ်။ ဖော်ပြပါ ကုန်ပစ္စည်းများရဲ့ သဘောသဘာဝဟာ အန္တရာယ်ဖြစ်စေရန်လွယ်ကူလျင်မြန်သောကြောင့် ထိုပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ကိုလုပ်ကိုင်ဆောင်ရွက်ကြသူများဟာ ထိုကုန်ပစ္စည်းများရဲ့ သဘောသဘာဝ ဘေးအန္တရာယ်ကင်းရှင်းအောင် မည်သို့ကိုင်တွယ်ထိန်းသိမ်းရမယ်၊ မည်သို့သယ်ယူပို့ဆောင်ရမယ်ကို တိတိကျကျတတ်သိနေရန်နှင့် လိုက်နာကျင့်သုံးရန် လိုအပ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပွားလျက်ရှိတဲ့ စက်သုံးဆီအရောင်းဆိုင်မီးလောင်မှုတွေ၊ ဆီဘောက်ဆာယာဉ်မီးလောင်မှုတွေဟာ စက်သုံးဆီများရဲ့သဘောသဘာဝလွယ်ကူလျင်မြန်စွာ အန္တရာယ်ဖြစ်စေမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မည်သို့ကိုင်တွယ်ထိန်းသိမ်းရမယ်၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မည်သို့သယ်ယူပို့ဆောင်ရမယ်ကိုမသိကြတဲ့သူများက လုပ်ကိုင်ဆောင်ရွက်နေကြခြင်းကြောင့် အဓိကဖြစ်ပါတယ်။ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါကလည်း အပြစ်မဲ့ပြည်သူတို့ရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ကို ကြီးမားစွာ ထိခိုက်ဆုံးရှုံးစေပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အန္တရာယ်ရှိကုန်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့်သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီအရောင်းဆိုင်များဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လိုအပ်သောသင်တန်းများကိုသင့်လျော်သောဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိသူများကိုသာ စက်သုံးဆီအရောင်းဆိုင်များ၊ ဆီဘောက်ဆာယာဉ်များမှာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၏ အန္တရာယ်ရှိကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီအရောင်းဆိုင်များ ဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လိုအပ်တဲ့သင်တန်းများကို သင့်လျော်တဲ့ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိသူများကိုသာ စက်သုံးဆီအရောင်းဆိုင်များ၊ ဆီဘောက်ဆာယာဉ်များအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားဝန်ကြီးဌာနနှစ်ခုနဲ့ ပေါင်းစပ်ညှိနှိုင်း ဖြေကြားတဲ့အတွက်လည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းကလည်း ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ပတ်သက်တဲ့ အရေးတကြီးမေးခွန်းဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း အချိန်ကို နည်းငယ်ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနအနေနဲ့ ၂၀၁၇ ခုနှစ်၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ဘေးအန္တရာယ်ကင်းရှင်းစွာသိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင် ထုတ်ပေးခြင်းနှင့် သယ်ဆောင်သည့်မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများအတွက် သယ်ဆောင်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စက်သုံးဆီ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆီသယ်ယာဉ်နှင့်ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းများ၊ အန္တရာယ်ရှိသော ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြလျက် ရှိသဖြင့် စက်သုံးဆီအရောင်းဆိုင်များနှင့် ဆီဘောက်ဆာယာဉ်များမှာ လုပ်ကိုင်ဆောင်ရွက်နေသူများ

ကို သင်တန်းများပေးရန်အစီအစဉ်မရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများမှာ တာဝန်ထမ်းဆောင်နေသူများနှင့် တာဝန်ထမ်းဆောင်မည့်သူများအနေနဲ့ စက်သုံးဆီများကို သယ်ယူ/သိုလှောင်/ဖြန့်ဖြူးရောင်းချရာမှာ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတိပြုလိုက်နာဆောင်ရွက်ရမည့် အချက်များကို သိရှိနားလည်ပြီး စနစ်တကျဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက စက်သုံးဆီ ကိုင်တွယ်ထိန်းသိမ်းခြင်းအခြေခံ သင်တန်းများဖွင့်လှစ်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပါ သိထားသင့်သောအကြောင်းအရာများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေနံထွက်ပစ္စည်းများ သယ်ယူ/သိုလှောင်/ဖြန့်ဖြူးရောင်းချရာမှာ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ဆီတင်ယာဉ်မောင်းများ သိရှိလိုက်နာရမည့်အချက်များကို စာတွေ့၊ လက်တွေ့ဆွေးနွေးပို့ချသင်ကြားပေးလျက်ရှိပါတယ်။

အဆိုပါသင်တန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ယနေ့အထိ တစ်လလျှင် နှစ်ကြိမ်ဖွင့်လှစ်ပြီး သင်တန်းတစ်ကြိမ်လျှင် သင်တန်းသားဦးရေ ၂၀ မှ ၃၀ အထိ သင်ကြားပို့ချ၍ စုစုပေါင်းသင်တန်း (၄၅)ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၉၅၁ ဦးကို အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ နောင်တွင် အဆိုပါသင်တန်းဆင်းလက်မှတ် ရရှိပြီးသူများကိုသာ စက်သုံးဆီအရောင်းဆိုင်၊ သိုလှောင်ကန်စခန်းများမှာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေး ဆက်လက်၍ စီမံကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရယူထားပြီးဖြစ်တဲ့ ပုဂ္ဂလိကစက်သုံးဆီတင်ရေယာဉ်များကို GPS စနစ်တပ်ဆင်စေပြီး စောင့်ကြည့်စစ်ဆေးထိန်းသိမ်းကြပ်မတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ ဆက်လက်၍ တစ်နိုင်ငံလုံးရှိ ဆီတင်ရေယာဉ်များ၊ ဆီတင်တွဲများနှင့် ဆီတင်ယာဉ်များအားလုံးကိုလည်း တပ်ဆင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆီတင်ယာဉ်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် ဇွန်လမကုန်မီ ဆီတင်ယာဉ်ကိုင်တွယ်ထိန်းသိမ်း မောင်းနှင်ခြင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချ၍ ဆီတင်ယာဉ်

မောင်းများကို အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့နှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပြီး နောင်တွင် အဆိုပါသင်တန်းဆင်းလက်မှတ်ရရှိပြီးသည့် ဆီတင်ယာဉ်မောင်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေးအတွက် ဆက်လက်၍ စီမံကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

ထို့အပြင် ရေနံဓာတ်ငွေ့ရည်သယ်ဆောင်တဲ့ ယာဉ်မောင်းများအတွက် အသိပညာပေးသင်တန်း(Safety Awareness Training for LPG Tanker Drivers)အမှတ်စဉ်(၁)ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှ ၇ ရက်နေ့အထိလည်းကောင်း၊ သင်တန်းအမှတ်စဉ်(၂)ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိလည်းကောင်း မြန်မာ့ရေနံဓာတုလုပ်ငန်း၏ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသားစုစုပေါင်း ၄၁ ဦးတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ပြီးသူများအား သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို မြန်မာ့ရေနံဓာတုလုပ်ငန်းက ထုတ်ပေးခဲ့ပါကြောင်းကိုလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ အန္တရာယ်ရှိသောကုန်ပစ္စည်းများ၊ သယ်ယူပို့ဆောင်တဲ့ ဘောက်ဆာနှင့်ဆီတင်ယာဉ်(Tanker)များကို ဘေးအန္တရာယ်ကင်းရှင်းရေးအပိုင်းဆိုင်ရာ စစ်ဆေးမှုများဆောင်ရွက်ပြီးမှသာ ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စိစစ်ရာမှာလည်း Hydrostatic စမ်းသပ်မှုအစီရင်ခံစာ၊ Radiographic စမ်းသပ်မှုအစီရင်ခံစာ၊ သတ္တုတွင်းဦးစီးဌာနကထုတ်ပေးတဲ့ သိုလှောင်ကန်အတွက် ရေနံဓာတ်ငွေ့ရည်သယ်ဆောင်ခွင့်လက်မှတ် စတဲ့ အထောက်အထားစာရွက်စာတမ်းများကို သေချာစွာစိစစ်ပြီးမှ မှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။

အန္တရာယ်ရှိတဲ့ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း(Dangerous Goods Transport) နှင့်စပ်လျဉ်းပြီးတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ European Agreement Concerning the International Carriage of Dangerous Goods by Road(ADR)ကို ကိုးကား၍ အန္တရာယ်ရှိသောကုန်ပစ္စည်းများ အမျိုးအစားခွဲခြားခြင်းနှင့် လိုက်နာရန်အချက်များ၊ ၎င်းတို့ကိုသယ်ဆောင်မယ့် မော်တော်ယာဉ်များတွင် ယာဉ်အမှတ်အသား၊ ကွန်တိန်နာအမှတ်အသား၊

တိုင်ကီအမှတ်အသားပြုလုပ်ခြင်းကိစ္စ၊ အထုပ်အပိုးများမှာ တံဆိပ်ကပ်ခြင်း၊ ကုန်တင်ခြင်းနှင့် ကုန်ချခြင်းဆိုင်ရာကိစ္စများ၊ ယာဉ်ပေါ်တွင်ပါရှိရမည့်ပစ္စည်းများ၊ မတော်တဆမှုဖြစ်ပွားခြင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက လိုက်နာရမည့်အချက်များနှင့် ယာဉ်ပေါ်တွင်ပါရှိရမည့် စာရွက်စာတမ်းများနှင့်ပတ်သက်တဲ့ ရုံးအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

အဲဒါကြောင့် အန္တရာယ်ရှိတဲ့ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်တဲ့ လုပ်ငန်းရှင်များအနေနဲ့ အဲဒီလိုကုန်ပစ္စည်းများ သယ်ဆောင်တဲ့ယာဉ်ကို မောင်းနှင်တဲ့ယာဉ်မောင်းများအနေနဲ့ ထုတ်ပြန်ထားတဲ့ အန္တရာယ်ရှိတဲ့ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာမှာ လိုက်နာရမည့်အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာသယ်ယူပို့ဆောင်ကြမယ်ဆိုရင် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံမှုရှိစေမှာဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကလည်း ဖွင့်လှစ်တဲ့ LPG သယ်ဆောင်သည့် Bowser သို့မဟုတ် Tank Lorry ယာဉ်မောင်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေး အသိပညာပေးသင်တန်းများတွေမှာလည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပူးပေါင်းပါဝင်ပို့ချဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အန္တရာယ်ရှိသောကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စက်သုံးဆီအရောင်းဆိုင်များ၊ ဆီဘောက်ဆာယာဉ်များမှာ လုပ်ကိုင်ဆောင်ရွက်နေသူများနဲ့ လုပ်ကိုင်ဆောင်ရွက်လိုသူများကို သင်တန်းများပေးပြီး အသိအမှတ်ပြုလက်မှတ်ရရှိသူများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် အစီအမံများမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မက်မန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မက်မန်း)တွင် (၁၀၀x ၃၀)ပေနှစ်ထပ် စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌ ကြီးခင်ဗျား။ မက်မန်းမြို့နယ်အတွင်း ပညာရေးကဏ္ဍအနေဖြင့် အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)သုံးကျောင်း၊ အခြေခံပညာမူလတန်းလွန် ကျောင်းခြောက်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၂၃ ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း(ခွဲ)ကိုးကျောင်း စုစုပေါင်း ၄၃ ကျောင်းမှာ ကျောင်းသူကျောင်းသား ၂၆၈၀ ဦးဖြင့် သင်ကြား မှု၊ သင်ယူမှုများဆောင်ရွက်လျက်ရှိပါတယ်။ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်မှာ အခြေခံပညာအထက် တန်းကျောင်းတစ်ကျောင်းသာရှိပြီး မက်မန်းမြို့နယ်တစ်နယ်လုံးမှာရှိတဲ့ကျောင်းသူကျောင်းသားများ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကို ၎င်းကျောင်းမှာသာ ပညာသင်ကြားရလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲကို ယခင်က မက်မန်းမြို့ကနေပြီးတော့ ၇၃ မိုင်ဝေးတဲ့ မိုင်းပျဉ်းမြို့မှာ သွားရောက်ဖြေဆိုရပါတယ်။ ငွေရေးကြေးရေးခက်ခဲမှုကြောင့် အချို့သော ကျောင်းသူကျောင်းသားများဟာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တွေမှာ ကျောင်းကထွက်ပြီးတော့ မိဘများနှင့်အတူ တောင်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြတာကို လည်း တွေ့ရှိရပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ မက်မန်းအထက်တန်းကျောင်းအနေဖြင့် စာစစ်ဌာနရရှိခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မက်မန်း(အ.ထ.က)မှာ ဖြေဆိုခွင့်ရရှိခဲ့တဲ့အတွက် ကျောင်းသား ကျောင်းသူများ၊ မိဘများအနေနဲ့ မိုင်းပျဉ်းမြို့ကိုသွားလာရတဲ့အခက်အခဲတွေ၊ စာမေးပွဲဖြေဆိုစဉ် နေရေး၊ ထိုင်ရေး၊ စားသောက်ရေးအခက်အခဲများ မရှိတော့သလို အဓိကအနေနဲ့ငွေရေးကြေးရေး ကုန်ကျမှုနည်းပါးသွားတဲ့အတွက် စာစစ်ဌာနဖွင့်လှစ်ပေးခဲ့တဲ့ ပညာရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းသူကျောင်းသားများရဲ့ ကြိုးစားမှု၊ မိဘများရဲ့ပညာရေးအပေါ်အလေးထားမှု၊ ပညာရေးဝန်ကြီးဌာနမှ ဆရာဆရာမများရဲ့ သင်ကြားပို့ချမှုကောင်းမွန်မှုများကြောင့် အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၂၁.၂၁ ရာခိုင်နှုန်းအထိ ရရှိ ခဲ့တဲ့အတွက် ယခင်နှစ်များနှင့်နှိုင်းယှဉ်မယ်ဆိုရင် များစွာတိုးတက်လာတာကို တွေ့ရှိရပါတယ်။

**မူကြမ်း**

မက်မန်းမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှုအနေနဲ့ အထက်တန်းအဆင့် ၈၂ ဦး၊ အလယ်တန်းအဆင့် ၁၉၅ ဦး၊ မူလတန်းအဆင့် ၁၅၉ ဦး စုစုပေါင်း ၄၃၆ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ကျောင်းသူကျောင်းသား ၄၃၆ ဦး ပညာသင်ကြားဖို့အတွက် လက်ရှိစာသင်ဆောင်လေးဆောင်မှာ လုံလောက်မှုမရှိပါဘူး။ ကျောင်းဆောင်တချို့ဟာ ကြမ်းခင်းမရှိဘဲ မြေစိုက်အဆောက်အဦဖြစ်နေပါတယ်။ တချို့စာသင်ဆောင်များဟာ မျက်နှာကြက်မရှိပြီးတော့ အပူဒဏ်ကြောင့် စာသင်ကြားမှုခက်ခဲခြင်း၊ နောင်လာမယ့်နှစ်တွေမှာ ကျောင်းသူကျောင်းသားလူဦးရေတိုးလာနိုင်ခြင်း စတဲ့အခက်အခဲများရှိသလို ခရိုင်အဆင့်မြို့ဖြစ်တဲ့အတွက်ကြောင့်တစ်ကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားကျောင်းသူကျောင်းသားများ၊ မိဘများအနေနဲ့ ပညာရေးကို ယခုထက်ပိုမိုစိတ်ဝင်တစားနှင့် အလေးထားနိုင်စေဖို့ အနာဂတ်မှာ နိုင်ငံအတွက် ထူးချွန်ထက်မြက်တဲ့လူရည်ချွန်၊ လူရည်မွန်လေးများ ပိုမိုပေါ်ပေါက်လာစေဖို့အတွက်ရည်ရွယ်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးချင်တဲ့မေးခွန်းကတော့ မက်မန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မက်မန်း)တွင် (၁၀၀ x ၃၀)ပေ နှစ်ထပ်စာသင်ဆောင်ကျောင်းဆောင်တစ်ဆောင် အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပြီး အစီအစဉ်မရှိဘူးဆိုရင် မည်သည့်အတွက်ကြောင့်မရှိသည်ကို မေးလိုတဲ့မေးခွန်းပဲဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဦးတင်အေးရဲ့မေးခွန်းဖြစ်သော မက်မန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မက်မန်း)တွင် ပေ(၁၀၀x ၃၀)နှစ်ထပ်စာသင်ကျောင်းဆောင်တစ်ဆောင် အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ဦးစွာတင်ပြလိုပါတယ်။

**မူကြမ်း**

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း အသစ်ဆောက်လုပ်မယ့် ကျောင်းဆောင် ၁၁ ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်များအား ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် ငါးကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ရန် ခြောက်ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန် တစ်ကျောင်း၊ ဆရာဆရာမဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်တစ်ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန်တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၂၅ ကျောင်းအတွက် ဦးစားပေးအဆင့်များ ခွဲခြားပြီး ဘဏ္ဍာငွေထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ဒီလိုထည့်သွင်းလျာထားခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ မက်မန်းမြို့နယ်၊ မက်မန်းအခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်တစ်ဆောင်အသစ်ဆောက်လုပ်ရန် ရန်ပုံငွေကိုပါ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိလျှင် တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာဆရာမများကို အခြားသော အ.ထ.က ကျောင်းများကဲ့သို့ ခွဲဝေ(၁၂)ဦးနှင့်အညီ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မဲဆန္ဒနယ်ဖြစ်တဲ့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်မှာဆိုရင် မြို့ပေါ် ၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၃၂၀ နှင့် လူဦးရေ ၁၅၀၀၀၀ ခန့်နေထိုင်တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ ပြီးခဲ့တဲ့ရက်ပိုင်းကာလမှ ထပ်မံတိုးမြှင့်ခွင့်ရရှိတဲ့ အထက်တန်းကျောင်း(ခွဲ)သုံးကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းအပါ

အဝင် ကျောင်းပေါင်း ၂၂၁ ကျောင်းမှာ ပညာသင်ကြားလျက်ရှိကြပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းမယ့် ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်းဟာဆိုရင် ၁၉၉၅-၁၉၉၆ ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ အိမ်ခြေ ၈၀၀ ခန့်နှင့် ကျောင်းသား ၆၀၀ ကျော်နဲ့ စတင်ဖွင့်လှစ်ခဲ့တဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ယခုအခါအဲဒီကျေးရွာမှာ အိမ်ခြေပေါင်း ၁၆၀၀ ကျော် တိုးတက်များပြားလာတဲ့ကျေးရွာတစ်ရွာဖြစ်ပြီးတော့ အဲဒီကျေးရွာပါဝင်တဲ့ ပါလောပါကယ်ကျေးရွာ အုပ်စုဟာဆိုရင် ကျေးရွာပေါင်း ၅၀ နှင့်ဖွဲ့စည်းထားရှိပြီး လူဦးရေ ၂၄၀၀၀ ခန့်နေထိုင်တဲ့ ကျေးရွာ အုပ်စုကြီးတစ်ခု ဖြစ်ပါတယ်။ တိုးတက်များပြားလာသောလူဦးရေနှင့်အညီ အဲဒီအထက်တန်းကျောင်း မှာ ကျောင်းသားကျောင်းသူများဟာဆိုရင် တစ်နှစ်ထက်တစ်နှစ်များပြားလာတဲ့အပြင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ပြီးတော့ မောက်မယ်မြို့နယ်၊ ဟိုပုန်းမြို့နယ်၊ ကျောက်တစ်လုံး ကြီးမြို့နယ်ခွဲနှင့် ဆီဆိုင်မြို့နယ်မှ ၅၊ ၆၊ ၇၊ ၈ ကျောင်းသား ၈၀ နှင့် ကျောင်းသူ ၈၀ ထပ်မံတိုးပွားလာတဲ့ အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူ ၁၆၄၇ ဦးအထိ တိုးတက်များပြား လာခဲ့ပါတယ်။ အထက်တန်းကျောင်းသားများအနေနဲ့ကြည့်ရင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ၂၀၂ ဦးသာရှိရာမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ၃၃၆ ဦးအထိ တိုးတက်များပြားလာသော်လည်း အထက်တန်းပြဆရာဆရာမများကတော့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီးတော့ ၂၀၁၈-၂၀၁၉ အထိ ခြောက်ဦးသာရှိလို့ သင်ကြားရေးအခက်အခဲကြုံတွေ့နေရတာ ခြောက်နှစ်ခန့်ရှိပြီဖြစ်ပါတယ်။ တန်းခွဲများ ထပ်မံမခွဲနိုင်တဲ့အတွက် ကလေးများဟာဆိုရင် တစ်တန်းမှာ ၆၀ ဦးခန့် ကြပ်တည်းစွာ ပညာသင်ကြားခဲ့ရပြီး ဒေသနေတိုင်းရင်းသားလူငယ်များရဲ့အထက်တန်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခက်အခဲကြုံတွေ့ခဲ့ရပါတယ်။ အထက်တန်းကျောင်း ၁၂ ကျောင်းထဲမှာဆိုရင် ဖော်ပြပါ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်းဟာ တတိယမြောက်ဖွင့်လှစ်ခဲ့တဲ့ကျောင်းဖြစ်သလို ကျောင်းသားဦးရေကလည်း တတိယအများဆုံးဖြစ်သည့်အပြင် အထက်တန်းကျောင်းသားများက လည်း တတိယအများဆုံးဖြစ်နေပါလျက်နှင့် အခြားအခြေခံပညာအထက်တန်းကျောင်း ကျောင်းသား နည်းသောကျောင်းနှင့်အဆင့်တူ၊ ဘာသာရပ်တူဖြစ်နေသော်လည်း ဆရာဆရာမများအနေနဲ့ သုံးဦး၊ လေးဦးလောက် လျော့နည်းရှိနေခြင်းဟာ နှစ်ရှည်ဖြစ်ရခြင်းအတွက် ၎င်းဒေသနေ ကျောင်းသူ ကျောင်းသားများအတွက် အခက်အခဲကြုံတွေ့ခဲ့ရပါတယ်။ ယခင်နှစ် နိုဝင်ဘာလမှာ ဆရာမတစ်ဦး ဟာဆိုရင် ထပ်မံရာထူးတိုးခဲ့တဲ့အတွက် စာသင်နှစ်အပြီးမှာ ဆရာဆရာမငါးဦးနဲ့သာ ခက်ခဲစွာ

သင်ကြားသင်ယူခဲ့ကြရပါတယ်။ ယခု ကျွန်တော့်ကြယ်ပွင့်ပြမေးခွန်းဟာဆိုရင် ဒသမပုံမှန် အစည်း အဝေးမှာ ပေးပို့ခဲ့တာဖြစ်ပြီး ယခုရက်ပိုင်းမှာ ဆရာဆရာမသုံးဦးထပ်မံရောက်ရှိလာကြောင်း သိရှိရပါ တယ်။ သို့ဖြစ်ပါ၍ အထက်ပါအခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော အထက် တန်းပြဆရာဆရာမခွဲဝေ ၁၂ ဦး ခန့်ထားဖြည့်ဆည်းပေးနိုင်မည့်အစီအစဉ်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခွန်သန်းထူးရဲ့မေးခွန်းဖြစ်သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင် အခြေခံပညာအထက်တန်းကျောင်းတွင် အရေးတကြီးလိုအပ်လျက်ရှိသော ဆရာဆရာမများကို အခြား သော အ.ထ.က ကျောင်းများကဲ့သို့ ခွဲဝေ ၁၂ ဦးနှင့်အညီ အမြန်ဆုံးခန့်ထားပေးနိုင်ပါရန် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းလို့ ဆက်လက်ဖြေကြားတင်ပြမှာ ဖြစ်ပါ တယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင် အခြေခံပညာအထက်တန်းကျောင်းမှာ ယခုပညာသင်နှစ်မှာ အခုနက ကိုယ်စားလှယ်တော်ကြီးလည်း ထည့်သွင်းပြောကြားသွားတာ ရှိပါတယ်။ ရာထူးတိုး၊ အပြောင်းအရွှေ့ဆောင်ရွက်တဲ့အချိန်မှာ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်းကို အထက်တန်းပြဆရာဆရာမသုံးဦး ထပ်မံဖြည့်ဆည်း ပေးပြီးပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် အလယ်တန်းပြတစ်ဦးနဲ့ မူလတန်းပြတစ်ဦးတို့ကို လည်း ထပ်မံဖြည့်ဆည်းပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအားဖြင့် ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်အခြေခံပညာအထက်တန်းကျောင်းမှာ အထက်တန်းကျောင်းအုပ်တစ်ဦး၊ အထက်တန်းပြ ရှစ်ဦး၊ အထက်တန်းပြ(ကာယ)တစ်ဦး၊ အလယ်တန်းပြ ၁၃ ဦး၊ PGTMA တစ်ဦး၊ သိပ္ပံတစ်ဦး၊

မူလတန်း ပြ ၁၂ ဦး၊ ဝန်ထမ်းသုံးဦးရှိတဲ့အတွက် စုစုပေါင်း ဝန်းထမ်းအင်အား ၄၀ အထိ ဖြည့်ဆည်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် တစ်နာရီခန့် အစည်းအဝေးကို ရပ်နားပါမယ်။

**အချိန်၊ ၁၂း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်ရှိသောမေးခွန်းသုံးခုကို မေးမြန်း ဖြေကြားခြင်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မိုင်းပျဉ်းမြို့နယ်၊ ပောင်ကန်ကျေးရွာအုပ်စု၊ နားယုန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား လာမည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာ သောသုခအပေါင်းနှင့် ပြည့်စုံခညှောင်းပါစေကြောင်း ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**မူကြမ်း**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ကျင်းပတဲ့ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တိုင်းရင်းသားရင်သွေးငယ်များရဲ့ အနာဂတ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီးတော့မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် မေးခွန်းတစ်ခုကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှာ ဟောင်ကန်ကျေးရွာအုပ်စုဆိုတဲ့ကျေးရွာအုပ်စုတစ်စုရှိပါတယ်။ အဲဒီကျေးရွာအုပ်စုမှာ ရှမ်းတိုင်းရင်းသားလူမျိုးများ၊ လွယ်လ(ဝ)တိုင်းရင်းသားလူမျိုးများနှင့် လားဟူလူမျိုးများ စုပေါင်းနေထိုင်တဲ့ကျေးရွာအုပ်စုကြီးတစ်စု လည်းဖြစ်ပါတယ်။ အိမ်ထောင်စုအားဖြင့် ၄၆၀ အိမ်ထောင်စုရှိပြီး လူဦးရေအားဖြင့် ၂၀၃၃ ခန့်မှီတင်း နေထိုင်တဲ့ကျေးရွာအုပ်စုကြီးတစ်စုရှိပါတယ်။ ဟောင်ကန်ကျေးရွာအုပ်စုမှာ ရွာပေါင်း ၁၀ ရွာခန့်ရှိပြီး တော့မှ အဲဒီ ၁၀ ရွာအနက် နားယုန့်ဆိုတဲ့ကျေးရွာမှာ လွယ်လ(ဝ)တိုင်းရင်းသားလူမျိုးများ အများဆုံး မှီတင်းနေထိုင်တဲ့ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ အိမ်ထောင်စုအားဖြင့် ၇၀ အိမ်ထောင်စုခန့် ရှိပါတယ်။ နားယုန့်ကျေးရွာဟာ ပညာရေးကို လိုလားတဲ့ကျေးရွာဖြစ်တဲ့အားလျော်စွာ မိမိရဲ့ပညာရေးကဏ္ဍ အနာဂတ်ရင်သွေးငယ်ကလေးများအတွက်ဆိုပြီးတော့ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းကို နှစ်ရှည်များစွာဖွင့်လှစ်လာခဲ့ပြီးတဲ့အခါကျ တော့ နိုင်ငံတော်အစိုးရရဲ့ကောင်းမွန်မြင့်မြတ်တဲ့စေတနာအရ နားယုန့်ကျေးရွာအခြေခံပညာ မူလတန်းကျောင်း ကိုယ်ထူ ကိုယ်ထကို အဆင့်မြှင့်တင်ပြီးမှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကလည်း လွန်ခဲ့တဲ့သုံးနှစ်ကာလအတောအတွင်းမှာ ဆောင်ရွက်ထားတဲ့အနေအထား ဖြစ်ပါတယ်။ ဆရာမတစ်ဦးနဲ့ ကျောင်းသူကျောင်းသားအင်အားပေါင်း ၄၀ ဦးခန့်ပညာသင်ကြားရေး၊ သင်ယူရေးကိစ္စရပ်များကို အားတက်သရော ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ ကျေးရွာ အနေအထားအရ ချို့တဲ့တဲ့အနေအထားဖြစ်တဲ့အတွက်ကြောင့် စာသင်ကျောင်းကို ဒေသထွက်ဖြစ်တဲ့ ဝါး၊ ဝါးကပ်၊ သစ်မျှောတိုင်နှင့် သက်ငယ်များရယ်၊ နောက်ပျက်စီးနေတဲ့ သွပ်များနဲ့ဖြစ်သလိုပဲ ဆောက်လုပ်ပြီးတော့မှ စာသင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ နားယုန့်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းရဲ့ ကျေးရွာကျောင်းအကာအရံ ဝါးကပ်နှင့် ကာထားတာဖြစ်ပါတယ်။ ဒါကတော့ ကျောင်းအဝင်ပေါက် နေရာဖြစ်ပါတယ်။ သက်ငယ်တစ်ပိုင်း၊ သွပ်တစ်ပိုင်းမိုးထားပြီးမှ ဆိုင်းဘုတ်လည်းပီပီပြင်ပြင် မရှိတော့ပါဘူး။ ပျက်စီးပြိုလုတဲ့အနေအထားမျိုးမှာ တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါကတော့ ချို့တဲ့တဲ့လွယ်လ(ဝ) တိုင်းရင်းသားလူမျိုးများရဲ့ ပညာသင်ကြားရမည့်ကျောင်းရှေ့မှာ အမှတ်တရမှတ်တမ်းတင်ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

အဲဒီတော့ ကျွန်တော့်အနေနဲ့တင်ပြလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နားယုန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ရဲ့ ပျက်စီးယိုယွင်းနေတဲ့ စာသင်ဆောင်အဆောက်အဦကို လာမည့်ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ ပြုပြင်ပေးဖို့အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ကပဲ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းထွန်းစိန်ရဲ့မေးခွန်းအပေါ်မှာ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ လွယ်လ(ဝ)လူမျိုးများ စုပေါင်းနေထိုင်သည့်နားယုန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆောက်အဦအား လာမည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းလို့ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လာမယ့်ဘဏ္ဍာရေးနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ အသစ်ဆောက်လုပ်ပေးမယ့်ကျောင်း ၁၁ ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်အဟောင်းကိုဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးမှာ ငါးကျောင်း၊ နောက်တိုးချဲ့အသစ်ဆောက်လုပ်မယ့်ကျောင်း ခြောက်ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန်တစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာတစ်ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန်တစ်ကျောင်း စုစုပေါင်း ၂၅ ကျောင်းကို ဘဏ္ဍာငွေလျာထားပါတယ်။ အဲဒီလိုလျာထားတဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် မိုင်းပျဉ်းမြို့နယ်မှာ အသစ်ဆောက်လုပ်မယ့်ကျောင်းတစ်ကျောင်း၊ သိပ္ပံဆောင်တစ်ကျောင်း စုစုပေါင်း နှစ်ကျောင်းပါပါတယ်။ အခုတင်ပြပါနားယုန့်

ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အတွက်ကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်တော့ ဘဏ္ဍာငွေ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဒေသသင်ရိုးရေးဆွဲနိုင်ရန် တိကျသည့်မူဝါဒချမှတ်ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများပါဝင်ဆွေးနွေးခွင့်ရရှိနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် အချိန်မီ စာအုပ်ရိုက်နှိပ်နိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးမယ့်မေးခွန်းကို Power Point အသုံးပြုပြီး တင်ပြမေးမြန်းခွင့်ပြုပါရှင်။ ပြည်နယ်နှင့်တိုင်းအသီးသီးမှာ ဒေသသင်ရိုးရေးဆွဲနိုင်ဖို့အတွက် တိကျတဲ့မူဝါဒသတ်မှတ်ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများ ပါဝင်ဆွေးနွေးခွင့်ရရှိနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန်နှင့် အချိန်မီစာအုပ်များ ရိုက်နှိပ်ထုတ်ဝေနိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် မေးမြန်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ ဒေသသင်ရိုးဟာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဒေသသင်ရိုးအတွက် အကျိုးကျေးဇူးတွေများစွာ ရှိပါတယ်။ မိမိရဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်ကိုလေ့လာနိုင်မှုပဲ ကျောင်းသားကျောင်းသူတွေဟာ တီထွင်ဖန်တီးမှုတွေ ရရှိနိုင်ပြီးတော့ မိမိကိုယ်ကို ယုံကြည်မှုရှိလာစေနိုင်ပြီးတော့မှ ဒီပတ်ဝန်းကျင်နဲ့ဆက်သွယ်နိုင်တဲ့သူတွေ ဖြစ်လာနိုင်ပါတယ်။ အခြေခံပညာသင်ရိုးညွှန်းတမ်းမှာ အခြေခံသင်ရိုး၊ ဒေသသင်ရိုးတို့ကို ထည့်သွင်းရေးဆွဲရန် ဒေသသင်ရိုးကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအားဖြင့် Level သုံးဆင့်ဖြင့် ရေးဆွဲပြဋ္ဌာန်းမည့်သူမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဖြစ်မယ်ဆိုတာကို သိရပါတယ်။ အချိန်မီ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အချိန်မီစာအုပ်ရိုက်နှိပ်ပြီးတော့ အခြေခံပညာကျောင်းများကိုဖြန့်ဝေပြီး သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ဖို့အတွက်ကို နိုင်ငံတော်၏အတိုင်ပင်ခံကိုယ်တိုင် ညွှန်ကြားထားတယ်ဆိုတာကို လေ့လာသိရှိရပါတယ်။ ဒါကတော့ နီပေါနိုင်ငံမှာရှိတဲ့ ကျောင်းတစ်ကျောင်းမှာ သင်ရိုးညွှန်းတမ်းရဲ့ ၂၀ ရာခိုင်နှုန်းကို ဒေသသင်ရိုးညွှန်းတမ်း ဖြစ်ပါတယ်။ ဒေသသင်ရိုးညွှန်းတမ်းမှာ ကျောင်းသူကျောင်းသားတွေဟာ လူပ်ရှားပါဝင်ပြီးတော့မှ ဒီဒေသအတွင်း ယဉ်ကျေးမှုပွဲတော်တွေ၊ ဘာသာရေးပွဲတော်တွေမှာ

ဆင်နွဲခွင့်ရရှိတာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာဆိုလို့ရှိရင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ နောင်ပါမွန်မူလတန်းကျောင်းလေးဟာ ဆရာဦးဆောင်မှုနဲ့ ကျောင်းသူကျောင်းသားများကို သင်ကြားပေးနေပါတယ်။ ဖတ်စာအုပ်ထဲကနေပြီး အလွတ်ကျက်ဖို့မဟုတ်ဘဲနဲ့ သင်ယူလေ့လာခွင့် ပညာတွေပေးနေတာဖြစ်ပါတယ်။ ဒီလိုသင်ပေးခြင်းအားဖြင့် အတိုင်းအတာဖြစ်တဲ့ သင်္ချာဘာသာရပ်တွေကိုပါ အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ တီထွင်ကြံဆမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လက်မှုပညာ၊ အနုပညာ စသည်ဖြင့် များစွာသင်ကြားတတ်မြောက်နိုင်ပါတယ်။ ဒီဒေသနဲ့လျော်ညီတဲ့ အဆောက်အဦတွေဆောက်လုပ်ခြင်းအားဖြင့် ဒီဒေသကိုလေ့လာနိုင်တဲ့ ပထဝီအနေအထားကို လေ့လာနိုင်ပါတယ်။ ဒီအဆောက်အဦတွေရဲ့ တည်ရှိခဲ့တဲ့သမိုင်းကြောင်းတွေပါ လေ့လာနိုင်မှာဖြစ်ပါတယ်။ ပညာရေးစနစ်တစ်ခုအောင်မြင်ဖို့ဆိုတာက ကိုယ့်ဒေသကို ဘယ်လောက်စူးစမ်းလေ့လာနိုင်စွမ်းရှိသလဲ။ ဘယ်လိုပြန်ပြီးအသုံးချပြီးတော့ ဒေသဖွံ့ဖြိုးရေးတွေ တိုးတက်ဖို့အတွက် နည်းလမ်းတွေရှာဖွေလဲဆိုတဲ့အပေါ်မှာ တိုင်းတာရမှာဖြစ်ပါတယ်ရှင်။ သင်ကြားမှုအဆင့်ဆင့်မှာ ပြီးခဲ့တဲ့စနစ်တစ်ခုမှာဆိုလို့ရှိရင် အလွတ်ကျက်မှတ်တဲ့အဆင့်မှာသာ လမ်းဆုံးနေတာဖြစ်ပါတယ်။ မိမိအလွတ်ကျက်လိုက်တဲ့ဘာသာစာတွေအကုန်လုံးကို နားလည်မှုဆိုတာတောင်မှ ရာနှုန်းပြည့်ရှိခဲ့ဖို့ မလွယ်ကူခဲ့ပါဘူး။ မိမိလေ့လာတဲ့ဘာသာရပ်တွေ ပြန်အသုံးချဖို့၊ အသုံးပြုဖို့၊ ပြန်လည်သုံးသပ်ဖို့ကနေပြီးတော့ တီထွင်ကြံဆဖန်တီးဖို့အထိအောင် ရည်ရွယ်ထားတဲ့ စနစ်သစ်ပညာရေးမှာဆိုလို့ရှိရင် ဒေသသင်ရိုးက များစွာအထောက်အကူဖြစ်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေသသင်ရိုးဟာ အရေးကြီးတဲ့အခန်းကဏ္ဍဖြစ်တယ်ဆိုတာ ထင်ရှားစေပါတယ်။ ချင်းပြည်နယ်မှာဆိုလို့ရှိရင် ဒေသသင်ရိုးအတွက် မူကြမ်းတွေရေးဆွဲထားတာမှာဆိုရင် မိမိရဲ့ဒေသကိုချစ်မြတ်နိုးတတ်ဖို့၊ တိုင်းဒေသကြီး/ပြည်နယ်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်ဖို့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ဖို့ ရည်ရွယ်ထားတာကို လေ့လာသိရှိရပါတယ်။ ကဏ္ဍငါးခုအဖြစ်နဲ့သမိုင်းကြောင်းများ၊ အထင်ကရပုဂ္ဂိုလ်များ၊ ဒေသတွင်းက သဘာဝအရင်းအမြစ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ကွန်ပျူတာများ စသည်တို့ပါဝင်တယ်ဆိုတာကိုလည်း သိရှိရပါတယ်။ ဒေသအသီးသီးမှာလည်း ဒေသသင်ရိုးနဲ့ပတ်သက်ပြီးလို့ရှိရင် ဆွေးနွေးမှုတွေလုပ်နေတာကို ကျွန်မတို့လေ့လာရပါတယ်။ ဒါပေမဲ့လည်း တိကျတဲ့မူဝါဒများ ချမှတ်ထားတာ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ပံ့ပိုးကူညီမှုကို လိုအပ်လျက်ရှိနေတာကိုတော့ တွေ့ရှိရပါတယ်။ ဒေသသင်ရိုးအတွက် တိကျတဲ့သင်ရိုးညွှန်းတမ်းတွေ၊ ဖတ်စာအုပ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ပံ့ပိုးပေးခြင်း၊ ကျောင်းသားကျောင်းသူများကို လက်တွေ့ဆောင်ရွက်ခြင်း၊ ဒေသတွင်းလေ့လာရေးသွားရောက်ခြင်း၊

ယဉ်ကျေးမှုပွဲတော်များ၊ ကျောင်းသားကျောင်းသူများကိုယ်တိုင် ပါဝင်စေခြင်းဖြင့် အထွေထွေဗဟုသုတ ရရှိပြီးတော့ မိမိဒေသကို ချစ်မြတ်နိုးတန်ဖိုးထားဖို့အတွက် များစွာထောက်ကူမှာဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဒေသသင်ရိုးရေးဆွဲနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ဖို့ကတော့ အရေးကြီးလိုအပ်လျက် ရှိပါသေး တယ်ရှင်။ ကျွန်မတို့နိုင်ငံက တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်တဲ့ အားသာချက်ရှိပါတယ်။ အဲဒီတော့ မိမိရဲ့ တိုင်းရင်းသားရိုးရာဘာသာစကားတွေ၊ စာပေယဉ်ကျေးမှုတွေ၊ အနုပညာ၊ ရိုးရာဓလေ့တွေ၊ သမိုင်းအမွေအနှစ်တွေ၊ သဘာဝပတ်ဝန်းကျင်တွေအကြောင်းကို တန်းဖိုးထားတတ်ဖို့အတွက် ယင်းတို့ကိုလက်ဆင့်ကမ်းနိုင်တဲ့ နိုင်ငံသူနိုင်ငံသားများဖြစ်အောင် အထောက်အကူဖြစ်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒေသသင်ရိုးအတွက် မည်သည့်မူဘောင်ချမှတ်ပြီးတော့ ပံ့ပိုးဆောင်ရွက်ထား တယ်ဆိုတဲ့အခြေအနေကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက် ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်အေးမြမြမျိုး၏မေးခွန်းဖြစ်သော ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဒေသသင်ရိုးရေးဆွဲနိုင်ရန် တိကျသည့်မူဝါဒချမှတ်ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများ ပါဝင်ဆွေးနွေးခွင့်ရရှိနိုင်သည့် ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်နိုင်ပါရန်နှင့် အချိန်မီ စာအုပ်ရိုက်နှိပ်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက် ပံ့ပိုးပေး မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားတာကတော့ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့်ရှိရေးဆိုပြီး ပြဋ္ဌာန်းထားတာရှိသလို ဘက်စုံ လွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးအစီရင်ခံစာ အတွဲ(၂)အစီရင်ခံစာ စာမျက်နှာ ၃၁ အပိုဒ် ၉၃ မှာလည်း မူလတန်းအဆင့်၌ ဒေသသင်ရိုးညွှန်းတမ်းကို ၂၀ ရာခိုင်နှုန်း ထည့်သွင်းသင်ကြား သင့်ကြောင်း အကြံပြုထားချက်များအရ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေသသင်ရိုးအကောင်အထည်ဖော်ရေး စီမံချက်စာအုပ်ကိုပြုစု၍

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ ပေးပို့တင်ပြပြီးဖြစ်ပါတယ်။ အဆိုပါစာအုပ်မှာ ဒေသသင်ရိုးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဒေသသင်ရိုးအကောင်အထည်ဖော်ရေးအဖွဲ့နှင့် ဒေသသင်ရိုးရေးသားပြုစုရေးအဖွဲ့တို့တွင် ပါဝင်သင့်သည့် ပညာရှင်များ၊ ပုဂ္ဂိုလ်များဆိုင်ရာ အကြံပြုချက်၊ ၎င်းအဖွဲ့မှဆောင်ရွက်မည့်လုပ်ငန်းများ၊ သင်ကြားသင်ယူမှုနည်းလမ်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ၊ တစ်ပတ်စာသင်ချိန်၊ သင်ရိုး၌ ပါဝင်ရမည့်ရာနှုန်းအစရှိသည်တို့ကို အသေးစိတ်တင်ပြပြီးဖြစ်ပါတယ်။ အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းမူကြမ်းတွင်လည်း ဒေသသင်ရိုးဖြင့် မူလတန်းအောက်အဆင့် Grade 1+2+3 တို့၌ တိုင်းရင်းသားဘာသာစကားနှင့် စာပေကိုသင်ကြားပေးရန် မူလတန်းအထက်ဆင့် Grade 4+5 တွင် ဒေသဆိုင်ရာ ပထဝီဝင်၊ သမိုင်း၊ စီးပွားရေးအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများ အစရှိသဖြင့် ဒေသလိုအပ်ချက်နှင့်အညီ သင်ကြားပေးရန် တစ်ပတ်ကိုသင်ချိန် ငါးချိန်၊ တစ်နှစ်သင်ချိန် ၁၂၀ နာရီ၊ အလယ်တန်းအဆင့်Grade 6+7+8 +9 တွင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အခြေခံကျွမ်းကျင်မှု၊ အခြေခံကွန်ပျူတာ၊ သတင်းအချက်အလက်နည်းပညာ၊ စိုက်ပျိုးရေးစသည်တို့ကို ဒေသလိုအပ်ချက်နှင့်အညီ သင်ကြားပေးရန် တစ်ပတ်လျှင် သင်ကြားချိန်လေးချိန်၊ တစ်နှစ်စာသင်ချိန် ၁၀၈ နာရီနှင့် အထက်တန်းအဆင့် Grade 10+11+12 တို့တွင် ICT နည်းပညာ၊ အလုပ်အကိုင်ရရှိရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှု စသည်တို့ကို တစ်ပတ်လျှင် သင်ကြားချိန်လေးချိန်၊ တစ်နှစ်လျှင်၁၀၈ နာရီ သင်ကြားပေးရန် မူလအားဖြင့် တိကျစွာဖော်ပြတင်ပြပြီးဖြစ်ပါကြောင်း အစီရင်ခံအပ်ပါတယ်။

ဒေသသင်ရိုးညွှန်းတမ်းအကောင်အထည်ဖော်ရေး စီမံချက်စာအုပ်တွင် ဒေသသင်ရိုး ရေးသားပြုစုရေးအဖွဲ့ကို သင့်လျော်သောဦးရေဖြင့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအစရှိသည်တို့ကို သိရှိကျွမ်းကျင်သူ ပညာရေးနယ်ပယ်အတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သူ သင်ကြားရေးအတွေ့အကြုံရှိသူတွေ၊ ဒေသခံကျွမ်းကျင်ပညာရှင်များ၊ ပြင်ပပုဂ္ဂိုလ်ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုဖော်ပြထားပြီးဖြစ်ပါတယ်။ ထိုသို့ အကြံပြုချက်အတိုင်း ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် ပညာရှင်များ၊ ဒေသခံများပါဝင်ဆွေးနွေးခွင့်ရနိုင်မယ့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဆ)ပါ ပြဋ္ဌာန်းချက်အရ ဒေသသင်ရိုးသည် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသလိုအပ်ချက်နှင့်အညီ ပြုစုထားသည့် အကြောင်းအရာများသာဖြစ်သဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအမံဖြင့်သာ သင်ကြားနိုင်မည်ဖြစ်ပါတယ်။ သင်ကြားမည့်အကြောင်းအရာ၊ သင်ခန်းစာ၊

ကျောင်းသုံးစာအုပ်အပါအဝင် သင်ကြားသင်ယူမှုပစ္စည်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများကသာ စီစဉ်ဆောင်ရွက်မည့်လုပ်ငန်းများ ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရတွေမှာ တာဝန်ရှိတယ်ဆိုတဲ့ကိစ္စကို နားလည်သဘောပေါက်ပါတယ်။ တချို့ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ များသောအားဖြင့် ပြည်နယ်တွေမှာဆိုရင်လည်း အားကြိုးမာန်တက်လုပ်နေတာတွေလည်း ကျွန်မတို့မြင်ရပါတယ်။ လေ့လာသိရှိရပါတယ်။ အဓိကလိုအပ်နေတာက ပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ ကျွန်မ ခုနကတင်ပြတဲ့ကျောင်းက ရှမ်းပြည်နယ်၊ မူလတန်း(ခွဲ)ကျောင်းကဆရာလေးဆိုလို့ရှိရင် ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ကိုယ့်ရဲ့ကျောင်းသားတွေအတွက်ကို သင်ပေးနေတာဖြစ်ပါတယ်။ ဒါမျိုးဆရာတွေဆိုရင်လည်း ကျွန်မတို့က အားပေးချီးမြှောက်ဖို့၊ ပံ့ပိုးဖို့လိုပါတယ်။ အခုဟာက ကျွန်မတို့က ဒေသသင်ရိုးသင်ခွင့်ရှိတယ်ဆိုတာသာ ညွှန်ကြားလိုက်ပြီးတဲ့အခါကျတော့ ဆရာဆရာမတွေကိုယ်တိုင်ကကို ဒီမှာ ဆန်ထွက်တယ်၊ စပါးထွက်တယ်ဆိုတာလောက်နဲ့ လမ်းဆုံးနေတဲ့ကိစ္စတွေ။ ပြီးတော့ ဒီနာရီတွေမှာ တခြားဘာသာတွေသင်နေတာတွေကိုလည်း ကျွန်မက တွေ့ရတဲ့အခါ အင်မတန် စိတ်မချမ်းမသာဖြစ်ရပါတယ်။ ဒီလောက်အရေးကြီးတဲ့ဘာသာရပ်တစ်ခု၊ ဒီလောက်အပြောင်းအလဲအရွေ့အတွက်ကို အရေးကြီးတဲ့အနေအထားတစ်ခုအပေါ်မှာ ပံ့ပိုးမှုမရှိဘဲနဲ့ ဒီဟာတွေညွှန်ကြားလိုက်ရုံနဲ့ မရပါဘူးရှင့်။ အဲဒီတော့ ကျွန်မတို့အဓိကလိုအပ်တာက ဘဏ္ဍာငွေဖြစ်ပါတယ်။ ဒီဒေသသင်ရိုးအတွက်ကို ကျွန်မတို့က ဘဏ္ဍာငွေထည့်သွင်းဖို့လိုပါတယ်။ ပြီးလို့ရှိရင် ကျွန်မမရှင်းတာက ဒါက တိုင်းဒေသကြီးကနေပြီးတော့မှ ဒီတစ်တိုင်းတစ်ပြည်နယ်လုံးအတွက်ကိုပဲ သီးခြားတိုင်းဒေသကြီး/ပြည်နယ်မှာပဲ အဖွဲ့ဖွဲ့ပြီးတော့ သင်ရိုးလုပ်မှာပါ။ သို့သော်လည်း သက်ဆိုင်ရာခရိုင်တွေ၊ တိုင်းဒေသကြီးတွေ၊ မြို့နယ်တွေမှာ အဆင့်ဆင့်မှာရော ပူးပေါင်းဆောင်ရွက်လို့ရသလား။ ဒါလေးကိုလည်းသိချင်ပါတယ်။ ပြီးတော့ ဖတ်စာအုပ်တွေ ဘယ်လိုမျိုးဝေနေပြီလဲဆိုတာ သိချင်တာ။ အဲဒီတော့ ဘယ်ပြည်နယ်နဲ့ တိုင်းဒေသကြီးဘယ်လောက်က ဖတ်စာအုပ်တွေထွက်ပြီးတော့မှ ဘယ်လိုအတိုင်းအတာအထိ သင်နေပြီလဲဆိုတဲ့အခြေအနေကိုလည်း ကျွန်မသိရှိလိုတဲ့အတွက် ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ထပ်ဆင့်မေးခွန်းနဲ့ စပ်လျဉ်းလို့ဖြေရရင် ကျွန်တော် ရှေးဦးဖြေကြားမှုမှာလည်း ပြည့်စုံစွာဖြေကြားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားဘာသာစကားနဲ့စာပေကို မူလတန်းအဆင့် Grade 1, 2, 3 အတွက် ပြည့်စုံစွာ စာအုပ်တွေလည်း ပြုစုပြီးဖြစ်ပါတယ်။ ရိုက်နှိပ်ပြီးလည်းဖြစ်ပါတယ်။ သင်ကြားရေးအတွက်လည်း စီစဉ်ပြီးဖြစ်ပါတယ်။ ဒီ ဒေသသင်ရိုးကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများက စီမံဆောင်ရွက်မယ့်လုပ်ငန်းဖြစ်ပါတယ်။ ခုန ကိုယ်စားလှယ်တော်ကြီးတင်ပြသလို တချို့တိုင်းဒေသကြီးနဲ့ပြည်နယ်များက သင်ကြားမှုအားကောင်းပြီး တချို့တိုင်းဒေသကြီးနဲ့ပြည်နယ်များက အားနည်းတာတွေတင်ပြသွားတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အားနည်းတယ်လို့ယူဆရတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်များကို ပြန်လည်ဆန်းစစ်ပြီးတော့ တကယ်လို့ လိုအပ်ချက်များရှိရင် ပညာရေးဝန်ကြီးဌာနကတော့ နည်းပညာအားဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဘုတ်ပြင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဥပဓိရုပ်မကောင်းတော့သည့် နဝရက်(ခန်းမ) အဆောက်အဦနေရာတွင်(၁၅၀x ၃၀x ၂၂)ပေ အရွယ်အစားရှိ စံကိုက်(၂)ထပ် ပင်မကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ ဘုတ်ပြင်းမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ဥပဓိရုပ်မကောင်းတော့သည့် နဝရက်(ခန်းမ) အဆောက်အဦနေရာတွင်(၁၅၀x ၃၀x ၂၂)ပေ အရွယ်အစားရှိ စံကိုက်(၂)ထပ် ကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့

ကျောင်းဝင်းပုံစံပါ။ ကျောင်းအဆောင်တွေ။ ဒါကတော့ မနေ့က ကျောင်းဆင်းလာတဲ့ပုံပါ။ ဒါကတော့ စာသင်ဆောင်တွေဖြစ်ပါတယ်။ ဒါကတော့ စာသင်ဆောင်မှာရှိတဲ့ တံခါးတွေပျက်စီးနေလို့ ခါးပတ်ပြား လေးတွေနဲ့ လုပ်ထားတဲ့ဟာတွေပါ။ ဒါကလည်း အတူတူပါဘဲ။ ဒါကတော့ နဝရက်(ခန်းမ)ဖြစ်ပါတယ်။ ဒါနဝရက်(ခန်းမ)ပျက်စီးယိုယွင်းနေတဲ့ပုံပါ။

ဒါခန်းမအတွင်းမှာ ကျောက်ပြားတွေ ကွဲအက်နေတဲ့ပုံလေးပါ။ ဒါကတော့ ဆရာဆရာမတွေ ကျောင်းဘေးမှာအဖီဆွဲပြီးတော့ ငှားနေရတဲ့ပုံစံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာ တင်ပြခဲ့တဲ့အတိုင်းပဲ စာသင်ဆောင်အများစုဟာ နှစ်သုံးဆယ်နီးပါးသက်တမ်းရှိပြီးတော့ အုတ်ညှပ် တစ်ထပ်အဆောက်အဦများသာ ဖြစ်ပါတယ်။ တံခါးပေါက်အများစုကလည်း ပျက်စီးနေပြီးတော့ သစ်သားခါးပတ်ပြားလေးများနှင့်ဖြစ်သလိုများဖြင့် ပြန်လည်ပြုပြင်ထားရပါတယ်။ မိုးများတဲ့ဒေသ ဖြစ်တဲ့အတွက် မိုးရွာတဲ့အခါ မိုးပတ်လို့ သင်ကြားမှုကိုရထားတဲ့အခြေအနေအထိရှိပါတယ်။ ကျောင်းဝင်းအကျယ်ကတော့ ၅.၃၅ ဧကရှိပြီး ကျောင်းဆောင် ၁၀ ဆောင်ရှိပါတယ်။ ကျောင်းဆောင် သုံးဆောင်ကတော့ သိပ္ပံခန်း၊ ကွန်ပျူတာခန်း၊ စတို၊ ဝန်ထမ်းအိမ်ရာ၊ ရုံးခန်းအဖြစ် အသုံးပြုနေရတဲ့ အတွက် စာသင်ဆောင် ခုနစ်ဆောင်မှ စာသင်ခန်း ၂၄ ခန်းကိုသာ အသုံးပြုစာသင်ကြားနေရပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူ ၁၃၁၅ ဦး၊ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ၁၃၈၄ ဦး တိုးတက်ပညာသင်ကြားနေကြရပါတယ်။ စာသင်ခန်းတစ်ခန်းကို ပျမ်းမျှ ခြင်း ၅၈ ဦးနှုန်းခန့်ရှိပြီးတော့ တချို့အတန်းများမှာ ကျောင်းသား ၇၀ ကျော် ၈၀ နီးပါးအထိ ကြပ်တည်း စွာပညာသင်ကြားနေရပါတယ်။ စာသင်ခန်း ၂၄ ခန်းအနက် ၁၉ ခန်းမှာ သတ်မှတ်ကျောင်းသားဦးရေ ၄၀ ဦးထက် ပိုလျှံစွာထားရှိသင်ကြားနေရပါတယ်။ Power Point ပါ နဝရက်(ခန်းမ)ဟာ ၁၂၀ ပေ၊ ၆၀ ပေ အုတ်တံတိုင်းသံဇကာကာ အဆောက်အဦဖြစ်ပြီးတော့ ဂိုလ်ဒေါင်ပျက်တစ်လုံးသာသာ တန်ဖိုးနည်း အဆောက်အဦဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုတ်ပြင်းမြို့ဟာ အခုဆိုရင် NLD အစိုးရလက်ထက်မှာ အဘက်ဘက်က ဘက်စုံဖွံ့ဖြိုးတိုးတက်လာနေပါတယ်။ ကျန်းမာရေးဌာနမှာဆိုရင်လည်း နှစ်ထပ်စံကိုက်တိုးချဲ့လူနာ ဆောင်တွေ၊ လေးထပ်ဝန်ထမ်းအိမ်ရာတွေ၊ ဈေးဆိုလည်း ပြန်လည်ပြုပြင်ထားတဲ့ မြို့မဈေး၊ သပ်ရပ် လှပတဲ့ဌာနဆိုင်ရာအဆောက်အဦတွေ တစ်မြို့လုံးနီးပါးခင်းထားပြီးဖြစ်တဲ့ ကွန်ကရစ်လမ်းမကြီးတွေ၊ တည်ဆောက်ဆဲ ပေ ၁၂၀၀ ရှည်တဲ့ချောင်းကူးတံတားကြီးတွေ၊ ကွန်ကရစ်တံတားကြီးတွေ၊ အားကစား ကွင်းတွေနဲ့ ပြည့်စုံလှပနေပေမဲ့ ကျွန်တော်တို့မြို့ရဲ့ အဓိကကျက်သရေဆောင်ဖြစ်ရမယ့် ဘုတ်ပြင်းမြို့

အခြေခံပညာအထက်တန်းကျောင်းကြီးမှာတော့ ဟောင်းနွမ်းပျက်စီးနေတဲ့ ကျောင်းဆောင်တွေမှာ ကြပ်တည်းစွာပညာသင်ကြားနေရတဲ့ မြို့ရဲ့သားသမီးများအတွက် မြို့မိမြို့ဖမြို့သူမြို့သားများ များစွာ စိတ်နှလုံးမချမ်းမြေ့ဖြစ်နေကြရပါတယ်။ သို့ဖြစ်ပါ၍ ရုံးခန်း၊ ဟောခန်း၊ ဆရာဆရာမနားနေခန်း၊ စာကြည့်တိုက်တို့ပြည့်စုံစွာပါဝင်တဲ့ စံကိုက်နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ဘုတ်ပြင်းမြို့သူမြို့သားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးနေလင်းထွန်း၏ မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဥပမိရုပ်မကောင်းတော့သည့် နဝရတ်ခန်းမအဆောက်အဦနေရာတွင် (၁၅၀ ပေ x ၃၀ ပေ x ၂၂ ပေ)အရွယ်အစားရှိ စာသင်ခန်း၊ ဟောခန်း၊ ဆရာဆရာမနားနေခန်း၊ ကျောင်းအုပ်ကြီးရုံးခန်း၊ စာကြည့်တိုက် အစရှိသောပါဝင်သည့် စံကိုက်နှစ်ထပ်ပင်မကျောင်းဆောင် တစ်ဆောင် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ အသစ်ဆောက်လုပ်မယ့် ကျောင်းတစ်ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်အဖြစ်သိမ်းပြီးတော့ အသစ်ပြန်ဆောက်မယ့် ကျောင်း ၁၈ ကျောင်း၊ နောက် ကျောင်းသားဦးရေတိုးတက်လာလို့ အသစ်ဆောက်ပေးမယ့်ကျောင်း ၂၀ ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန်နှစ်ကျောင်း၊ စာကြည့်တိုက် ဆောက်လုပ်ရန် သုံးကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၄၄ ကျောင်းကို ရန်ပုံငွေ ဦးစားပေးအဆင့်များခွဲခြားပြီး လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ထိုသို့ လျာထားဆောင်ရွက်ပြီးတဲ့လုပ်ငန်းတွေမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ဘုတ်ပြင်းမြို့နယ်၊ ဘုတ်ပြင်းအခြေခံပညာအထက်တန်းကျောင်းအတွက် နှစ်ထပ်

ကျောင်းဆောင်သစ်တစ်ဆောင် အသစ်ဆောက်လုပ်ရန်နှင့် စာကြည့်တိုက်အသစ်ဆောက်လုပ်ရန် ရန်ပုံငွေလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လျာထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မြခ္ခာညိုဦး(အဖွဲ့ဝင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီက တင်သွင်းတဲ့ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို ကော်မတီဝင်ဖြစ်သူ ကျွန်မဒေါ်မြခ္ခာညိုဦး၊ ရွှေတောင်မဲဆန္ဒနယ်က ကော်မတီရဲ့တာဝန်ပေးချက်အရ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းအပြည့်အစုံနှင့် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်များ အပါအဝင် ဥပဒေရဲ့ ရည်ရွယ်ချက်အားလုံးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အရေးကြီးတဲ့အချက် အနည်းငယ်ကိုပဲ အလေးထားတင်ပြပါ့မယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြောင်းလဲလာတဲ့စနစ်နှင့်အညီ ကျွန်မတို့နိုင်ငံမှာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့်အတူ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာ ပညာရှင်များ ဝင်ရောက်လာတဲ့အခါ ပြည်တွင်းက ဘူမိသိပ္ပံဘာသာရပ်အပါအဝင် ပညာရှင်ကဏ္ဍအသီးသီးမှာ တရားဝင်အဆင့်အတန်းသတ်မှတ်ပေးမှုတွေ၊ ကျင့်ဝတ်တွေ၊ စံချိန်စံနှုန်းတွေလိုအပ်လာပါတယ်။ အလားတူပဲ ပြည်ပကဝင်ရောက်လာတဲ့ ပညာရှင်တွေကိုလည်း အဆင့်အတန်းသတ်မှတ်မှတ်ပုံတင်ပေး

ဖို့ လိုအပ်လာပါတယ်။ ဒါမှသာ ပြည်တွင်းပြည်ပအလုပ်အကိုင်စံနှုန်းကို ထိန်းညှိပေးနိုင်ပြီး အခွန်အကောက်နှင့်အခြားကိစ္စတွေမှာလည်း အထောက်အပံ့ရမှာဖြစ်ပါတယ်။ ဒါတွေကို ဥပဒေရဲ့ ရည်ရွယ်ချက်များ အထူးသဖြင့် အပိုဒ်(ခ)၊ (ဂ)နှင့်(င)တို့မှာဖော်ပြထားပါတယ်။ တစ်ခါ အပိုဒ်(ဃ)အရလည်း နိုင်ငံတကာအလားတူ အဖွဲ့အစည်းတွေနှင့် ချိတ်ဆက်နိုင်မှာမို့ ပြည်တွင်းပညာရှင်တွေကို နိုင်ငံတကာအဆင့်အတန်းမီ ဝင်ဆံ့နိုင်မှာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို အခုလိုတင်ပြနိုင်ဖို့အတွက် မူလဘူမိသိပ္ပံဆိုင်ရာ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေဆီမှာ နှစ်နှစ်အတွင်း ၁၇ ကြိမ်တိုင်ပင်ဆွေးနွေးခဲ့ကြပြီး ကော်မတီမှာသက်ဆိုင်ရာဝန်ကြီးဌာန ငါးခုနှင့် ခြောက်ကြိမ်အစည်းအဝေးလုပ်ခဲ့ကြပါတယ်။ ဥပဒေ(မူကြမ်း)ကိုလည်း နောက်ဆုံးအဆင့်မှာ ဘူမိသိပ္ပံပညာရှင်များကို ခန့်ထားအသုံးပြုနေတဲ့ ဝန်ကြီးဌာနအားလုံးစီ ပေးပို့ပြီး သဘောထားမှတ်ချက်တွေ ရယူပြင်ဆင်တင်သွင်းခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းတဲ့ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကို လွှတ်တော်ကြီးက စဉ်းစားညှိနှိုင်း ပြင်ဆင်အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

## မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပါထန်းဖြစ်ပြီး ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၁၀၀

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇွန် လ ၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၃-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၁၄၁)/ ပထစ-၂၀၁၉

၁။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ်ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရန်၊

**မူကြမ်း**

(ခ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့်အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ် မြှင့်တင်ရန်၊

(ဂ) နိုင်ငံတော်၏ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် မြေအောက် ရေရှာဖွေရေးကဏ္ဍများတွင် ခေတ်မီဘူမိသိပ္ပံပညာရပ်များကို ထိရောက်မှန်ကန်စွာ စနစ်တကျအသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံ ပညာရပ်ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

(စ) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သုတေသနဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန်၊

(ဆ) နိုင်ငံတကာရှိ အလားတူအုပ်ချုပ်မှု အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပညာရှင်များအား အပြန်အလှန်အသိအမှတ်ပြုမှု ရယူနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၃-၆-၂၀၁၉ ရက်(တနင်္လာနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ဥပဒေအသေးစိတ်ကို အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံစာ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင် ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-

ရက်စွဲ ၊၂၀၁၉ ခုနှစ်၊ ဇွန် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၃-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၄၁)/ပထစ - ၂၀၁၉

၁။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

**မူကြမ်း**

၂။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များ အပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ်ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ခ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ် မြှင့်တင်ရန်၊

(ဂ) နိုင်ငံတော်၏ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် မြေအောက် ရေရှာဖွေရေး ကဏ္ဍများတွင် ခေတ်မီဘူမိသိပ္ပံပညာရပ်များကို ထိရောက်မှန်ကန်စွာ စနစ်တကျ အသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံ ပညာရပ်ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

(စ) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သုတေသနဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန်၊

(ဆ) နိုင်ငံတကာရှိ အလားတူအုပ်ချုပ်မှု အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပညာရှင်များ အား အပြန်အလှန် အသိအမှတ်ပြုမှုရယူနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၃-၆-၂၀၁၉ ရက် တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသား များ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းတွင် အခန်း(၁၉)ခန်းနှင့် အပိုဒ်ပေါင်း ၆၄ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေ**

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဘူမိသိပ္ပံပညာ ဆိုသည်မှာ ကမ္ဘာဂြိုဟ်နှင့် စကြဝဠာ ဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းထားပုံ၊ အချိန်နှင့်အမျှ လှုပ်ရှားပြောင်းလဲဖြစ်ပေါ်နေပုံ၊ သက်ရှိများ ရှင်သန်ပျံ့နှံ့ခဲ့ပုံ၊ မြေမျက်နှာအသွင်အပြင် အမျိုးမျိုးဖြစ်တည်လာပုံ အစ ရှိသည့် ကမ္ဘာဂြိုဟ်နှင့် သက်ဆိုင်သည်များကို လေ့လာသောပညာရပ် ဖြစ်ပြီး ၎င်းလေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပိုမိုသိရှိနားလည်ရန် ဆက်လက်လေ့လာခြင်းဖြင့် ရရှိလာသော အသိပညာများကို အသုံးပြုကာ လူ့လောက ကောင်းကျိုးအတွက် အသိဉာဏ်နှင့်ယှဉ်၍ အသုံးချရသော သိပ္ပံပညာရပ်ကို ဆိုလိုသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အသုံးချဘူမိသိပ္ပံ အထူးပြုပညာရပ် ဆိုသည်မှာ ဘူမိဗေဒပညာရပ်ကို အခြေခံပြီး အခြားသက်ဆိုင်သော သိပ္ပံပညာရပ် သဘောတရားများနှင့် ပေါင်းစပ်၍ လူသားတို့ အကျိုးအတွက် ဓာတ်သတ္တုနှင့် တွင်းထွက်သယံဇာတများ၊ စက်မှုကုန်ကြမ်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရေအရင်းအမြစ် ရှာဖွေဖော်ထုတ် အသုံးချခြင်းနှင့် ထိန်းသိမ်းစီမံခန့်ခွဲခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် အင်ဂျင်နီယာ ဘူမိဗေဒနှင့် ဘူမိနည်းပညာဆိုင်ရာ ဆန်းစစ်စမ်းသပ်တိုင်းတာခြင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ဘူမိဆိုင်ရာ လေ့လာဆန်းစစ် စီမံခန့်ခွဲခြင်းစသည့် လုပ်ငန်းများတွင် အသုံးပြုသော လက်တွေ့အသုံးချ ဘူမိသိပ္ပံဆိုင်ရာပညာရပ်များကို ဆိုသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေး ဝန်ကြီးဌာနကို ဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ဘူမိသိပ္ပံဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် ဘူမိသိပ္ပံပညာရှင်များအား ခန့်အပ်တာဝန်ပေးအပ်သည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို ဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) အလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ကို ဆိုသည်။

(ဇ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ကို ပယ်ဖျက်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ (ဈ) ကို အပိုဒ်ခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) မှတ်ပုံတင် ဘူမိသိပ္ပံပညာရှင် ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်။

**မူကြမ်း**

(ည) အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ဈ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မှတ်ပုံတင် အလုပ်သင်ဘူမိသိပ္ပံပညာရှင် ဆိုသည့်စကားရပ်ကို မှတ်ပုံတင် အလုပ်သင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ဟု ပြင်ဆင်ပါသည်။

(ဋ) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) နိုင်ငံတော်၏ ဓာတ်သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် ရေအရင်းအမြစ် ရှာဖွေရေးကဏ္ဍ၊ ပတ်ဝန်းကျင်နှင့် သဘာဝဘေး အန္တရာယ် ကာကွယ်ထိန်းသိမ်းရေးကဏ္ဍစသည်များတွင် ခေတ်မီဘူမိသိပ္ပံ ပညာရပ်များကို ထိရောက်မှန်ကန်စွာ စနစ်တကျအသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊

(ဌ) အပိုဒ် ၃ အပိုဒ်ခွဲ (င) ရှိ ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဆိုသည့် စကားရပ်ကို မှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဟု ပြင်ဆင်ပါသည်။

(ဍ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ (စ) ကို ပယ်ဖျက်ပါသည်။

(ဎ) အပိုဒ် ၃ အပိုဒ်ခွဲ (ဆ) ကို အပိုဒ်ခွဲ (စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အလားတူ အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ကို အလားတူ အဖွဲ့အစည်းများ နှင့် ဟု ပြင်ဆင်ပါသည်။

(ဏ) အခန်း (၃) ခေါင်းစဉ်ကို မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဖွဲ့စည်းခြင်း ဟု ပြင်ဆင် ပါသည်။

(တ) အခန်း (၃) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သည့် ၇ ဦးထက် မပိုသော ကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ထ) အပိုဒ် ၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။ နာယကအဖွဲ့သည်-

(က) မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အဖွဲ့ဝင် ၅၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်-

(၁) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ၊ ၁၅ ဦး

(၂) ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ပါမောက္ခအဆင့်ထက် မနိမ့်သော တာဝန်ရှိသူများ၊ ၁၅ ဦး

(၃) အစိုးရမဟုတ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ပြည်တွင်း အသင်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့အစည်းများက အဆိုပြုသော ကျွမ်းကျင် နိုင်ငံသားဘူမိသိပ္ပံပညာရှင်များ။ ၂၅ ဦး

(ဒ) အပိုဒ် ၅ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

(ဓ) အပိုဒ် ၆ အပိုဒ်ခွဲ (ဂ) (ဃ) (င) နှင့် (စ) တို့ကို အပိုဒ် ၇ အပိုဒ်ခွဲ (ဂ) (ဃ) (င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထမ်းဆောင်ခြင်း မပြုရ။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ သတ်မှတ် နည်းလမ်းနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ကြားဖြတ်တာဝန်ယူရမည့်ကာလကို သက်တမ်းတစ်ခုအဖြစ် မသတ်မှတ်ရ။

(စ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ် ဖွဲ့စည်းပြီးသည့်အချိန်ထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(န) အခန်း (၄) အပိုဒ် ၇ ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ နာယကအဖွဲ့သည် ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ပုဒ်မ ၁၁ ပါအရည်အချင်းများနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ဒုတိယ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့ထဲမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ပ) အပိုဒ် ၈ ခြေဆင်းကို ကောင်စီသည် လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် အလုပ် အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-ဟု ပြင်ဆင် ပါသည်။

(ဖ) အပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ ကောင်စီ၏ သက်တမ်းအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင် လစ်လပ် ပါက အနီးကပ်ဆုံးကျင်းပသည့် ကောင်စီအစည်းအဝေးတွင် အစားထိုး ရွေးချယ်ရမည်။

(ဗ) အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) နိုင်ငံသား ဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် နိုင်သူ ဖြစ်ရမည်။

(ဘ) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဃ) ရှိ နှံ့စပ်ကျွမ်းကျင်၍ ဆိုသည့် စကားရပ်ကို ကျွမ်းကျင်၍ ဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၁၃ ရှိ ဖွဲ့စည်းတာဝန်ပေးရမည် ဆိုသည့် စကားရပ်ကို ဖွဲ့စည်းတာဝန် ပေးနိုင်သည် ဟု ပြင်ဆင်ပါသည်။

(ယ) အခန်း (၅) ခေါင်းစဉ်ကို ကောင်စီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ ဟု ပြင်ဆင်ပါသည်။

(ရ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၅ အပိုဒ်ခွဲ (က) ကို ပယ်ဖျက်ပါသည်။

(လ) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဆ) ကို အပိုဒ်ခွဲ (စ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အခြေစံနှုန်းနှင့် ကျင့်ထုံးများကို တာဝန်ခံဝန်ကြီးဌာနနှင့် ဆိုသည့်စကားရပ်ကို အခြေခံစံနှုန်းနှင့် ကျင့်ထုံးများကို ဝန်ကြီးဌာနနှင့်ဟု ပြင်ဆင်ပါသည်။

(ဝ) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဇ) ကို အပိုဒ်ခွဲ (ဆ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နိုင်ငံတော်အစိုးရ၏ တောင်းဆိုချက်အရ ဆိုသည့်စကားရပ်ကို ပြည်ထောင်စု အစိုးရ၏ တာဝန်ပေးချက်အရ ဟုပြင်ဆင်ပါသည်။

(သ) အပိုဒ် ၁၅ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဈ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သင့်တော်သည့် နိုင်ငံသား ဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ အပြည်ပြည် ဆိုင်ရာနှင့် ဒေသဆိုင်ရာအစိုးရနှင့် ဆိုသည့် စကားရပ်ကို သင့်လျော်သည့် နိုင်ငံသား ဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ နိုင်ငံတကာအစိုးရနှင့် ဟု ပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဋ) ကို အပိုဒ်ခွဲ (ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သင့်တော်သည့် ဆိုသည့် စကားရပ်ကို သင့်လျော်သည့် ဟု ပြင်ဆင်ပါသည်။

(ဠ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၅ အပိုဒ်ခွဲ (ဌ) ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(အ) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဍ) (ဎ) (ဏ) နှင့် (တ) တို့ကို အပိုဒ်ခွဲ (ဋ) (ဌ) (ဍ) နှင့် (ဎ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင် များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များအား ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(ဌ) ကောင်စီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ကြီး ဌာနသို့ အခါအားလျော်စွာ အစီရင်ခံစာနှင့် အကြံပြုချက်များကို တင်ပြခြင်း၊

(ဍ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဎ) နိုင်ငံတကာရှိ အလားတူ အဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း၍ အဆင့်တူ မှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရန် စီစဉ် ဆောင်ရွက်ခြင်း။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ (ခ) ကို လုပ်ငန်းကော်မတီများ၏ စစ်ဆေးတွေ့ရှိချက်များ အပေါ် အခြေခံပြီး စိစစ်သုံးသပ်၍ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေး ယူခြင်း၊ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ (ဃ) နှင့် (င) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကာလကန့်သတ်ချက်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည် ထုတ်ပေးခြင်းနှင့် အပြီးအပိုင် ပယ်ဖျက်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များကို အဆင့်တိုးမြှင့်ခြင်း၊ အဆင့်လျှော့ချခြင်း၊ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်း၊ သက်တမ်း တိုးမြှင့် ပေးရန် ငြင်းပယ်ခြင်း၊

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ (ဆ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ကိစ္စရပ်များအတွက် နိုင်ငံတကာ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ (ဈ) ရှိ ခွင့်ပြုချက်မရရှိဘဲ ကိုယ်ကျိုးအတွက် အသုံးပြုလျှင် ဆိုသည့် စကားရပ်ကို ခွင့်ပြုချက်မရရှိဘဲ အသုံးပြုလျှင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို ခန့်အပ်ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။ လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတွင် မှတ်ပုံတင်အရာရှိ ဦးဆောင်သည့် ရုံးအဖွဲ့ခွဲများကို သင့်လျော်သလို ခန့်အပ်ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အခန်း (၆) ခေါင်းစဉ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကောင်စီက တာဝန်ပေးအပ်သည့် ပြင်ပပုဂ္ဂိုလ်များသည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြား ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

( - ) အခန်း (၇) ကို အခန်း (၆) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၀ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင် အစည်းအဝေးများ တက်ရောက်ရန် ခွင့်ပန်ကြားခြင်းမရှိဘဲ တစ်ဆက်တည်း နှစ်ကြိမ် ပျက်ကွက်ခြင်း၊

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၀ အပိုဒ်ခွဲ (ဂ) ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၂၀ အပိုဒ်ခွဲ (ဆ) ကို အပိုဒ်ခွဲ (စ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

( - ) အခန်း (၈) ကို အခန်း (၇) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက နာယကအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးအစည်းအဝေးများ ခေါ်ယူ ကျင်းပနိုင်သည်။

(ခ) ကောင်စီအဖွဲ့ဝင်အားလုံး၏ အနည်းဆုံး လေးပုံတစ်ပုံသော ကောင်စီဝင်များက စာဖြင့် ရေးသားတောင်းဆိုလျှင် ကောင်စီသည် အထူးအစည်းအဝေးခေါ်ယူကျင်းပရမည်။

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကိုနှစ်လလျှင် တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

( - ) အပိုဒ် ၂၃ ရှိ တာဝန်ခံဝန်ကြီးဌာနဆိုသည့် စကားရပ်ကို ဝန်ကြီးဌာန ဟု ပြင်ဆင်ပြီး ယင်းဥပဒေကြမ်းရှိ တာဝန်ခံဝန်ကြီးဌာန ဆိုသည့် စကားရပ် များကို ဝန်ကြီးဌာနဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၉) ခေါင်းစဉ်ကို အခန်း (၈) ခေါင်းစဉ်အဖြစ် မှတ်ပုံတင် အလုပ်သင်ဘူမိသိပ္ပံပညာရှင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ ပြည်တွင်းပြည်ပရှိ တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင် အလုပ်သင်ဘူမိ

သိပ္ပံပညာရှင် လက်မှတ်ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၂၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၅။ ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မှတ်ပုံတင်အလုပ်သင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အခန်း (၁၀) ကို အခန်း (၉) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ ပြည်တွင်းပြည်ပရှိ တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၂၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ဆိုင်းငံ့ ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၁၁) ကို အခန်း (၁၀) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ကို အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ပြည်တွင်းပြည်ပရှိ တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ ရရှိထားသူ နိုင်ငံသားသည် မှတ်ပုံတင် ကျွမ်းကျင်

ဘူမိသိပ္ပံပညာရှင်လက်မှတ် ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီ သို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၃၀ ကို အပိုဒ် ၂၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ ပုဒ်မ ၂၈ အရ လျှောက်ထားချက်ကို ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မှတ်ပုံတင်ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင် လက်မှတ် ထုတ်ပေး ခြင်း၊ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၁ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၁၂) ကို အခန်း (၁၁) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ ကို အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ မြန်မာနိုင်ငံတွင် တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရှိသော နိုင်ငံ ခြားသား ဘူမိသိပ္ပံပညာရှင်သည် နိုင်ငံတော်အတွင်း ပုဂ္ဂလိက ကဏ္ဍဆိုင်ရာ ဘူမိသိပ္ပံ လုပ်ငန်းတစ်ရပ်တွင် တာဝန်ခံပညာရှင်အဖြစ် လုပ်ကိုင်လိုပါက နိုင်ငံခြားသား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေ၊ နိုင်ငံခြားသား မှတ်ပုံတင် ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင် လက်မှတ်ကိုဖြစ်စေရယူရန် သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားရမည်။

( - ) အပိုဒ် ၃၃ ကို အပိုဒ် ၃၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။ ပုဒ်မ ၃၀ အရလျှောက်ထားချက်ကိုကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ပြီး ညီညွတ်ပါက လျှောက်ထားသူ နိုင်ငံခြားသား၏အရည်အချင်းနှင့်ကိုက်ညီသည့် နိုင်ငံခြားသား မှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ၊ နိုင်ငံခြားသား မှတ်ပုံတင် ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်ကိုဖြစ်စေ လျှောက်ထားသူနိုင်ငံခြားသား ဘူမိသိပ္ပံ ပညာရှင်အား ထုတ်ပေးရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၄ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၅ ကို အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ ကောင်စီသည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်အပေါ် နိုင်ငံခြားသား မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင် လက်မှတ်ကို ဖြစ်စေ၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ် ကိုဖြစ်စေ ထုတ်ပေးရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အခန်း (၁၃) ကို အခန်း (၁၂) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၇ ကို အပိုဒ် ၃၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၄။ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ နှင့် သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်နိုင်သည်။

( - ) အခန်း (၁၄) ကို အခန်း (၁၃) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၈ ခေါင်းစဉ်ကို အပိုဒ် ၃၅ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၃၃ ပါ တာဝန် တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်းစစ်ဆေးတွေ့ရှိပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

( - ) အပိုဒ် ၃၅ အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) မှတ်ပုံတင်လက်မှတ် အဆင့်လျှော့ချခြင်း၊

( - ) အခန်း (၁၅) ကို အခန်း (၁၄) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ ကို အပိုဒ် ၃၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၆။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၅၊ ၂၇၊ ၂၉၊ နှင့် ၃၂ တို့အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၃၅ အရ ချမှတ်သည့် အမိန့်ကိုလည်း ကောင်း

**မူကြမ်း**

ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၇။ ပုဒ်မ ၃၆ အရ အယူခံလျှောက်ထားလာလျှင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ် ချက် သို့မဟုတ် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြု ခြင်း ပြုနိုင်သည်။

( - ) အပိုဒ် ၄၁ ကို အပိုဒ် ၃၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၀ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၃၇ အရ ဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၆) ကို အခန်း (၁၅) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၂ ကို အပိုဒ် ၃၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အောက်ပါ ရန်ပုံငွေများဖြင့် ဆိုသည့် စကားရပ်ကို အောက်ပါရငွေများဖြင့် ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၂ အပိုဒ်ခွဲ (က) ကို ပယ်ဖျက်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၆ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၁၇) ကို အခန်း (၁၆) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၇ ကို အပိုဒ် ၄၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၃။ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ရယူထားခြင်းမရှိဘဲ မည်သည့်ဘူမိသိပ္ပံ ဆိုင်ရာ လုပ်ငန်းကိစ္စရပ်ကိုမျှ တာဝန်ခံအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။ အဆိုပါ ကိစ္စရပ်သည် အစိုးရဌာနများ၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရနှင့် ဖက်စပ်ဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် မသက်ဆိုင်စေရ။

( - ) အပိုဒ် ၄၈ ကို အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ မည်သည့် ဘူမိသိပ္ပံဆိုင်ရာ လုပ်ငန်းကိစ္စများ ဆောင်ရွက်နေသော ပုဂ္ဂလိက သို့မဟုတ် အများပိုင်ကုမ္ပဏီမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေး

သည့် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ရရှိထားခြင်းမရှိသော ဘူမိသိပ္ပံပညာရှင်ကို မိမိတို့၏ လုပ်ငန်းများတွင် ဘူမိသိပ္ပံဆိုင်ရာ တာဝန်ခံအဖြစ်ခန့်အပ် တာဝန်ပေးခြင်း မပြုရ။

( - ) အပိုဒ် ၄၉ ခေါင်းစဉ်ကို အပိုဒ် ၄၅ ခေါင်းစဉ်အဖြစ် မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမှု-ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၉ အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၄၅ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သတ်မှတ်ကျင့်ဝတ်နှင့် ဆိုသည့် စကားရပ်ကို သတ်မှတ် ထားသော ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၀ ကို အပိုဒ် ၄၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၆။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ မိမိရရှိသည့် အဆင့်အတန်း နှင့် ညီညွတ်သက်ဆိုင်မှု မရှိသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏ အမည် နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

( - ) အပိုဒ် ၅၁ ကို အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ ကောင်စီက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ ရုပ်သိမ်း၊ ပယ်ဖျက်ခြင်းခံရသည့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်း၊ ပယ်ဖျက်ကြောင်း ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

( - ) အခန်း (၁၈) ကို အခန်း (၁၇) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၂ ကို အပိုဒ် ၄၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၃ ပါ တားမြစ်ချက်ကို ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၃ ကို အပိုဒ် ၄၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၉။ မည်သူမဆို ပုဒ်မ ၄၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

( - ) အပိုဒ် ၅၄ ကို အပိုဒ် ၅၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါဆိုသည့် စကားရပ်ကို မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၄၅ ပါ ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၅ ကို အပိုဒ် ၅၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၅၀ ပါ ဆိုသည့်စကားရပ်ကို မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၄၆ ပါဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၆ ကို အပိုဒ် ၅၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ပုဒ်မ ၅၁ ပါဆိုသည့် စကားရပ်ကို မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၄၇ ပါဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၁၉) ကို အခန်း (၁၈) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၉ ကို အပိုဒ် ၅၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၅။ ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆို ခံနိုင်ခွင့်ရှိသည်။ ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်ဆုံးဖြတ်နိုင်သောအဖွဲ့အစည်း ဖြစ်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၀ ကို ပယ်ဖျက်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၃ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆၄ ကို အပိုဒ် ၅၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိတိကျကျဖော်ပြ၍ ၇-၆-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန် ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။

**ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့် အခြေခံပညာမူလတန်းသင်ဆရာဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား/သူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့(၁၅-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ အခြေခံပညာမူလတန်းသင် ဆရာ ဆရာမဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏လိုအပ်ချက် အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား/သူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ခုနစ်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ခန်းမအတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပညာရေးမြှင့်တင်မှုကော်မတီဝင် ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်းက အဆိုတစ်ခုတင်သွင်းသွားခဲ့ပါတယ်။ Power Point မှာပြထားတဲ့အတိုင်း အစွန်အဖျားကဒေသတွေမှာ ပညာရေးဝန်ထမ်းတွေ ခန့်ထားမယ်ဆိုရင် ဒေသခံဘွဲ့ရတွေကို ဦးစားပေး ခန့်ထားဖို့ မူသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစွန်အဖျားဒေသတွေမှာ အရည်အချင်းပြည့်မီသူဒေသခံ တိုင်းရင်းသားများကို ရွေးချယ်ခန့်ထားပေးမယ်ဆိုလို့ရှိရင် ပထမအချက်အနေနဲ့ ဒေသခံကလေးများ

အတွက် မိခင်ဘာသာစကားအခက်အခဲကို ဖြေရှင်းပြီးဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့် အိမ်ကနေ ကျောင်းသို့ ပတ်ဝန်းကျင်ပြောင်းသွားတဲ့ကျောင်းတက်စသူငယ်တန်းကလေးတိုင်းအတွက် တွေ့ရမယ့်အခက်အခဲတွေကို အများကြီးဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ ပညာရေးသဘောတရားအရ ကျောင်းနေပျော်တဲ့ကလေးတွေရဲ့ဘဝကို ပညာရေးမျိုးစေ့အောင်အောင်မြင်မြင်ချပေးလိုက်နိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကလေးများဟာ သင်ခန်းစာတတ်မြောက်မှု ပိုမိုလွယ်ကူ ထိရောက်စေမှာ တွေ့ရမှာဖြစ်ပါတယ်။ ဒေသခံခန့်မယ်ဆိုလို့ရှိရင် ဆရာနှင့်မိဘဆက်ဆံရေး ပိုမို ကောင်းမွန်တာတွေ့ပြီးတော့ ကလေးများ ကျောင်းပျက်မှု (Absence)ကို အများကြီး ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် All Children in School ဆိုတဲ့ ကျောင်းနေအရွယ်ကလေးများ ကျောင်းတိုင်း ရောက်ရှိရေးကိုလည်း ပိုမိုဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျောင်းတက်ပြီး ကလေးတွေ ပြန်မထွက်ဖို့ဆိုတဲ့ Drop out ကိုလည်း ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ဒေသခံဆရာ ဆရာမတွေ အပြောင်းအရွှေ့နည်းပါတယ်။ အဲဒီတော့ လစ်လပ်တဲ့နေရာမှာ အချိန်မီပြန်ခန့်ထားဖို့ အခက်အခဲကို လျှော့ချနိုင်တာတွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆရာဆရာမနှင့်ကလေးဆက်ဆံရေး နားလည်မှုသာရှိရုံသာရှိသေးတယ် ပြောင်းရွှေ့သွားခြင်းကြောင့် ကလေးဘက်ကတွေ့ရတဲ့ အခက်အခဲ တွေကိုလည်း ဖြေရှင်းပြီးဖြစ်မှာတွေ့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဝန်ထမ်းအိမ်ရာ အခက်အခဲတွေကို ဖြေရှင်းပြီးဖြစ်တာတွေ့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မြို့ပြနှင့် ကျေးလက်ပညာရေးကွာဟချက်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ တိုင်းရင်းသားများကို အသိအမှတ်ပြုရာရောက်သလို အခွင့်အရေးပေးရာလည်း ရောက်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

အကြံပြုတင်ပြချက်အနေနဲ့ ပညာရေးစီမံခန့်ခွဲတဲ့နေရာမှာ ကျောင်းသားဆရာအချိုး ၁း၂၉ သာ ရှိတယ်ဆိုပေမဲ့ မြို့ပေါ်မှာ ပိုလျှံနေပြီးတော့ တောနယ်တွေမှာ လစ်လပ်နေတာကို အောက်ခြေမှာ အများဆုံးတွေ့ရတာ ဖြစ်ပါတယ်။ ဒါကိုလည်း ညီမျှအောင် ဒီလိုဒေသခံခန့်ရင် ဒီလိုအခက်အခဲ အဆင်ပြေမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆရာမတွေအများစုရှိတဲ့ ပညာရေးဌာနမှာ သားဖွားခွင့်ပေးရင် အရင်က သုံးလအစား အခုခြောက်လပေးတဲ့အတွက်ကြောင့် အစားထိုးဖို့ အင်မတန်ခက်ခဲပါတယ်။ အဲဒီလိုခက်ခဲတဲ့ဟာကို မြို့နယ်ပညာရေးမှူးရုံးအလုပ်အမှုဆောင်အဖွဲ့ကို လုပ်ပိုင်ခွင့်တွေ အောက်ခြေကိုပြန်လည်ချထားပေးဖို့လိုပါတယ်။ အခုက သက်ဆိုင်ရာခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးက ကိုင်ထားတဲ့အတွက်ကြောင့် ဒီအစားထိုးတဲ့နေရာမှာ အများကြီးအခက်အခဲတွေ့ရတာဖြစ်ပါတယ်။

**မူကြမ်း**

နောက်တစ်ခု အကြံပြုတင်ပြချင်တာက လက်မှတ်မဲ့ဆရာဆရာမများအတွက် ကျောင်းတွင်းမှာဖွင့်လှစ်တဲ့ အလုပ်ခွင်သင်တန်း ဝါရင့်ဆရာဆရာမတွေက ဘယ်ဘာသာကို ဘယ်လိုသင်ရမလဲဆိုတဲ့ သင်တန်းပေးတာမျိုးတွေ၊ နောက်တစ်ခါ မြို့နယ်အတွင်းမှာ မူလကျောင်းစစ်ဆေးရေးလုပ်ငန်းတွေကို ထိထိမိမိဆောင်ရွက်နိုင်တဲ့ Monitoring ကိုလည်း မူတွေ၊ လုပ်ကိုင်လုပ်ဆောင်ရမယ့်ဘောင်တွေရှိပြီးသားဖြစ်လို့ အဲဒါကို ကြပ်ကြပ်မတ်မတ်၊ ထိထိမိမိလုပ်ပေးဖို့ လိုအပ်မှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။ နောက်ဆုံးအနေနဲ့ နိုင်ငံတကာအတွေ့အကြုံများအရ တိုင်းပြည်တိုးတက်ချင်ရင် ပညာရေးမှာရင်းနှီးမြှုပ်နှံရပါတယ်။ ပညာရေးမှာမှ ထက်/လယ်/မူ ပညာရေးရှိတဲ့အနက် မူလတန်းပညာရေးကိုဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မူလတန်းပညာရေးမှာမှ ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းရောက်ရှိဖို့၊ ကျောင်းတိုင်းမှာ ဆရာအတတ်ပညာတတ်တဲ့ ဆရာဆရာမတွေ လက်တွေ့သင်ဖို့လိုအပ်ပါတယ်။ ဒါမှသာ Human Resources Development ဆိုတဲ့လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ပြီးတော့ လူ့အဖွဲ့အစည်းဟာ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်တိုးတက်ဖို့ ကျေးလက်မြို့ပြဆရာဆရာမတွေ ပြည့်ပြည့်စုံစုံခန့်ထားမှသာ တစ်ပြေးညီတိုးတက်မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့အစွန်အဖျားဒေသတွေမှာ ဒေသခံဘွဲ့ရ သို့မဟုတ် (၁၀) တန်းအောင်များကို ဆရာဆရာမအဖြစ်ဦးစားပေးခန့်ထားရေးမူဝါဒတစ်ရပ် ချမှတ်အကောင်အထည်ဖော်ပေးဖို့ ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ရှေးယခင်နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးများဟာဆိုရင် နိုင်ငံအနှံ့မှာ ပျံ့နှံ့နေထိုင်ကြပြီးတော့ ဒေသအသီးသီးမှာ လူမျိုးတစ်မျိုးတည်းသော်လည်းကောင်း၊ တစ်မျိုးနှင့်တစ်မျိုးအတူယှဉ်တွဲ၍သော်လည်းကောင်း အတူတကွစုစည်းနေထိုင်ကြတာဟာ ယနေ့တိုင် တွေ့မြင်ကြရမှာဖြစ်ပါတယ်။ လူနည်းစုတိုင်းရင်းသားလူမျိုးများကတော့ အထူးသဖြင့် နယ်စပ်ဒေသတစ်လျှောက် တောင်တန်းကုန်းမြင့်များမှာ အများစုနေထိုင်အခြေချကြပြီး ခေတ်အဆက်ဆက်မှာ အခြေအနေအကြောင်းကြောင်းကြောင့် ၎င်းတို့ရဲ့လူမှုဘဝ

အဘက်ဘက်ကိုကြည့်ရင် များစွာနောက်ကျနိမ့်ကျကျန်ရစ်တာ တွေ့ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံနှင့် ဒေသအသီးသီးကို ကြည့်ပါက ပညာရေးရေချိန်မြင့်မားရင် အခြားသောလူမှုဘဝများစွာကလည်း ဖွံ့ဖြိုးတိုးတက်မြင့်မားလာပြီးတော့ တွေ့ရမှာဖြစ်ပါတယ်။ အားလုံးကလည်း ဒီအတိုင်းယုံကြည်ပြီး ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားသလို ဘာသာစကားအခက်အခဲကြောင့် ဖတ်စာအုပ်ပြဋ္ဌာန်းစာများကို နားမလည်ခြင်း၊ အဓိပ္ပာယ်မသိခြင်း၊ သင်ကြားပေးသော ဆရာဆရာမများရဲ့စကားကို နားလည်မှုအားနည်းခြင်း၊ ဆရာဆရာမများကလည်း စာသင်ရင်းကတစ်ဖက်၊ ဒေသခံတို့ရဲ့ဘာသာစကားကို လေ့လာသင်ယူနေရတဲ့အတွက် တိုင်းရင်းသားကလေးငယ်တို့ရဲ့ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အတိုင်းအတာတစ်ခုအထိ အခက်အခဲဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ကျောင်းသားကျောင်းသူများရဲ့အောင်မြင်မှု၊ ကျွမ်းကျင်မှု၊ ထူးချွန်မှုဆိုတာ ၎င်းတို့ရဲ့ကြိုးစားမှုက အဓိကကျတာမှန်ပေမဲ့ ဆရာဆရာမများရဲ့အတွေ့အကြုံ၊ ကျွမ်းကျင်စွာသင်ကြားပေးမှု၊ ဆရာဆရာမများ တည်မြဲမှုအပေါ်မှာလည်း များစွာမူတည်နေကြောင်းကို ယနေ့ကာလမှာ အောင်မြင်မှုအထွတ်အထိပ်ရရှိနေကြသော ဂုဏ်သတင်းကျော်ဇောပြီး နာမည်ကြီးနေတဲ့ မြို့ကြီးပြကြီး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ၊ အစိုးရကျောင်းအဆင့်ဆင့်ရဲ့မျက်မှောက်အခြေအနေကိုကြည့်ရင် တွေ့မြင်နိုင်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ကျေးလက်ဒေသတိုင်းရင်းသားလူငယ်များရဲ့ပညာရေးအခြေအနေဟာ အဆိုရှင်တင်ပြထားသလို ဘာသာစကားအခက်အခဲ၊ ဆရာဆရာမများမကြာခဏပြောင်းရွှေ့မှုတို့ကြောင့် အရည်အချင်း၊ အရည်အသွေးနိမ့်ကျလျက်ရှိပြီးတော့ ဖွံ့ဖြိုးမှုအလွန်နည်းတာ တွေ့ရမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်ချက်ကိုကြည့်ရင် ပိုမိုသိသာစွာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ၎င်းတို့ရဲ့မိမိတို့ဒေသမှာ ထူးချွန်စွာအောင်မြင်ဖို့ဆိုတာ ၎င်းတို့အတွက် အိပ်မက်ထဲမှာတောင်မှ မက်ခွင့်မရှိတဲ့အခြေအနေလို့ပြောရင် ပိုတယ်လို့မထင်ပါဘူး။ ၎င်းတို့ရဲ့ပညာရေးဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ဆိုရင် အဆိုရှင်တင်ပြသလို မူလတန်းအဆင့်ဆရာဆရာမများရွေးချယ်ခန့်ထားရာမှာ ဒေသခံတိုင်းရင်းသားဘွဲ့ရလူငယ်များကို ဦးစားပေးရွေးချယ်ဖို့ အစိုးရက မူဝါဒတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် အလွန်သင့်လျော်သောကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့တိုင်းရင်းသားဘာသာစကားသင်ကြားခြင်းအစီအစဉ်ကိုလည်း များစွာအထောက်အကူဖြစ်စေသည့်အပြင် ၎င်းတို့ရဲ့စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် နိုင်ငံတော်၏အလေးထားဂရုပြုကူညီနေကြောင်းကို သိရှိနားလည်ပြီးတော့

ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ပိုမိုခိုင်မြဲစေမယ်လို့ ယုံကြည်တဲ့အတွက် ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်၏အဆိုအား ပြည်သူ့လွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ တိုင်းရင်းသားကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများတွင် လစ်လပ်၍ ဆရာဆရာမများဝန်ထမ်းခန့်အပ်ရန်လိုအပ်ပါက သက်ဆိုင်သည့်ကျေးရွာများရှိ တိုင်းရင်းသားဘွဲ့ရလူငယ်များကို ဦးစားပေးခန့်အပ်ရေး မူဝါဒချမှတ်အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာဆိုရင် သယံဇာတကြွယ်ဝတယ်ဆိုသော်ငြားလည်းပဲ အတိတ်ကာလက မဆင်မခြင်ထုတ်လုပ်ခဲ့မှုတွေကြောင့် သယံဇာတဟာ ခန်းခြောက်စပြုတဲ့ အန္တရာယ်နဲ့ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်၏အတိုင်ပင်ခံရဲ့ အလေးအနက်ထား လမ်းညွှန်တဲ့အတိုင်း လူအရင်းအမြစ်များ၏စွမ်းအားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်မှာပဲဖြစ်ပါတယ်။ ဒီလို လူအရင်းအမြစ်များ စွမ်းအင်အပြည့်အဝထက်မြက်ရေးမှာ ကျွန်တော်တို့ ပညာရေးကိုအဓိကထားပြီးတော့ ရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၊ ပြည်နယ်ခုနစ်ခုဖြင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးဖြစ်ပါတယ်။ ကျေးလက်နေပြည်သူဟာ ၇၀ ရာခိုင်နှုန်းရှိ၍ လူ့စွမ်းအားအရင်းအမြစ်သည် မည်သည့်ဒေသမှာများပြားတယ်ဆိုတာ အထူးဖော်ပြစရာမလိုတော့ပါဘူး။ ဒီနေရာမှာ တိုင်းရင်းသားများအနေဖြင့် ကျေးလက်ဘဝမှစတင်ပြီး ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေဟာ တိုင်းပြည်အတွက်ကြည့်မယ်ဆိုရင် အလွန်တစ်ရာမှ အားနည်းနေတယ်ဆိုတာကို အဆိုရှင်က ထောက်ပြထားပါတယ်။ ဒီတော့ လူ့စွမ်းအားအတွက် ပညာရေးကိုအခြေခံဖို့လိုပါတယ်။ လူ့စွမ်းအားကလည်း ကျေးလက်မှာများပါတယ်။ လက်ရှိအခြေအနေအရ ကြည့်မယ်ဆိုရင် ပညာရေးဟာ မြို့ပြတွေမှာပဲထွန်းကားပြီး ကျေးလက်မှာ အောက်ကျ၊ နောက်ကျ၊ ဖြစ်နေရပါတယ်။ ဒီအချက်အလက်တွေအရ တိုင်းရင်းသားကျေးလက်ပညာရေးကို အထူးမြှောက်စားဖို့ လိုတယ်ဆိုတာ

အထင်အရှားမီးမောင်းထိုးပြနေပါပြီ။ လက်တွေ့ဆောင်ရွက်ရာမှာတော့ လိုအပ်ချက်ကို အဆိုရှင်က ထောက်ပြထားတာဟာ အလွန်ဆီလျော်လှပါတယ်။ အကောင်အထည်ဖော်ရာမှာ တိုင်းရင်းသား တွေအတွက် ဘာသာစကားအခက်အခဲနဲ့ လစ်လပ်ဆရာဆရာမများ အချိန်မီမဖြည့်ဆည်းနိုင်မှုက အဓိကအဟန့်အတားဖြစ်နေတယ်ဆိုတာကိုလည်း အထင်အရှားတွေ့မြင်ရမှာပါ။ ဒီအဆိုကို အတည်ပြု နိုင်သည်နှင့်အမျှ ကျွန်တော်တို့ လူ့စွမ်းအားအရင်းအမြစ်များကိုတိုးပြီး ဖော်ထုတ်ပေးနိုင်မှာဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးတွေ အားကောင်းလာမှာဖြစ်သလို ဒေသဖွံ့ဖြိုးရေးသည်လည်း တိုင်းပြည်ငြိမ်းချမ်း သာယာရေးနှင့် တိုက်ရိုက်အချိုးကျနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ တည်ဆောက်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက်လည်း များစွာအထောက်အပံ့ဖြစ်နေတယ်ဆိုတာ အထင်အရှား ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရသည်နှင့်အမျှ ၁၉၈၈ ခုနှစ်ကအစပြုပြီး ကျွန်တော်တို့ပြည်သူလူထုတွေ မျှော်မှန်းတောင့်တတောင်းဆိုခဲ့ရတဲ့ ဒီမိုကရေစီလူ့ဘောင်ကြီးကို ဖော်ဆောင်သွားမှာဖြစ်တဲ့အတွက် အလွန်အခြေခံကျတဲ့ ဤအဆိုကို အတည်ပြုပေးပါရန် အလေးအနက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ရပါတယ်ခင်ဗျား။ ကျွန်တော်က သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့် ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏ရည်ရွယ်ချက်နဲ့ အကြောင်းအရင်းကတော့ တိုင်းရင်းသားဒေသ တောရွာများ၏ အခြေခံပညာမူလတန်းပညာရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘာသာစကားအခက်အခဲ ဖြေရှင်းရန် မကြာခဏဝန်ထမ်းပြောင်းရွှေ့မှုနှင့် လစ်လပ်သောဝန်ထမ်း၊ ရာထူးနေရာအခက်အခဲ ပြဿနာများ ဖြေရှင်းနိုင်ရန်။ နောက်တစ်ချက်ကတော့ မြို့နှင့်ကျေးလက်ဒေသပညာရေးကဏ္ဍမှာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အကြောင်းအရင်းများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုပညာရေးမူဝါဒကော်မရှင်ရဲ့ အစီရင်ခံစာမှာဆိုရင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများကို အခြေပြုလေ့လာဆန်းစစ်ပြီးတော့ ရင်ဆိုင်နေရသော အခက်အခဲများနှင့် ဖြေရှင်းနည်းများကို ဖော်ပြလျက်ရှိပါတယ်။ သို့သော် နယ်နှင့်ဝေးလံခေါင်ဖျား ခက်ခဲသောဒေသ၊ တိုင်းရင်းသားဒေသများမှ အခြေခံပညာသင်ကျောင်းများသို့ လေ့လာဆန်းစစ်မှု

မလုပ်နိုင်သည့်အတွက် ၎င်းဒေသများ၏ အခက်အခဲပြဿနာစိန်ခေါ်မှုများကို တစ်ပြေးညီသတ်မှတ် ဖြေရှင်းဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ချမှတ်တဲ့မူဝါဒတွေ ပြန်လည်သုံးသပ်ဆန်းစစ်ဖြည့်စွက် ဆောင်ရွက်ရန် အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍဟာ အဓိကကျတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါ့ကြောင့် ယခင်ပညာရေးမူဝါဒများ ပြုပြင်ဆောင်ရွက် ရာ၌ ကျောင်းသူကျောင်းသားများသည် အစမ်းသပ်ခံကိရိယာတန်ဆာပလာအဖြစ် ရေစုံမျောပါနေရတဲ့ ဘဝအနေအထားသို့ ရောက်ရှိနေရပါတယ်။ ယခု ပညာရေးမူဝါဒများ ချမှတ်ပြုပြင်ဆောင်ရွက်ရာမှာ ယခင်အခြေအနေ အနေအထားကဲ့သို့မရောက်ရှိအောင် သတိထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဝေးလံခက်ခဲတဲ့ဒေသနဲ့ တိုင်းရင်းသားဒေသပညာရေးအတွက် အောက်ပါအချက်အလက်များ ထည့်သွင်းဆောင်ရွက်ပေးရန် အထူးလိုအပ်ကြောင်း အကြံပြုလိုပါတယ်။ ကလေးသူငယ်များရဲ့ ကာယ၊ ဉာဏဖွံ့ဖြိုးမှုမတူညီခြင်း၊ ဘာသာစကားအခက်အခဲပြဿနာများ ဖြေရှင်းရန်လိုအပ်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနဲ့ လမ်းပန်းအဆက်အသွယ် ဖွံ့ဖြိုးတိုးတက် မှုစသော အခြေအနေမှန်ပေါ်မှာ ရှုမြင်သုံးသပ်ပြီး ရေးဆွဲဆောင်ရွက်ရန် အထူးလိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးကောလိပ် ၂၅ ကျောင်း၊ တိုးချဲ့ဖွင့်လှစ်ပြီး ဆရာဆရာမများကို မွေးထုတ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ခုနှစ်အထိ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း အရ နေ့စားလပေးဝန်ထမ်း ဆရာဆရာမ ၇၂၀၀၀ ဦးအား ခန့်ထားပြီးကြောင်းသိရပါတယ်။ ထိုနည်းတူ ပညာရေးဝန်ကြီးဌာနနဲ့ ကမ္ဘာ့ဘဏ်တို့ လက်တွဲဆောင်ရွက်မည့် လူတိုင်းအကျုံးဝင် အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ထို့ထက်မက တိုင်းရင်းသားပညာရေးဆောင်ရွက်သည့်အဖွဲ့အစည်းများနဲ့ ပညာရေးဝန်ကြီးဌာနတို့ ကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းရင်းသား ပညာရေးနဲ့ပတ်သက်သည့် လေ့လာမှုတစ်ရပ်ကို ဆောင်ရွက်ကြောင်းနဲ့ တိုင်းရင်းသားဘာသာ သင်ကြားရေးအတွက် ဒေသသင်ရိုးများရေးဆွဲရေး အစီအစဉ်များပါဝင်ကြောင်း သိရပါတယ်။

ဒါကြောင့် တိုင်းရင်းသားဒေသရှိ အခြေခံပညာကျောင်းသူကျောင်းသားများအတွက် အထူး သင့်လျော်မှန်ကန်တဲ့ပညာရေးမူဝါဒစီမံကိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလောလောဆယ် ကြုံတွေ့နေရတဲ့ အခက်အခဲကတော့ ကျွန်တော်တို့ သံတောင်ကြီးမြို့နယ်ထဲမှာ လစ်လပ်သောရာထူး ခန့်ရာတွင်လည်းကောင်း၊ ရာထူးတိုးဝန်ထမ်းခန့်အပ်ထားရာတွင်လည်းကောင်း၊ ဒေသခံဘွဲ့ရ

တိုင်းရင်းသားဆရာဆရာမများ ခန့်ထားခြင်းမရှိသလောက်ဖြစ်ပြီး အခြားပြည်နယ်/တိုင်းဒေသကြီးမှ ဝန်ထမ်းများကိုသာ ဦးစားပေးကြောင်း သိရပါတယ်။ ဒါကြောင့် မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်မှာ တောနေပညာရေးလုပ်သားများအတွက်လည်းကောင်း၊ တိုင်းရင်းသားဒေသ အတွက် အထူးလိုအပ်သည့်တိုင်းရင်းသားဘာသာစကား ကျွမ်းကျင်နားလည်တဲ့ဒေသခံများအတွက် အလွန်ပဲနစ်နာလျက်ရှိကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့မှာ ဝေးလံခေါင်ဖျားတဲ့ဒေသများသို့ တာဝန် ထမ်းဆောင်ရာဘာသာစကား၊ လူမှုရေးစသော အခက်အခဲများကြောင့် ဒေသခံအမျိုးသမီးများအား ရက်တိုသင်တန်းများအားပို့ချခြင်း၊ အိမ်ရာ၊ အစားအသောက်ထောက်ပံ့ပေးခြင်းဖြင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးပါကြောင်း အရည်အချင်း၊ အရည်အသွေးမမီသော်လည်း လိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှာ ဖြည့်စွက်လျက်ရှိကြောင်း သိရပါတယ်။ ခက်ခဲသော တိုင်းရင်းသားဒေသ အတွက် သင့်တော်တဲ့မူဝါဒတစ်ရပ်ချမှတ်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းရဲ့အဆိုဖြစ်သော အခြေခံပညာမူလတန်းသင် ဆရာ ဆရာမများဝန်ထမ်း ရွေးချယ်ခန့်အပ်ရာမှာ တိုင်းရင်းဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက် အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသားသူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းအကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသောအဆိုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အတည်ပြုနိုင်ရန် အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ အာလုံးကို မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေ ဖြင့် သံဖြူဇရပ်မဲဆန္ဒနယ်က ဦးဉာဏ်ဟိန်းတင်သွင်းသည့် အခြေခံပညာမူလတန်းသင် ဆရာဆရာမ များ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသရှိ ကျောင်းများ၏ လိုအပ်ချက်အလိုက် ဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသားတိုင်းရင်းသူများကို ဦးစားပေးခန့်ထားရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မှန်ပါတယ်။ ဝေးလံခက်ခဲပြီး

တိုင်းရင်းသားဒေသများတွင် ဒေသခံဆရာဆရာမများကို မြန်မြန်ခန့်ထားပေးနိုင်ပါက သက်ဆိုင်ရာ ဒေသခံကျောင်းသား ကျောင်းသူများ၏ အချိန်ပြည့်စာသင်ကြားနိုင်မှာဖြစ်ပြီး ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။

ဒီလိုဒေသခံဘွဲ့ရများမရှိပါက ၎င်းတို့နှင့်အနီးဆုံးရှိဒေသများမှ တိုင်းရင်းသားဒေသခံများအား ခန့်ထားပေးရန် လိုပါတယ်။ ဆရာဆရာမများ ခန့်ထားရာတွင် နိုင်ငံတော်ဘဏ္ဍာများ လေ့လွင့်ဆုံးရှုံး နစ်နာမှုမရှိစေရန် အမှန်တကယ်သွားရောက် တာဝန်ထမ်းဆောင်နိုင်သော ဒေသခံများကိုသာ ခန့်ထား ရန်အကြံပြုလိုပါတယ်။ နောက်တစ်ခု အကြံပြုလိုတာကတော့ မြေပြန့်ဒေသမှ ဘွဲ့မရရှိသေးသော ဆရာဆရာများအား ၎င်းတို့နှင့်အလှမ်းဝေးသည့်ဒေသများတွင် တာဝန်ပေးခြင်းကိုလည်း စဉ်းစားပေး ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘွဲ့မရရှိသေးသည့် ဆရာဆရာမများအား ဝေးလံသည့် တောင်ပေါ်ဒေသများသို့ စေလွှတ်ပါက တာဝန်ကျသည့်ဒေသ၊ ကျောင်းသို့ရောက်ရှိပြီး တစ်လနှစ်လ လောက်မှာဖြင့် အဝေးသင်တက်ရန် ပြန်ဆင်းသွားရပါတယ်။ တစ်ခါတလေ တာဝန်ကျဆရာဆရာမ များအားလုံးက အဝေးသင်တက်ရမည်ဆိုပါက ကျောင်းပိတ်ထားပြီး ပြန်သွားရတာကို တွေ့ရှိနေရပါ တယ်။ နောက်မှာကျန်ခဲ့တဲ့ ဒေသခံကလေးများအတွက် မည်မျှနစ်နာမည်ကို မစဉ်းစားဘဲ သူတို့ရဲ့ ဘွဲ့ရ ရှိရေးကိုသာ အဓိကစဉ်းစားတဲ့အတွက် ကလေးတွေဟာ အချိန်ပြည့်စာသင်ကြားနေခြင်းမရှိသည့် အတွက် ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ၊ မိဘများက ပူပင်သောကရောက်ရပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ ဒီကလေးတွေကတော့ ဘွဲ့မရရှိသေးတဲ့ ဆရာဆရာမတွေ စေလွှတ်လိုက်တဲ့အတွက် သူတို့က အဝေးသင်တက်ရမယ့်အချိန်မှာ ပြန်ဆင်းသွားလို့ ကျောင်းပိတ်ထားရတဲ့အချိန်ကျတော့ ကလေးတွေကလမ်းပေါ်ရောက်နေတဲ့ ကလေး တွေဖြစ်ပါတယ်။ ဒီဆရာဆရာမတွေကတော့ ဝေးလံခက်ခဲတဲ့ဒေသမှာ တာဝန်ထမ်းဆောင်ပြီးမှ သွားနေရတဲ့အချိန်ကျတော့ သူတို့အတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေ၊ အစားအသောက် အခက်အခဲတွေ၊ ရာသီဥတုအခက်အခဲတွေနဲ့ ကြုံနေရတာတွေ့ရှိနေရပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေသခံဘွဲ့ရမရှိပါက ၁၀ တန်းအောင်များ ခန့်ထားပေးရန် လိုပါတယ်။ ဒေသခံဆရာဆရာမ မရှိသည့်ကျောင်းသည် ကျောင်းဖွင့်ချိန်အမီ ကျောင်းတက်နိုင်သော်လည်း ဒေသခံဆရာဆရာမများ မရှိသည့်ကျောင်းများသည် ကျောင်းဖွင့်ချိန်အမီ ကျောင်းများသင်ကြားနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါ တယ်။ နောက်တစ်ခုက ဆရာဆရာမအပြောင်းအရွှေ့အား စာသင်နှစ်ပြီးချိန်တွင်သာ ပြုလုပ်ပေးရန်

လိုအပ်ပါတယ်။ စာသင်နှစ်မပြီးဘဲ ကြားကာလတွင် အပြောင်းအရွှေ့ပြုလုပ်ပါက အစားထိုးရောက်ရှိလာမည့် ဆရာဆရာများ အချိန်မီမရောက်ရှိသည့်အတွက် ကြန့်ကြာနေရပါသဖြင့် ဒေသခံကလေးများပညာရေးတွင် များစွာနစ်နာဆုံးရှုံးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရင်ဆုံးပြုပြင်ရမှာက သင်မည့်ဆရာဆရာမတွေရဲ့ စိတ်နေစိတ်ထားဖြစ်တွေကို တွေ့ရှိနေရပါတယ်။ ဒါကိုမပြင်ဘဲ ဘယ်လိုပညာရေးစနစ်မျိုးကိုမှ ရှေ့မတိုးနိုင်ပါဘူး။ ဆရာတစ်ယောက်ဟာ စာတတ်ရုံနှင့်မပြီးဘဲ ကလေးတွေကို ဘယ်လိုဆက်ဆံကိုင်တွယ်ရမလဲဆိုတဲ့ စိတ်ပညာမျိုးကိုပါ သိရှိထားရန်လိုပါတယ်။ သင်ကြားမည့် ဆရာဆရာမများက တစ်ဦးချင်းစီရဲ့ စိတ်အခြေအနေကို ကြည့်ပြီး ကိုင်တွယ်ရမှာဖြစ်ပါတယ်။ ကြိမ်လုံးသုံးပြီး အတန်းကိုငြိမ်အောင် ထိန်းနိုင်တာဟာ ပညာရေးစနစ်ကို တိုးတက်လာနေသည်ဟု ပြောဆို၍မရပါ။ ဒါကြောင့် အခြေခံပညာ ဆရာဆရာမများ ရွေးချယ်ခန့်ထားရာ၌ တိုင်းရင်းသားဒေသများတွင် ဘွဲ့ရမရှိပါက ၁၀ တန်းအောင်ဒေသခံတိုင်းရင်းသားများအား ဦးစားပေးခန့်ထားပေးနိုင်ပါက ပိုမိုထိရောက်အောင်မြင်မှုရရှိနိုင်ပါကြောင်း အကြံပြုဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးအပါအဝင်အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ သံဖြူဇရပ်မဲဆန္ဒနယ်က ဦးဉာဏ်ဟိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တိုင်းရင်းသားဒေသတွေကို ရည်ရွယ်ဦးတည်ပြီး မူလတန်းပြဆရာဆရာမများခန့်ထားရေး၊ တိုင်းရင်းသားကျေးရွာဒေသခံဘွဲ့ရတွေကို ဦးစားပေးခန့်ထားပေးနိုင်ရေး အဓိကတိုက်တွန်းထားတာ ဖြစ်ပါတယ်။ တိုင်းရင်းသားဒေသခံမဟုတ်တဲ့ ကျောင်းဆရာဆရာမတွေအတွက် တိုင်းရင်းသားဒေသတွေမှာ တာဝန်ထမ်းဆောင်ဖို့ဆိုရင် ဒေသခံတို့ရဲ့ ဘာသာစကားနားလည်တတ်ကျွမ်းမှုမရှိတဲ့အခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ နေထိုင်စားသောက်မှုခက်ခဲခြင်း၊ ရာသီဥတုအခြေအနေဆိုးရွားခြင်း စတဲ့အခက်အခဲများစွာ ရှိပါတယ်။ ဒီလိုခက်ခဲတဲ့ဒေသတွေမှာ ပါဝင်ထမ်းဆောင်နိုင်ဖို့ ဆရာဆရာမဝန်ထမ်းအဖြစ်နဲ့ ရေရှည်အတည်တကျနေနိုင်ဖို့ဆိုတာ သာမန်ခံယူချက်လောက်နဲ့တော့ မဖြစ်နိုင်

ပါဘူး။ ကျွန်တော်တို့ရဲ့မဲဆန္ဒနယ်နဲ့ပဲ နှိုင်းယှဉ်ချိန်ထိုးပြရမယ်ဆိုရင် ပြီးခဲ့တဲ့နှစ်များအတွင်း ကျောင်းဆရာဆရာမများ နေ့စားလပေးခန့်ထားရေး အလုပ်ခေါ်ယူရာမှာ ရာခိုင်နှုန်းတော်တော် များများက ဒေသခံမဟုတ်တဲ့ နီးစပ်ရာတိုင်းဒေသကြီးက ဘွဲ့ရတွေကိုရွေးချယ်ခန့်ထားခဲ့ပါတယ်။

ဒေသခံတွေအနေနဲ့ ဘွဲ့ရဦးရေနည်းပါးတာကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ခေါ်ယူခန့်ထားမှုရဲ့ ၂၅ ရာခိုင်နှုန်းနဲ့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ကျောင်းဆရာဆရာမတွေနေရာ ကို ရခဲ့ကြပါတယ်။ ကျွန်တော်တို့ဒေသအခြေအနေအရ သုံးသပ်ရမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူတဲ့ လူမှုစီးပွားဘဝ အစစအရာရာအဆင်ပြေတဲ့ ဒေသမှာနေထိုင်ကြတဲ့သူတွေ ခက်ခဲကြမ်းတမ်းတဲ့တိုင်းရင်းသားဒေသတွေမှာ ကျောင်းဆရာဆရာမဘဝနဲ့ ရေရှည်နေထိုင်တာဝန် ထမ်းဆောင်နိုင်ဖို့ဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ တိုင်းရင်းသားဒေသတွေရဲ့ ကျောင်းဆရာ လိုအပ်ချက်တွေကို နှစ်စဉ်ဖြည့်ဆည်းခန့်ထားပေးခဲ့ပေမဲ့လည်း ဒေသခံတွေကို အဓိကခန့်ထားခဲ့တာ မဟုတ်တဲ့အတွက် တိုင်းရင်းသားဒေသတွေကခန့်ထားတဲ့ ဆရာဆရာမတွေဟာ သုံးနှစ်၊ လေးနှစ် အထိတောင် ခက်ခဲမှုကို ရင်ဆိုင်ကြပြီး မိမိရဲ့မူရင်းဒေသတွေကို ပြောင်းရွှေ့ဖို့ နည်းမျိုးစုံသုံးပြီး အစုလိုက်၊ အပြုံလိုက် ပြောင်းရွှေ့သွားကြပါတော့တယ်။

ဒီတော့ ခက်ခဲတဲ့တိုင်းရင်းသား ကျေးလက်ကျောင်းတွေမှာ ကျောင်းဆရာလိုအပ်ချက်ကတော့ ဒုန်ရင်းဒုန်ရင်းပဲဖြစ်သွားတာတွေကို လက်တွေ့ တွေ့မြင်နေရပါတယ်။ ဒါ့အပြင် တိုင်းရင်းသားဒေသ ကျေးလက်နေ ကျောင်းနေအရွယ်ကလေးတွေဟာ မိခင်ဘာသာစကားကလွဲလို့ အခြားမည်သည့် ဘာသာစကားမှ မတတ်ကျွမ်းကြပါဘူး။ ဒီတော့ သူတို့တွေကို သင်ကြားမယ့်ဆရာဆရာမတွေ ဒေသ ဘာသာစကားကို နားမလည်ဘူးဆိုရင် သင်ကြားသင်ယူမှုအခက်အခဲတွေ များစွာဖြစ်ပေါ်စေနိုင်ပါ တယ်။ အဆိုရှင်တိုက်တွန်းချက်အတိုင်း ဒီအခက်အခဲတွေကို အဆင်ပြေစေဖို့အတွက် မူရင်း တိုင်းရင်းသားကျေးလက်နေဘွဲ့ရတွေကို ဦးစားပေးခန့်ထားပေးဖို့၊ ရွေးချယ်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှသာ တိုင်းရင်းသားဒေသတွေရဲ့ ဆရာဆရာမလိုအပ်ချက်နဲ့ မလိုလားအပ်တဲ့ ကျောင်းဆရာများ အစုလိုက် အပြုံလိုက်ပြောင်းရွှေ့လိုခြင်းဘေးမှ ကင်းဝေးမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ချင်းပြည်နယ်၊ ဟားခါးပညာရေးကောလိပ်မှာ အကြိုမူလတန်းဆရာအတတ်သင်ပညာသင်တန်း(PPTT) (၆/၂၀၁၉) ရွေးချယ်ခန့်ထားတဲ့စာရင်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒေသခံဖြေဆိုလျှောက်ထားခဲ့တဲ့သူတွေ က ၁၁၅၁ ဦးရှိပြီးတော့မှ ရွေးချယ်ခန့်ထားခံရတာကတော့ ၁၈၈ ဦးဖြစ်ပါတယ်။ ဒေသခံတွေကို

ရွေးချယ်ခန့်ထားတာကတော့ ၅၆ ဦးပဲ ခန့်ထားတာတွေ့ရပါတယ်။ ဒီမှာကျွန်တော်တို့ဒေသခံတွေ အနေနဲ့ ၃၀ ဦးကပဲ ဒေသခံတွေအဖြစ်ရွေးချယ်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

ဒီဟာကတော့ မြို့နယ်အလိုက် ၂၀၁၉ ခုနှစ် ဟားခါးပညာရေးကောလိပ်အတွက် PPTT ရွေးချယ်မှုစာရင်းဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့မြို့နယ်အလိုက်မှာကြည့်မယ်ဆိုရင် ဒေသခံဦးရေ ခန့်ထားမှု ၃၀ ရာခိုင်နှုန်းက အလွန်နည်းပါးတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ကန်ပက်လက်မြို့နယ်မှာဆိုရင် ၁၂ ယောက်ခန့်ထားတဲ့နေရာမှာ ကျွန်တော်တို့ဒေသခံဦးရေက သုည ဖြစ်နေပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ဒေသမှာ ဦးစားပေးခန့်ထားဖို့လိုအပ် နေပြီဆိုတာ သုံးသပ်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒေသခံတိုင်းရင်းသားဘွဲ့ရများဆိုတဲ့နေရာမှာလည်း တက္ကသိုလ်ဝင်တန်းအောင်မြင် ပြီး အဝေးသင်ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ်ရှိတဲ့ အသက်ပြည့်မီတဲ့သူတွေကိုလည်း ဒေသခံ ဖြစ်ခြင်းအပေါ်အခြေခံပြီး ဦးစားပေးအစီအစဉ်အနေနဲ့ ဖြေလျှော့စဉ်းစားခန့်ထားပေးဖို့လည်း လိုအပ်တာ ဖြစ်ပါတယ်။ ဒါမှသာ ဒေသခံကျောင်းဆရာဆရာမများဦးရေပိုမိုများပြားလာမှာဖြစ်ပြီး ဒေသအတွင်း သင်ကြားသင်ယူမှုအပိုင်းတွေမှာ ဘာသာစကားကျွမ်းကျင်မှု၊ တာဝန်ကျရာဒေသတွေရဲ့ ရှိရင်းစွဲရိုးရာဓလေ့စရိုက်တွေကို ကြိုတင်နားလည်သိရှိမှု၊ ဒေသရဲ့အခက်အခဲများဖြစ်တဲ့ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှု၊ နေထိုင်စားသောက်ရေးခက်ခဲမှု အစရှိတဲ့အခက်အခဲတွေကို ဒေသခံ တိုင်းရင်းသားများကသာ ရင်ဆိုင်ကျော်လွှားနိုင်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ အခြေခံပညာ မူလတန်းသင်ကျောင်းဆရာဆရာမများ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာ များ၊ ကျောင်းများ၏လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသားတိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးလေး နက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး ဖြစ်ပါတယ်။ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့အဆိုကို အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် လျက်ရှိရာ ၂၀၁၂ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)ကို စတင်အကောင်အထည်ဖော်ခဲ့ပြီးနောက် လုပ်ငန်းဆောင်ရွက်နိုင်ရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို ရေးဆွဲခဲ့ပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ပညာရေးမူဝါဒများရေးဆွဲထားရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါ့အပြင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်းစနစ် ချမှတ်အကောင်အထည် ဖော်လျက်ရှိပြီး ဦးစားပေးလုပ်ငန်းများထဲတွင် နိုင်ငံသားတိုင်းအနည်းဆုံးမူလတန်းပညာကို သင်ယူ ပြီးမြောက်ပြီး အလယ်တန်းပညာနှင့်အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင် အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသောကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိကလေးများ စသည့်ကလေးများအတွက် အလေးထားသည့်ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းတိုင်းရင်းသားကလေးငယ် များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာ စကားသင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအပါအဝင် တိုင်းရင်းသားဘာသာစကား နှင့် ယဉ်ကျေးမှုကိုမြှင့်တင်ပေးရန် ဆောင်ရွက်ခြင်းတို့ပါဝင်တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် တိုင်းရင်းသားများနေထိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်များ ရှိ ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာနေထိုင်တဲ့ တိုင်းရင်းသားများဟာ ၎င်းတို့ရဲ့မိခင်ဘာသာစကားကိုပဲ ပြောဆိုကြပါတယ်။ ၎င်းဒေသရှိကလေးများဟာ မူလတန်းပညာကိုသင်ကြားရတဲ့အခါမှာ သင်ရိုး ညွှန်းတမ်းများဟာ မြန်မာဘာသာနဲ့ရေးသားထားတဲ့အပြင် သင်ကြားပေးသော ဆရာဆရာမများ အနေနဲ့လည်း တိုင်းရင်းသားဘာသာစကားကို နားလည်တတ်ကျွမ်းမှုအားနည်းသည့်အတွက် ကလေး များနားလည်အောင် သင်ကြားပေးနိုင်မှုမရှိသလို ကလေးများသင်ယူတတ်မြောက်မှု အားနည်းချက်

ရှိတာ ဖြစ်ပါတယ်။ သင်ကြားသည့် ဆရာဆရာမများအနေဖြင့်လည်း အခက်အခဲ ဖြစ်ရပါတယ်။ ကိုယ်ပြောတဲ့စကား သူနားမလည်၊ သူပြောတဲ့စကား ကိုယ်နားမလည်ဖြစ်တဲ့အတွက် သင်ကြား အောင်မြင်နိုင်မှုနည်းပါးကြောင်း သုံးသပ်ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယခုသင်ကြားနေတဲ့ KG+12 ပညာရေးစနစ်ဟာ ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်ဖြစ်ပြီး ဆရာဆရာမများက ကျောင်းသားကိုယ်တိုင် စဉ်းစားတွေးခေါ်ကြံဆ တတ်ရန်၊ တီထွင်ကြံဆတတ်ရန်၊ ဆုံးဖြတ်တတ်ရန်၊ နှိုးဆွပေးခြင်းဖြင့် Guideline ပေး လေ့ကျင့်သင်ကြား ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုသင်ကြားပေးရာမှာ တိုင်းရင်းသားဒေသရှိ မူလတန်းအရွယ်ကလေးများ အနေဖြင့် ၎င်းတို့ ကျွမ်းကျင်တတ်မြောက်မှုမရှိတဲ့ ဘာသာစကားဖြင့် ၎င်းတို့၏ တွေးဆဆင်ခြင် ယူဆချက်များ၊ ၎င်းတို့၏အရည်အသွေးများ ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားရာတွင် ပေါ်လွင်အောင်၊ တိကျအောင် ပြောဆိုနိုင်မှုအားနည်းမှာဖြစ်ပြီး သင်ကြားပေးတဲ့ဆရာဆရာမများအနေ ဖြင့်လည်း Guideline ပေးလေ့ကျင့်ပေးမှုများကို သင်ကြားနေသည့်တိုင်းရင်းသားကလေးများ နားလည်အောင် ရှင်းပြနိုင်မှုအားနည်းမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဒေသခံတိုင်းရင်းသား ဆရာဆရာမ များဖြစ်ပါက ဘာသာစကားတူတဲ့အတွက် တိုင်းရင်းသားကလေးများ၏ သဘောသဘာဝ၊ လူမှုရေး အခြေခံ၊ ပတ်ဝန်းကျင်၊ စိတ်နေစိတ်ထားကိုနားလည်ပြီး ကလေးများ၏စဉ်းစားတွေးခေါ်ကြံဆမှုကို ထိရောက်စွာ လှုံ့ဆော်ပေးပြီး ပညာရေးရည်မှန်းချက်ပေါက်မြောက်စေရန် ကလေးများနားလည်အောင် ရှင်းပြနိုင်မှာဖြစ်တဲ့အတွက် ကလေးများရဲ့အရည်အသွေး ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဝန်ထမ်းများရဲ့လစာက စားဝတ်နေရေး၊ စရိတ်စက များနှင့်နှိုင်းယှဉ်ပါက အင်မတန်နည်းပါးပါတယ်။ ဝေးလံခေါင်ဖျားတဲ့ဒေသမှာ သွားရောက်တာဝန် ထမ်းဆောင်တဲ့ ဆရာဆရာမများအနေဖြင့် ခရီးစရိတ်ကြီးမှု၊ သွားရေးလာရေးခက်ခဲမှု၊ အစား အသောက်ရှားပါးမှု၊ ကျန်းမာရေးအတွက် ခက်ခဲမှု၊ ငွေကြေးမလောက်ငှမှုများကြောင့် သတ်မှတ်ကာလ ပြည့်တဲ့အချိန်မှာ ၎င်းတို့အတွက် အဆင်ပြေနိုင်မည့်ဒေသကို ပြန်လည်ပြောင်းရွှေ့ကြပါတယ်။ အဲဒီလို ပြန်လည်ပြောင်းရွှေ့တဲ့အခါမှာ လစ်လပ်သွားတဲ့ဆရာဆရာမများကိုယ်စား အချိန်မီအစားထိုး ဖြည့်ဆည်းပေးနိုင်တဲ့အတွက် ကလေးများစာသင်ကြားမှုမရှိတော့ဘဲ သတ်မှတ်နှစ်ကာလအလိုက် တတ်ကျွမ်းရမည့်သင်ခန်းစာများကို တတ်ကျွမ်းမှုမရှိတော့တဲ့အပြင် တန်းစဉ်ကူးပြောင်းသင်ကြားရာမှာ လည်း စာမလိုက်နိုင်တဲ့အတွက် အချို့ဟာ စာသင်ကြားရန် စိတ်ပါဝင်စားမှုမရှိတော့ဘဲ ကျောင်းထွက်မှု များရှိကြတယ်လို့ သိရှိရပါတယ်။ ဒီလိုဒေသတွေမှာ ဒေသခံတိုင်းရင်းသားဆရာဆရာမများအား

ခန့်ထားပါက တင်ပြခဲ့တဲ့အခက်အခဲများ ပြေလည်နိုင်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသခံတိုင်းရင်းသားဘွဲ့ရလူငယ်များခန့်ထားရေးမှာ အခက်အခဲရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ လက်ရှိအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းဆရာမများအနေဖြင့် မိမိဒေသတွင် ပြန်လည်တာဝန်ထမ်းဆောင်ပြီး တိုင်းရင်းသားကလေးငယ်များကို ပညာသင်ကြားပေးလျက်ရှိကြပါတယ်။ ၎င်းကျောင်းဆင်းဆရာမများအနေဖြင့်လည်း မိမိတိုင်းရင်းသားဘာသာဖြင့် သင်ကြားနိုင်တဲ့အတွက်ကြောင့် အခက်အခဲနည်းပါးနိုင်သော်လည်း တိုင်းရင်းသား ဒေသတွင်ဖြစ်ပေါ်နေတဲ့ ဆရာဆရာမအခက်အခဲအား လုံလောက်အောင်ဖြည့်ဆည်းပေးနိုင်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိစတင်ကျင့်သုံးနေတဲ့ KG+12 ပညာရေးစနစ်မှာ ယခင်စနစ်ဟောင်း ပညာရေးစနစ်သင်ကြားမှုပုံစံနှင့် ကွဲလွဲပါတယ်။ အတန်းစဉ်အလိုက် သင်တန်းတက်ထားတဲ့ ဆရာဆရာမမဟုတ်ပါက သင်ကြားရေးမှာ အခက်အခဲဖြစ်နိုင်ပါတယ်။ တိုင်းရင်းသားဒေသရှိကျောင်းများမှ ဆရာဆရာမများအနေဖြင့် ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ အခြားလူမှုရေးကိစ္စများကြောင့်သော်လည်းကောင်း၊ ခွင့်ရက်ရှည်ယူသည့်အခါမှာ ကျောင်းဆရာဆရာမများနေရာ အစားထိုးခန့်အပ်နိုင်မှုမရှိတဲ့အတွက် ကလေးများဟာ ကျောင်းခေါ်ချိန်အတိုင်း၊ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားရခြင်း မရှိတော့တာကြောင့် ကလေးများရဲ့ ပညာရည်တိုးတက်မှုကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် သင်ကြားရေးအတွက် အခက်အခဲဖြစ်ပေါ်သည့်ကျောင်းများအား ချက်ချင်းအစားထိုးသင်ကြားနိုင်ရေး မြို့နယ်အလိုက် သီးခြားစောင့်ကြည့်ရေးအတွက် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုပါ တိုင်းရင်းသားဘွဲ့ရလူငယ်များအား ခန့်အပ်မည်ဆိုပါကလည်း လက်ရှိတိုင်းရင်းသားဘွဲ့ရလူငယ်များအား ပညာရေးစနစ်ဟောင်းဖြင့် ဘွဲ့ရတဲ့သူများဖြစ်တဲ့အပြင် ယခုသင်ကြားနေတဲ့ KG+12 ပညာရေးစနစ်ဖြင့် နီးစပ်မှုမရှိတဲ့အတွက် လက်ရှိပညာရေးစနစ်ပါ မူလတန်းအဆင့်အားလုံးကို သင်ကြားနိုင်ရေးအတွက် အထူးအစီအစဉ်ဖြင့် သင်တန်းဖွင့်လှစ်သင်ကြားပေးပြီးမှသာ ခန့်အပ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းကပဲ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညာဏ်ဟိန်းမှတင်သွင်းသော အခြေခံပညာမူလတန်းသင်ဆရာဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား/တိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေးမူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာသင်နှစ်အလိုက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ(D.T.Ed) ဒီပလိုမာသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှ ဝင်ခွင့်လျှောက်ထားစေပြီး ၎င်းလျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ်များအား မြို့နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကြီးစဉ်အရ ရွေးချယ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ ပညာရေးကောလိပ်များတွင် တက်ရောက်ခွင့်ပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများကို လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)ဝင်ခွင့်စာမေးပွဲကို ဖြေဆိုစေပြီး ၎င်းဖြေဆိုသူများအား တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် အလိုက် စာမေးပွဲရမှတ် ကြီးစဉ်အရ ရွေးချယ်ပြီး သက်ဆိုင်ရာပညာရေးကောလိပ်များတွင် တက်ရောက်ခွင့်ပြုခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ D.T.Ed နှင့် PPTT သင်တန်းများသို့ တက်ရောက်ကြမည့် ကျောင်းသူကျောင်းသားများ အတွက် ရွေးချယ်ခြင်းမူများနှင့်အညီ ဆောင်ရွက်ပြီး D.T.Ed သင်တန်းအတွက် ရွေးချယ်ရေးမူတွင်

ဝေးလံခက်ခဲသောဒေသများရှိ တိုင်းရင်းသား/တိုင်းရင်းသူများအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ ထောက်ခံတင်ပြသည့် ပညာရေးကောလိပ်ဝင်ဆံ့ဦးရေ၏ ၁၀ ရာခိုင်နှုန်းကို ရွေးချယ်ခဲ့ပါတယ်။ PPTT သင်တန်းအတွက် ဘွဲ့ရတိုင်းရင်းသား/တိုင်းရင်းသူများကို သီးခြားရာခိုင်နှုန်းဖြင့် ရွေးချယ်ရေး မူသတ်မှတ်၍ ဆောင်ရွက်ခြင်းမရှိသော်လည်း တိုင်းရင်းသားများနှင့် ဝေးလံခက်ခဲသော ဒေသအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တင်ပြလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လက်ခံရွေးချယ်ခြင်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။

သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အလိုက် ဒေသခံများမှ ဝင်ရောက်လျှောက်ထားပြီး ၎င်းတို့အပေါ် ရွေးချယ်ခန့်ထားနိုင်ရင် ကိုယ်စားလှယ်တော်ကြီးများတင်ပြနိုင်သကဲ့သို့ ဆရာဆရာမများ၊ အပြောင်းအရွှေ့လုပ်ငန်းများ ဆောင်ရွက်မှုနည်းပါးသွားခြင်း၊ တိုင်းရင်းသားဒေသများတွင် ဒေသခံတိုင်းရင်းသားကလေးသူငယ်များကို တိုင်းရင်းသားဆရာဆရာမများက သင်ကြားပေးခြင်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုအဆင်ပြေအောင်မြင်စွာ ဖြစ်ထွန်းနိုင်မယ့်အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒေသခံတိုင်းရင်းသားများအား ထည့်သွင်းစဉ်းစားပေးခြင်းသည် လက်ရှိအခြေအနေတွင်လည်း အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအဆိုမှာပါတဲ့ ဆရာဆရာမရွေးချယ်ခန့်ထားရာမှာ ထိုဒေသရှိ ဘွဲ့ရတိုင်းရင်းသား/တိုင်းရင်းသူများကို ဦးစားပေးခန့်ထားရေးဆိုတဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးတော်တော်များများ အားလုံးနီးပါးဟာ ထောက်ပြဆွေးနွေးသွားတာရှိပါတယ်။ ဒေသခံဖြစ်ရုံနဲ့မကပါဘူး။ သတ်မှတ်အရည်အချင်းရှိသူ ဖြစ်ရပါမယ်။ သတ်မှတ်ဆရာဖြစ်သင်တန်းများတက်ရောက်ပြီးသူ ဖြစ်ရပါမယ်။ ဒီလိုအရည်အချင်းနဲ့ ပြည့်စုံတဲ့အခါမှာ ဒေသခံဘွဲ့ရများကိုဦးစားပေးပြီး ဆောင်ရွက်ဖို့လည်း ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်ဟိန်း အဆိုတင်သွင်းတဲ့ အခြေခံပညာမူလတန်းသင်ဆရာဆရာမများရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်းများ၏လိုအပ်ချက်အလိုက် ထိုဒေသကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသားတိုင်းရင်းသူများကို ဦးစားပေးခန့်ထားရေး မူဝါဒတစ်ရပ်ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာနမှ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**မှုကြမ်း**

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါ။ ရှေးဦးစွာ ယခုအဆိုကို အားတက်သရောဆွေးနွေးပေးကြကုန်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်ဝင်တစားနားစိုက်ထောင်ပေးကြကုန်သော လွှတ်တော်ကိုယ်စားလှယ်များ၊ အနယ်နယ်အရပ်ရပ်မှ ရုပ်သံဖန်သားပြင်ရှေ့မျှော်လင့်တကြီးကြည့်ရှုအားပေးနေကြသော တိုင်းရင်းသားပြည်သူများ အတည်ပြုရန်ဆန္ဒပြုသော ပညာရေးပြည်ထောင်စုဝန်ကြီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အဆို၊ မေးခွန်းများအတွက် စာစီစာရိုက်ကူညီပေးပါသော ရွှေပါရမီတောရဆရာတော်ဘုရားနှင့် လုပ်အားပေးဒကာ၊ ဒကာမများ၊ ဒါရိုက်တာကြည်ဖြူသျှင်နှင့် လုပ်အားပေးကူညီသူများအားလုံးကို ရင်ထဲနှလုံးသားထဲကနေပြီးတော့ လှိုက်လှဲစွာကျေးဇူးတင်အပ်ပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုကို ကျွန်တော်တို့အားလုံးသည် တိုင်းရင်းသားကလေးငယ်တို့၏အကျိုးစီးပွားအတွက် ညီညွတ်စွာအတည်ပြုနိုင်တော့မှာဖြစ်ပါတယ်။ အဆိုတင်စဉ်ကဖော်ပြသလိုအကျိုးငါးချက်ရတော့မှာဖြစ်၍ ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကျွန်တော်လည်းထပ်တူစွာ အတည်ပြုပေးရန်ဆန္ဒပြုပါကြောင်းနှင့် ဥက္ကဋ္ဌကြီးမှအတည်ပြုကြောင်း ကြေညာသည့်အခါဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကြီးရဲ့ မှတ်တမ်းကောင်းကိုစိုက်နိုင်သည်ကို ဂုဏ်ပြုသောအားဖြင့်လက်ခုပ်သြဘာတီးခွင့်ပြုပါရန်နှင့် တီးပေးကြပါရန် လေးစားစွာပန်ကြားရင်း ကျွန်တော်ရဲ့သဘောထားကို ပြန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောထားက ဦးညာဏ်ဟိန်းတင်သွင်းသွားတဲ့ဟာ ဝန်ကြီးရဲ့သဘောထားနဲ့တစ်ထပ်တည်းဖြစ်တယ်ဆိုတာ မှန်ကန်ပါလား။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ထည့်ပြောပါတယ်ခင်ဗျား။ အတည်ပြုပေးဖို့ပါပါပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်ကတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနကအဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဉာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၀။**


**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကို ၁၄း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]


# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ (၅.၆.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Hla Kyaw



U Khin Maung Thi

pyithu.hluttaw.mm


U Hla Kyaw



Dr Than Aung Soe

pyithu.hluttaw.mm


U Hla Kyaw



U Kyaw Min

pyithu.hluttaw.mm


U Hla Kyaw


U Tun Tun


pyithu.hluttaw.mm


U Kyaw Myo


U Kyaw Aung Lwin

pyithu.hluttaw.mm


U Kyaw Myo


U Maung Maung

pyithu.hluttaw.mm


U Kyaw Myo


U Nyan Hein

pyithu.hluttaw.mm


U Kyaw Myo


Daw Tin Tin Yee

pyithu.hluttaw.mm



U Kyaw Myo



U Ohn Khin

pyithu.hluttaw.mm



U Kyaw Myo



U Thant Zin Tun

pyithu.hluttaw.mm



U Win Maw Tun



U Tin Aye

pyithu.hluttaw.mm



U Win Maw Tun



U Khon Than Htoo

pyithu.hluttaw.mm



U Win Maw Tun



U Sai Tun Sein

pyithu.hluttaw.mm



U Win Maw Tun



Daw Aye Mya Mya Myo

pyithu.hluttaw.mm



U Win Maw Tun



U Nay  Linn Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်